# ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ (2-9-2015) (၈၃၁၁)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗီယက်နမ်နိုင်ငံ အမျိုးသားနေ့သဝဏ်လွှာများပေးပို့

**နေပြည်တော် စက်တင်ဘာ ၂**

၂၀၁၅ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် ကျရောက်သော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ နှစ် (၇၀) ပြည့် အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာကျူးသန်စန်း ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် ကျရောက်သော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ နှစ် (၇၀)ပြည့် အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**



## ငြိမ်းချမ်းရေးဖြစ်စဉ်သည် မြန်မာနိုင်ငံသားတိုင်းနှင့် သက်ဆိုင်သည့်ကိစ္စဖြစ်

**နိုင်ငံတော်သမ္မတပြောကြားသည့် ရေဒီယိုမိန့်ခွန်း**
**(၁-၉-၂၀၁၅)**

**မိဘပြည်သူများခင်ဗျား -**

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေများကို မိဘပြည်သူများထံ ရေဒီယိုကနေတစ်ဆင့် အသိပေးပြောကြားနေကျဖြစ်တဲ့အတိုင်း ဩဂုတ်လ အတွင်း မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုများကို ပြောကြားရခြင်းဖြစ်ပါတယ်။

ဇူလိုင်လနဲ့ ဩဂုတ်လအတွင်း ပြည်နယ်နဲ့ တိုင်းဒေသကြီးအချို့မှာ ရေကြီးရေလျှံတဲ့အန္တရာယ်ကို ဆိုးဆိုးရွားရွား ရင်ဆိုင်ကြုံတွေ့ခဲ့ရပါတယ်။ အခု ရင်ဆိုင်ကြုံတွေ့ခဲ့ရတဲ့ ရေလွှမ်းမိုးမှုဖြစ်စဉ်တွေကို ရင်ဆိုင်တုံ့ပြန်ရာမှာ ကျွန်တော်တို့နိုင်ငံအနေနဲ့ အတွေ့အကြုံနဲ့ အရင်းအမြစ်မလုံလောက်မှုတွေ ကြားကပဲ ပြည်သူလူထုတစ်ရပ်လုံးရဲ့ စိတ်ဓာတ်ခွန်အားနဲ့ အကောင်းဆုံး ရင်ဆိုင်ခဲ့ရခြင်းဖြစ်ပါတယ်။ တိုင်းပြည်မှာ အခက်အခဲကြုံတဲ့အခါ နိုင်ငံသား အချင်းချင်း ကူညီရိုင်းပင်းမှုဆိုတဲ့ မြန်မာ့ဓလေ့ကို ဒီဖြစ်စဉ်မှာ ဂုဏ်ယူစွာ တွေ့မြင်ခဲ့ရပါတယ်။ အထူးသဖြင့်တော့ တိုင်းပြည်အပေါ်မှာ အစဉ်တာဝန်ကျေခဲ့တဲ့ လူငယ်ထုတွေရဲ့အခန်းကဏ္ဍကို တွေ့မြင်ခဲ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံ ရင်ဆိုင်ခဲ့ရတဲ့ ရေကြီးရေလျှံမှုဖြစ်စဉ်မှာ တစ်တိုင်းပြည်လုံး အတိုင်းအတာနဲ့ နီးကြားစွာပါဝင်လာဖို့အတွက် လူငယ်တွေဟာ သူတို့တတ်နိုင်တဲ့အတိုင်းအတာ အတွင်းကနေ စိတ်ကူးစိတ်သန်းအသစ်တွေနဲ့ မမောနိုင်မပန်းနိုင် ကြိုးပမ်းလှုံ့ဆော်ခဲ့ကြပါတယ်။ တစ်ဆက်တည်းမှာပဲ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ တပ်မတော်တပ်ရင်းတပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❍

## ဖောင်းပြင်နှင့် မော်လိုက်မြို့များ စိုးရိမ်ရေမှတ် ရောက်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၁**

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်တွင် ရောက်ရှိနေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခန့်တွင် ရောက်ရှိနေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ဖောင်းပြင်မြို့နယ်နှင့် မော်လိုက်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားကြောင်း သိရသည်။ **(ကြေးမုံ)**

## ခေါင်းဆောင်များနှင့် တာဝန်ရှိသူတို့ပြောသော လမ်းပန်းဆက်သွယ်ရေးလွယ်ကူမှုမှသည် နိုင်ငံဖွံ့ဖြိုးမှုဆီသို့

**သတင်းအင်တာဗျူး - ညီညီထွန်း၊ ရဲခေါင်ညွန့်၊ ဓာတ်ပုံ - ဖိုးထောင်**

ဩဂုတ် ၃၀ ရက်က ဒေါနတောင်ပတ်ကားလမ်းသစ် ကော့ကရိတ်-သဃ်န်းညီနောင်-မြဝတီလမ်းကို ဖွင့်လှစ်နိုင်ခဲ့သည်။ ကော့ကရိတ်-သဃ်န်းညီနောင်-မြဝတီလမ်းသည် အာရှလမ်းမကြီး (အာဆီယံအဝေးပြေးလမ်းမကြီး) အတွင်း ပါဝင်ပြီး နိုင်ငံ ၃၂ နိုင်ငံနှင့် ဆက်စပ်လျက်ရှိသည်။ အဆိုပါလမ်းမကြီး ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် ယခင်က ကော့ကရိတ်မှ မြဝတီသို့သွားသည့် တောင်ပေါ်လမ်းဟောင်းတွင်ကြုံရသော အခက်အခဲများကို ကျော်လွှားနိုင်ပေတော့မည်။ ကော့ကရိတ်မှ မြဝတီသို့သွားသည့် တောင်ပေါ်လမ်းဟောင်းသည် တောင်ခါးပန်းနှင့် တောင်နံရံများကို ဖောက်လုပ်ထားခြင်းကြောင့် အတက်တစ်ရက်၊ အဆင်းတစ်ရက်စနစ်ဖြင့်သာ သွားလာခဲ့ရသည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ❖



ဒုတိယသမ္မတ ဦးညာဏ်ထွန်း။

## မြို့ပတ်ရထားကို အခြေခံလူတန်းစားများသာမက အားထားစီးနင်းသူများပြားလာ



ရန်ကုန်မြို့ပတ်ရထားခရီးစဉ်များကို အခြေခံလူတန်းစားများသာမက ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများပါ အားထားစီးနင်းမှု များပြားလာကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ သိရသည်။

မြို့ပတ်ရထားများ အဆင့်မြှင့်တင်ပြေးဆွဲခြင်းနှင့် ဂျပန်နိုင်ငံမှ လေအေးပေးစက်ပါ RBE ရထားတွဲဆိုင်းများ မြို့ပတ်ရထားခရီးစဉ်များတွင် အစားထိုး ထည့်သွင်းပြေးဆွဲလာရာတွင် ယခင်က အခြေခံလူတန်းစားများသာ အားထားစီးနင်းနေသော မြို့ပတ်ရထားခရီးစဉ်များကို ရုံးဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများပါ စီးနင်းမှုများပြားလာသည်ဟု သိရသည်။

ယာဉ်ကြောပိတ်ဆို့မှုများကြောင့် ရန်ကုန်မြို့ပြ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် နှောင့်နှေးကြန့်ကြာမှုများ၊ အခက်အခဲများ နေ့စဉ်ရင်ဆိုင်လျက်ရှိရာတွင် မြို့ပတ်ရထားခရီးစဉ်များကို ပိုမိုအားထားစီးနင်းလာခြင်းဖြစ်ပြီး ရထားများ၏ သန့်ရှင်းမှုအပိုင်း၊ အဆင့်မြှင့်တင်ပြေးဆွဲနိုင်ရန် ပြင်ဆင်မှုအပိုင်းနှင့် အချိန်မှန်မှန်သွားလာနိုင်ရန် မြန်မာ့မီးရထား၏ ကြိုးပမ်းလာမှုတို့ကြောင့် မြို့ပတ်ရထားစီးနင်းသူများပြားလာသည်ဟု သိရသည်။

**စာမျက်နှာ ၃ ကော်လံ ၄ သို့** ❒





GS Battery နှင့် Hankook Tyre
သီးသန့်အထူးအရောင်းအရေး
အစိုးရအဖွဲ့အစည်းများ၊ ကုမ္ပဏီ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် အခြားခြားသော လုပ်ငန်းများအတွက် အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။
Email : wincherry777@gmail.com



ကြေးမုံ စာတည်းရှုထောင့် ၂-၉-၂၀၁၅၊ ဗုဒ္ဓဟူးနေ့

# ကမ္ဘာမြေထိန်းသိမ်းစောင့်ရှောက်စို့

သဘာဝပတ်ဝန်းကျင် တစ်စတစ်စယိုယွင်းပျက်စီးလာသည်မှာ အမှန်ဖြစ်သည်။ ယိုယွင်းပျက်စီးလာခြင်းသည် နှစ်စဉ်တိုးပွားနေသော ကမ္ဘာ့လူဦးရေနှင့်အတူ စားနပ်ရိက္ခာလိုအပ်ချက် မြင့်တက်နေသောကြောင့်ဖြစ်သည်။ လူဦးရေတိုးပွားခြင်းသည် မြေသယံဇာတအရင်းအမြစ်များအပေါ် မှီခိုသက်ရောက်မှုမြင့်မားသည်။

လူဦးရေတိုးပွားခြင်းနှင့်အတူ အစားအစာ၊ ရေ၊ စွမ်းအင်နှင့် လောင်စာလိုအပ်ချက်တိုးပွားလာသည်။ လူဦးရေတိုးပွားနှုန်းကိုကြည့်၍ ၂၀၅၀ ခုနှစ်တိုင်အောင် နှစ်စဉ်နှစ်တိုင်း မြေနေရာသစ် ဟက်တာခြောက်သန်းခန့်ထပ်မံဖော်ထုတ်ရန်လိုအပ်ကြောင်း ခန့်မှန်းထားသည်။ မြေနေရာသစ်များဖော်ထုတ်ခြင်းသည် ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းစေခြင်း၊ ဖန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်ခြင်းကို ပိုမိုဖြစ်ပေါ်စေနိုင်သည့် အကျိုးသက်ရောက်မှုရှိပါသည်။

လက်ရှိအခြေအနေတွင် မြေဆီလွှာပျက်စီးဆုံးရှုံးမှုပမာဏသည် ပိုမိုလျင်မြန်စွာဆုံးရှုံးနေသည်ကို တွေ့နေရသည်။ နှစ်စဉ်နှစ်တိုင်း မြေဧရိယာ ဟက်တာပေါင်း ၁၂ သန်းခန့် မြေဆီလွှာအရည်အသွေးကျဆင်းမှုနှင့် ရင်ဆိုင်နေရပါသည်။ မြန်မာနိုင်ငံတွင် ရေကြီးရေလျှံဖြစ်စဉ်ကြောင့် ရေစီးနှင့်အတူ မြေဆီလွှာများ တိုက်စားပျက်စီးဆုံးရှုံးမှုဖြစ်ခဲ့သည်ကို မြင်တွေ့ရမည်ဖြစ်သည်။

မြေဧရိယာ ဟက်တာ ၁၂ သန်း မြေဆီလွှာအရည်အသွေးကျဆင်းခြင်းသည် သီးနှံတန်ချိန် သန်း ၂၀ ခန့် ထုတ်လုပ်မှုကျဆင်းခြင်းနှင့်ညီမျှပါသည်။ ၂၀၁၅ ခုနှစ်အလွန် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်တွင် မြေစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ကို ထည့်သွင်းထားသည်။ မြေအရည်အသွေးလျော့ကျမှုမြင့်မားလာခြင်းကို တားဆီးကာကွယ်ရန်၊ အရည်အသွေးကျဆင်းနေသည့် မြေများအားပြန်လည်ကောင်းမွန်လာစေရန်၊ လူသားများကြောင့် မြေ တစ်ဟက်တာအရည်အသွေးလျော့ကျသွားပါက အစားထိုးအနေဖြင့် ထိုမြေ တစ်ဟက်တာအရည်အသွေးအား ချက်ချင်းပြန်လည်ကုစားပေးရန်တို့ကို အလေးထား လုပ်ဆောင်ကြမည်ဟုဆိုကြသည်။

မြေအရည်အသွေးကောင်းမွန်စေခြင်းသည် ထိရောက်သော မြေဆီဩဇာနှင့် ရေစီမံခန့်ခွဲခြင်း၊ မြေဆီလွှာအတွင်း ကာဗွန်ပါဝင်မှုများပြားခြင်း၊ ဖျက်ပိုးနှင့်ရောဂါပိုးများအား သဘာဝအတိုင်း ထိန်းချုပ်နိုင်ခြင်းနှင့် မြေဆီလွှာတိုက်စားခံရမှုမှ လျော့နည်းစေခြင်း စသည့် အကျိုးကျေးဇူးများ ရနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံအများတွင် မြေဆီလွှာထိန်းသိမ်းခြင်းကို ဦးစားပေးဆောင်ရွက်ကြသည်ကို တွေ့ရပါသည်။

ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး စသည်တို့ကို ထိရောက်မှန်ကန်စွာသုံးစွဲနိုင်မည်ဆိုပါက မြေအရည်အသွေးလျော့နည်းလာခြင်းကြောင့် လယ်သမားများ လယ်ယာလုပ်ငန်းခွင်မှ စွန့်ခွာသွားရသည့် ဖြစ်စဉ်များလျော့နည်းလာပြီး ရာသီဥတုပြောင်းလဲမှုဒဏ်ကို ပိုမိုခုခံကာကွယ်နိုင်မည်ဖြစ်သည်။ စားနပ်ရိက္ခာဖူလုံရေးတွင် ဇီဝမျိုးစုံမျိုးကွဲများဖွံ့ဖြိုးရေးကိုဆောင်ရွက်သွားရန်လိုပါသည်။

နိုင်ငံတကာမြေဆီလွှာပြုမူပြောင်းလဲမှုပုံစံများ၊ သုံးစွဲခြင်း၊ ထုတ်လုပ်ခြင်းနှင့် စီးပွားရေးအခွင့်အလမ်းများ ဖန်တီးပေးခြင်းတို့ကို သမားရိုးကျနည်းဖြင့်သာ ဆောင်ရွက်သွားမည်ဆိုပါက အနာဂတ်ကာလတွင် လူသားတို့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် ဂေဟစနစ်ကို ရရှိနိုင်မည်မဟုတ်ပါ။ ၂၀၁၅ ခုနှစ်သည် မြေဆီလွှာ ပျက်စီးမှုထိန်းသိမ်းကာကွယ်ရေးနှင့် မြန်မာနိုင်ငံ၏အနေအထားများက တိုက်ဆိုင်မှုရှိလာသည်။ အရည်အသွေးကောင်းမွန်သော မြေဆီလွှာများ ပြန်လည်ရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု သန္နိဋ္ဌာန်ပြုထားကြသည်။

သို့မှသာ စားနပ်ရိက္ခာဖူလုံမှု၊ ရာသီဥတုပြောင်းလဲမှုတို့ကို ကြံ့ကြံ့ခံနိုင်မည်ဖြစ်သည်။ မြေဆီလွှာပျက်စီးဆုံးရှုံးပါက လူသားတို့၏လူ့သက်တမ်းကိုလည်း ထိခိုက်လာနိုင်သည်။ မြေဆီလွှာကောင်းလျှင် သက်ရှိများ ရှင်သန်ရပ်တည်နိုင်ကြပြီး မြေဆီလွှာပျက်စီးလျှင် သက်ရှိများလည်း ပျက်စီးပြုန်းတီးသွားမည်ဖြစ်သည်။ လက်ရှိတွင် ဖြစ်ပေါ်နေသော မြေဆီလွှာပျက်စီးဆုံးရှုံးမှုကို ပြန်လည်ထိန်းသိမ်းခြင်းမပြုနိုင်ပါက အနာဂတ်တွင် လူသားများအသက်ရှင်သန်ရပ်တည်နိုင်ရေးအတွက် များစွာအခက်အခဲရှိမည်ဖြစ်သည်။ ထို့ကြောင့် လူသားများအသက်ရှင်ဖို့ မြေဆီလွှာကို ထိန်းသိမ်းစို့ဟု တိုက်တွန်းချင်ပါသည်။ ။

## ကျောက်ဆည်မြို့နယ်တွင် ရိုးများတူးဖော်ပေးမှုကြောင့်ရေနုတ်ကွင်း စိုက်ဧက ၂၇၈ ဧက အသစ်ပေါ်ထွက်ပြီး မိုးစပါး ရေနစ်မြုပ်ဧက ၉၄၂ ဧကကို ကာကွယ်ပေးနိုင်ပြီ

**ကျောက်ဆည် စက်တင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောက်ဆည်မြို့နယ်သည် ဆည်ရေဖြင့် စပါးသီးနှံအများဆုံး စိုက်ပျိုးသောမြို့နယ်ဖြစ်ပြီး ယခုအခါ စိုက်ပျိုးရေအတွက် ဖောက်လုပ်ထားသော ရိုးများ၊ မြောင်းများသည် နှစ်ကာလကြာလာသည့်အတွက် သဲ၊ နုန်းများတင်ကျန်ရစ်ပြီး မိုးရာသီတွင် ရေလျှံမှုများဖြစ်ပေါ်ကာ စပါးစိုက်ခင်းများ ဆုံးရှုံးလျက်ရှိသည်။ ထို့ကြောင့် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ကြီးကြပ်မှုဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီး အစိုးရ (သာမန်) ရန်ပုံငွေဖြင့် မြင်းကဘတ်ရိုး၊ ယင်းငိုရိုး၊ ကျွဲဆွဲလွှဲရိုး၊ အာကာရှင်မရိုး၊ နဂါးပတ်ရိုးတို့ကို ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများအား မျိုးကျော်လင်း၊ Golden Tree ကုမ္ပဏီတို့က တာဝန်ယူဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။



မြင်းကဘတ်ရိုးသည် အရှည်ပေ ၂၇၅၀၀ ရှိပြီး မြေကြီးကျင်း ၈၈၁၀ တူးဖော်ပေးမှုကြောင့် မိုးစပါးစိုက်ဧက ၁၂၀၀ ရှိသည့်အနက် ရေမြုပ်ဧက ၃၀၀ ကို ကာကွယ်ပေးနိုင်ခဲ့ပြီး အရှည်ပေ ၂၀၂၀၀ ရှိ ယင်းငိုရိုးအား မြေကြီး၁၄၇၈၄ ကျင်း တူးဖော်ပေးမှုကြောင့် မိုးစပါးစိုက်ဧက ၂၂၀၀ ရှိသည့်အနက် ရေနစ်မြုပ်ဧက ၁၄၂ ဧကကို ကာကွယ်ပေးနိုင်ခဲ့သည်။ ထို့အပြင် အရှည်ပေ ၁၅၀၀၀ ရှိသည့် ကျွဲဆွဲလွှဲရိုးအား မြေကြီး ၅၇၅၇ ကျင်း တူးဖော်ပေးမှုကြောင့် မိုးစပါးစိုက်ဧက ၃၀၀၀ ရှိသည့်အနက် ရေနစ်မြုပ်ဧက ၁၅၀နှင့် ရေနုတ်ကွင်း စိုက်ဧကအသစ် ၁၀၀ ပေါ်ထွက်လာခဲ့သည်။ ပေအရှည် ၁၄၅၀၀ရှိသည့် အာကာရှင်မရိုးအား မြေကြီး၁၃၂၉၇ ကျင်း တူးဖော်ပေးမှုကြောင့် မိုးစပါးစိုက်ဧက ၁၀၀၀ ရှိသည့်အနက် ရေနစ်မြုပ်ဧက ၁၅၀ နှင့် ရေနုတ်ကွင်းစိုက်ဧက အသစ် ၁၀၄ ဧက ပေါ်ထွက်လာပြီး အရှည်ပေ ၃၅၀၀၀ရှိ နဂါးပတ်ရိုးအား မြေကြီး၃၀၆၂၇ ကျင်း တူးဖော်ပေးမှုကြောင့် မိုးစပါးစိုက်ဧက ၂၅၀၀ ရှိသည့်အနက် ရေနစ်မြုပ်ဧက ၂၀၀ ကို ကာကွယ်ပေးနိုင်သည့်အပြင် ရေနုတ်ကွင်းစိုက်ဧက အသစ် ၇၈ ဧကကို ဖော်ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

လွှဲရိုးများ ပြန်လည်တူးဖော်ပေးမှုကြောင့် သက်ဆိုင်ရာ ရိုးရေသောက်တောင်သူများ ရေကိုလွယ်ကူစွာ သုံးစွဲနိုင်ပြီး ရေနုတ်ကွင်းစိုက်ဧကအသစ်များ တိုးပွားလာမှုကြောင့် များစွာအဆင်ပြေမည်ဖြစ်ပြီး ယခင် မိုးစပါးတစ်သီးသာ စိုက်နိုင်ခဲ့ရာမှ ယခုအခါ သုံးသီးသို့ တိုးချဲ့စိုက်ပျိုးနိုင်ပြီဖြစ်ကြောင်း သိရသည်။

(၆၁၆)

◆ ◆ ◆

## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။ မဲစာရင်းမှားယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူအမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် စက်တင်ဘာ ၁

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၇၁၀၀၀ | - | ၇၇၁၀၀၀ |
| မန္တလေး | ရွှေဈေး | ၇၇၁၀၀၀ | - | ၇၇၁၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၄၀/၆၆၀ ကျပ် |
| (ခ) | အောက်တိန်း *95* | တစ်လီတာ | ၈၀၀ ကျပ် |
| (ဂ) | အောက်တိန်း *92* | တစ်လီတာ | ၇၀၀/၇၁၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၇၃. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၃၁. ၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၉. ၆၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၅. ၅၁၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၄. ၀၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၇၁၀ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၀၅၂. ၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၇. ၉၃ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၀၄. ၈၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၀၂. ၂၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း



သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းများ** - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်

**အနုပညာစာတည်း** - ခင်ခင်သက်
**အားကစားစာတည်း** - မေလှဲ့သင်း
**ဆောင်းပါးစာတည်း** - စန္ဒာဝင်း
**အကြီးတန်းသတင်းထောက်များ** - ကျော်ဇေယျာမြင့်၊ ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊

**အငယ်တန်းသတင်းထောက်များ** - သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
**အထူးသတင်းထောက်** - စုနှင်းလှဲ့၊ သီရိ

❍ **ငြိမ်းချမ်းရေးမှ**

မီးသတ်တပ်ဖွဲ့၊ အစိုးရအဖွဲ့အစည်းများဟာလည်း ကယ်ဆယ်ထောက်ပံ့ရေးမှာ အင်အားများကို အစွမ်းကုန်အသုံးချခဲ့တာ ချီးကျူးဂုဏ်ပြုရမှာဖြစ်ပါတယ်။ ကူညီထောက်ပံ့ခဲ့ကြတဲ့ နိုင်ငံရပ်ခြားမိတ်ဆွေတိုင်းပြည်များနဲ့ အဖွဲ့အစည်းများကိုလည်း ကျေးဇူးတင်ရမှာဖြစ်ပါတယ်။

လက်ရှိမှာ ကယ်ဆယ်ရေးနဲ့ ထောက်ပံ့ရေးကိစ္စတွေအပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို တစ်ပြိုင်နက် စတင်ရတော့မှာဖြစ်ပါတယ်။ ဒီလို ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ စတင်တဲ့အခါမှာလည်း ပြည်သူတစ်ရပ်လုံးရဲ့ ပူးပေါင်းပါဝင်မှုတွေကို ဆက်လက်လိုအပ်မှာဖြစ်ပါတယ်။

ကယ်ဆယ်ရေး၊ ထောက်ပံ့ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများမှာ ရေတို၊ ရေရှည်အစီအမံများနဲ့ ဦးစားပေးဆောင်ရွက်ရမယ့်ကိစ္စရပ်များအဖြစ်ခွဲခြားပြီး အလုံးစုံခြုံငုံတဲ့လုပ်ငန်းစဉ်တွေအဖြစ် ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ရေဘေးသင့်ပြည်သူများရဲ့ ဘက်စုံလူမှုစီးပွားရေးဘဝတွေ ပြန်လည်ဖွံ့ဖြိုးရှင်သန်လာဖို့လည်း ရေရှည်အစီအမံများချမှတ်ပြီး ထိရောက်စွာ ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ လတ်တလောအတွက် သင့်တင့်လျောက်ပတ်တဲ့ စားစရာ၊ နေစရာ၊ ကျန်းမာရေးစောင့်ရှောက်မှုများရရှိရေးနဲ့ ကျောင်းနေအရွယ်ကလေးအားလုံး ပညာပြန်လည်သင်ကြားခွင့်ရရှိနိုင်ဖို့ ဦးစားပေးဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရေကြီးမှုကြုံတွေ့ခဲ့ရတဲ့ဒေသတွေကို ကိုယ်တိုင်ကိုယ်ကျသွားရောက်ပြီး အားပေးမှု၊ လိုအပ်တဲ့ညွှန်ကြားမှုတွေကို အစဉ်ပြုလုပ်လျက်ရှိပါတယ်။ ပြည်သူလူထုများ၊ အရပ်ဘက်အဖွဲ့အစည်းများနဲ့ လက်တွဲကြိုးပမ်းရမယ့်ကိစ္စရပ်များမှာလည်း အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ဖို့ အစိုးရအဖွဲ့အစည်းများထံ ညွှန်ကြားထားပြီးလည်း ဖြစ်ပါတယ်။

အလားတူ အထူးအခြေအနေ လိုအပ်ချက်တစ်ခုအနေနဲ့ ရေကြီးမှုကို ရင်ဆိုင်ခဲ့ရတဲ့ပြည်သူများရဲ့ အရေးကြီးတဲ့နိုင်ငံသားအခွင့်အရေးဖြစ်တဲ့ မဲပေးခွင့်မဆုံးရှုံးစေဖို့ပဲဖြစ်ပါတယ်။ ရေကြီးမှုကြောင့် ဆုံးရှုံးသွားခဲ့ရတဲ့ မဲစာရင်းများ ပြန်လည်ပြုစုနိုင်ဖို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ ဆောင်ရွက်နေပြီးတော့ ကျွန်တော်တို့အစိုးရအနေနဲ့လည်း အုပ်ချုပ်ရေးကဏ္ဍကနေ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်မှုတွေထဲမှာ သန်းခေါင်စာရင်းများပြန်လည်ထုတ်ပေးခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်များ ပြန်လည်ထုတ်ပေးခြင်းများလည်း ပါဝင်ပါတယ်။

မကြာမီကျင်းပတော့မယ့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲများဟာ ကျွန်တော်တို့တိုင်းပြည်ရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် အလွန်ကြီးမားတဲ့ အဆင့်တစ်ဆင့်၊ ဖြစ်စဉ်တစ်ရပ်ဖြစ်ပါတယ်။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲများကို လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲများဖြစ်စေဖို့ အထူးအရေးကြီးတယ်လို့ မှတ်ယူပါတယ်။ ဒါဟာ ကျွန်တော်တို့ပြည်သူများ မြင်တွေ့လိုတဲ့ အနာဂတ်နိုင်ငံတော်သစ်တစ်ရပ်ကို ဖန်တီးတည်ဆောက်ခြင်းအတွက် အရေးကြီးတဲ့အဆင့်လည်း ဖြစ်ပါတယ်။ ဒါကြောင့် မဲဆန္ဒရှင်ပြည်သူလူထုအနေနဲ့ ရွေးကောက်ပွဲမှာ တာဝန်ကိုယ်စီကျေပွန်ဖို့ လိုအပ်ပါတယ်။ အထူးသဖြင့်တော့ အခြေခံကျတဲ့ နိုင်ငံသားတာဝန်ဖြစ်တဲ့ ဆန္ဒမဲပေးခြင်းဆိုတဲ့တာဝန်ကို မပျက်မကွက် ထမ်းဆောင်သွားကြဖို့ တိုက်တွန်းလိုပါတယ်။ ဒီလို ဆန္ဒမဲပေးတဲ့အခါမှာလည်း မိမိတို့ကို အမှန်တကယ် ကိုယ်စားပြုမယ့်၊ ပြည်သူလူထုရဲ့ လိုလားချက်များကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်တဲ့၊ အရည်အသွေးရှိတဲ့ လူထုကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်ပေးကြဖို့ အထူးအရေးကြီးပါတယ်။ ဒါမှသာလျှင် ကျွန်တော်တို့အားလုံးရဲ့ မျှော်မှန်းချက်ဖြစ်တဲ့ ဒီမိုကရေစီထွန်းကားပြီး ပွင့်လင်းလွတ်လပ်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ်တည်ဆောက်ရေးကို ၂၀၁၅ အထွေထွေရွေးကောက်ပွဲများကနေ ဆောင်ကြဉ်းပေးနိုင်မှာဖြစ်ပါတယ်။

တစ်ဆက်တည်းမှာပဲ ၂၀၁၅ အထွေထွေရွေးကောက်ပွဲများမှာ ပါဝင်ယှဉ်ပြိုင်ကြမယ့် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများရဲ့ အခန်းကဏ္ဍနဲ့ပတ်သက်ပြီး အနည်းငယ်ပြောကြားလိုပါတယ်။ နိုင်ငံရေးပါတီများအနေနဲ့ ရက်ပိုင်းအတွင်းမှာ မဲဆွယ်စည်းရုံးရေးလုပ်ငန်းစဉ်များ စတင်ရတော့မှာဖြစ်ပါတယ်။ ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် ကိုယ်စွမ်းရှိသမျှ ပြိုင်ဆိုင်ကြတော့မယ်ဆိုတာကိုလည်း ကျွန်တော့်အနေနဲ့ လက်ခံပါတယ်။ ရွေးကောက်ပွဲကော်မရှင်ကချမှတ်ထားတဲ့ မူဘောင်၊ စည်းမျဉ်းစည်းကမ်းများအတွင်းမှ ဒီမိုကရေစီနည်းလမ်းကျ မဲဆွယ်စည်းရုံးမှုအားလုံးကို လက်ခံကြိုဆိုသွားမှာဖြစ်ပါတယ်။

သို့သော်လည်း ကျွန်တော့်တို့နိုင်ငံဟာ ဓလေ့ထုံးတမ်းပေါင်းစုံ၊ ကိုးကွယ်ယုံကြည်မှုပေါင်းစုံရှိတဲ့ လူမျိုးစုများစွာနေထိုင်တဲ့ တိုင်းပြည်ဖြစ်တဲ့အတွက် မိမိတို့ရဲ့ မဲဆွယ်စည်းရုံးရေးလုပ်ငန်းစဉ်များဟာ နိုင်ငံရဲ့လူမှုသဟဇာတဖြစ်မှုနဲ့ မတူညီတဲ့ ကိုးကွယ်ယုံကြည်မှုများအပေါ် ထိခိုက်နစ်နာစေမယ့် ကိစ္စရပ်တွေ မပေါ်ပေါက်စေဖို့ အထူးသတိပြုကြရမှာဖြစ်ပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ နိုင်ငံသားအချင်းချင်း စည်းလုံးညီညွတ်မှု ပျက်ပြားစေမယ့် လှုံ့ဆော်ဟောပြောမှုတွေ မပေါ်ပေါက်စေဖို့ နိုင်ငံရေးပါတီများအနေနဲ့ အထူးတာဝန်ယူ စောင့်စည်းကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ တစ်ဆက်တည်းမှာပဲ နိုင်ငံရေးအင်အားစုအချင်းချင်း ပြစ်တင်ဝေဖန်ရှုတ်ချစွပ်စွဲပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးကို ပျက်ပြားစေမယ့် ဟောပြောစည်းရုံးမှုတွေအစား မိမိတို့ကိုယ်စားပြုမယ့်ပြည်သူများရဲ့ အနာဂတ်အိပ်မက်တွေဖြစ်တဲ့ မြန်မာနိုင်ငံသစ်အတွက် ရည်မှန်းချက်တွေ၊ လုပ်ငန်းစဉ်တွေပါဝင်တဲ့ မဲဆွယ်စည်းရုံးမှုများဖြစ်စေဖို့ ထပ်မံတိုက်တွန်းလိုပါတယ်။ အထူးသဖြင့်တော့ ကိုယ်စားပြုမှုကိုယ်စီအခိုင်အမာရှိကြတဲ့ နိုင်ငံရေးအင်အားစုအသီးသီးဟာ စေ့စပ်ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းဆိုတဲ့ နိုင်ငံရေးယဉ်ကျေးမှု ဆက်လက်ရှင်သန်နေစေဖို့ ကြိုးပမ်းရမှာဖြစ်ပါတယ်။

**ကယ်ဆယ်ရေး၊ ထောက်ပံ့ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများမှာ ရေတို၊ ရေရှည်အစီအမံများနဲ့ ဦးစားပေးဆောင်ရွက်ရမယ့်ကိစ္စရပ်များအဖြစ် ခွဲခြားပြီး အလုံးစုံခြုံငုံတဲ့ လုပ်ငန်းစဉ်တွေအဖြစ် ဆောင်ရွက်သွားရမှာဖြစ်။**

အစိုးရအဖွဲ့အနေနဲ့လည်း အုပ်ချုပ်ရေးကဏ္ဍရဲ့ လုပ်ပိုင်ခွင့်ဘောင်အတွင်းကနေ သန့်ရှင်းလွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲများဖြစ်စေဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲမတိုင်မီနဲ့ ရွေးကောက်ပွဲအပြီးကြားကာလများရဲ့ နိုင်ငံရေးတည်ငြိမ်မှုရှိစေပြီး ပြည်သူလူထုရဲ့ဆန္ဒမဲများနဲ့ အညီပေါ်ပေါက်လာမယ့် နိုင်ငံရေးအခင်းအကျင်းသစ်တစ်ရပ်ကို ညင်သာစွာ အသွင်ကူးပြောင်းနိုင်စေဖို့လည်း ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အရပ်ဘက်လူ့အဖွဲ့အစည်းများနဲ့ နိုင်ငံတကာလေ့လာရေးအဖွဲ့အစည်းများကိုလည်း ရွေးကောက်ပွဲဖြစ်စဉ်များ လေ့လာစောင့်ကြည့်နိုင်ဖို့ ဆောင်ရွက်ထားကြောင်းလည်း တစ်ဆက်တည်းအသိပေးပြောကြားအပ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် ခေါင်းနဲ့ပန်းလို ဒွန်တွဲနေတဲ့ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရေးဖြစ်စဉ်ဟာလည်း ကြီးမားတဲ့ထူးခြားတိုးတက်မှုတွေ ရရှိနေပါတယ်။ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်မှာ အဆင့်မြင့်ဆုံးနဲ့ အကျယ်ပြန့်ဆုံးလို့ဆိုရမယ့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် အတည်ပြုမူကြမ်းပြီးစီးကြောင်း ပြည်ထောင်စုအစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရဲ့ ကိုယ်စားလှယ်ခေါင်းဆောင်များဟာ ဩဂုတ် ၇ ရက်နေ့မှာ ထုတ်ပြန်ကြေညာနိုင်ခဲ့ပါတယ်။

ဒီစာချုပ်မှာ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးအတွက် အဓိက ကတိကဝတ်ကြီးနှစ်ခုဖြစ်တဲ့ လက်နက်ကိုင်ပဋိပက္ခများကို နိုင်ငံရေးအရအဖြေရှာဖို့နဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီးတည်ဆောက်ရေးဆိုတဲ့ သဘောတူညီချက်နှစ်ခုကိုလည်း ထည့်သွင်းချုပ်ဆိုထားတာဖြစ်ပါတယ်။ ဒါကြောင့် တိုင်းရင်းသားများ အစဉ်တစိုက်တောင်းဆိုခဲ့တဲ့ လိုလားချက်များနဲ့ နိုင်ငံရေးဆွေးနွေးပွဲများအတွက် အာမခံချက်များ၊ အစီအမံများကို ဒီစာချုပ်က ခိုင်ခိုင်မာမာ ထည့်သွင်းရေးဆွဲထားတာဖြစ်ပါတယ်။

ဒီစာချုပ်မှာလက်မှတ်ရေးထိုးနိုင်ခြင်းအားဖြင့် လက်ငင်းရမယ့် အကျိုးကျေးဇူးကတော့ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားရာဒေသများက ပြည်သူများအနေနဲ့ ငြိမ်းချမ်းရေးရဲ့အသီးအပွင့်ကို လက်တွေ့ခံစားနိုင်ခြင်းပဲ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဆွေးနွေးနေစဉ်ကာလမှာပင်လျှင် လက်နက်ကိုင်ပဋိပက္ခများ လျော့ပါးမှုကြောင့် ပြည်သူများရဲ့ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုတွေ များစွာ တိုးတက်ခဲ့တာကိုလည်း သိရှိကြပြီးဖြစ်ပါတယ်။

ကျွန်တော်တို့တိုင်းပြည် ခေတ်နောက်ကျကျန်ခဲ့ရတဲ့အကြောင်းအရင်းများစွာထဲမှာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခဟာကြီးမားတဲ့အကြောင်းအရာတစ်ရပ်ဖြစ်ပါတယ်။ ကျွန်တော်တို့တိုင်းပြည်ရဲ့ လက်နက်ကိုင်ပဋိပက္ခတွေဟာ နိုင်ငံတစ်ဝန်းလုံးက ပြည်သူတစ်ဦးတစ်ယောက်ချင်းစီရဲ့ဘဝများကို ရိုက်ခတ်နေတာဖြစ်တဲ့အတွက် ငြိမ်းချမ်းရေးဖြစ်စဉ်သည် မြန်မာနိုင်ငံသားတိုင်းနဲ့ သက်ဆိုင်တဲ့ကိစ္စဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ ရှုမြင်ပါတယ်။ ဒါကြောင့် ပြည်သူလူထုတစ်ဦးချင်းစီရဲ့ဘဝနဲ့ တိုင်းပြည်ရဲ့အနာဂတ်အတွက် တိုင်းပြည်ရဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်ကို ကျွန်တော်တာဝန်ယူတဲ့ ကာလအတွင်းမှာ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်းလည်း ကတိပြုပြောကြားအပ်ပါတယ်။ လက်ရှိအခြေအနေမှာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးပြီး နိုင်ငံရေးဆွေးနွေးပွဲများကို အမြန်ဆုံးစတင်နိုင်ဖို့ လိုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများထံ ဒီစာချုပ်မှာ ပါဝင်လက်မှတ်ရေးထိုးကြဖို့ ဖိတ်ခေါ်ထားပြီးဖြစ်ပါတယ်။ အမြန်ဆုံးလက်မှတ်ရေးထိုးကြဖို့လည်း ဒီနေရာကနေ တစ်ပါတည်း ထပ်မံဖိတ်ခေါ်အပ်ပါတယ်။

ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးနဲ့ ပြည်သူများရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဟာ ကျွန်တော်တို့အစိုးရ စတင်တာဝန်ယူစဉ်အချိန်ကတည်းက ဆောင်ရွက်ခဲ့တဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုရဲ့ ရည်မှန်းချက်တစ်ရပ်ဖြစ်ပါတယ်။ ဒီရည်မှန်းချက်ပြည့်မီဖို့အတွက် လိုအပ်တဲ့အခြေခံအဆောက်အအုံ၊ ရင်းနှီးမြှုပ်နှံမှုတွေနည်းတူ လိုအပ်တဲ့၊ ခေတ်စနစ်နဲ့ လျော်ညီတဲ့ဥပဒေတွေကိုပါ ဆောင်ရွက်ခဲ့ရပါတယ်။ မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေနဲ့လျော်ညီတဲ့ အနိမ့်ဆုံးလုပ်ခလစာကို ၃၆၀၀ ကျပ် သတ်မှတ်နိုင်ခဲ့ပြီး စက်တင်ဘာလ ၁ ရက်နေ့မှာ စတင်အသက်ဝင်တော့မှာဖြစ်တဲ့အကြောင်းလည်း အသိပေးပြောကြားလိုပါတယ်။

ကျွန်တော့်အနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင်၊ ပြည်သူများရဲ့ စီးပွားရေးပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင်၊ ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့အနာဂတ်တွေဖန်တီးပေးနိုင်ဖို့ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိတဲ့အကြောင်းပြောကြားရင်း နိဂုံးချုပ်ပါတယ်။

မိဘပြည်သူများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ။

# ပြင်သစ်နိုင်ငံသံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူ

**နေပြည်တော် စက်တင်ဘာ ၂**

မစ္စတာ အိုလီဗီယာ ရစ်ချက်ကို ရန်ကုန်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြင်သစ်နိုင်ငံသံအမတ်ကြီးအဖြစ်ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ အိုလီဗီယာ ရစ်ချက်ကို ၁၉၆၃ ခုနှစ် မတ် ၁၃ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် တရုတ်ဘာသာ မဟာဘွဲ့၊ ပြင်သစ်မော်ဒန်စာပေဘွဲ့နှင့် ကိန်းဘရစ်ချ်တက္ကသိုလ်မှ အသိအမှတ်ပြုလက်မှတ်တို့ကို ရရှိခဲ့သည်။ မစ္စတာ အိုလီဗီယာရစ်ချက်သည် ၁၉၈၉ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ ပြင်သစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာဖရိကဌာနတွင် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် အစ္စလာမ္မာဘတ်မြို့ရှိ ပြင်သစ်သံရုံးတွင် တတိယအတွင်းဝန်အဖြစ် စတင်တာဝန်ထမ်းဆောင်ပြီး ၁၉၉၁ ခုနှစ်မှ ၁၉၉၂ခုနှစ်အထိ ဒုတိယအတွင်းဝန်အဖြစ်လည်းကောင်း၊ ၁၉၉၂ ခုနှစ်မှ ၁၉၉၃ခုနှစ်အထိ ပထမအတွင်းဝန်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ၁၉၉၃ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ ပြင်သစ်သံရုံးတွင် ပထမအတွင်းဝန်အဖြစ် လည်းကောင်း၊ ၁၉၉၆ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ တိုင်ပေမြို့ရှိ ပြင်သစ်တက္ကသိုလ်တွင် ဒုတိယညွှန်ကြားရေးမှူးအဖြစ် လည်းကောင်း၊ ၁၉၉၉ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ ပြင်သစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးမှုဌာနတွင် အာရှနှင့် သမုဒ္ဒရာဆိုင်ရာဌာန အကြီးအကဲအဖြစ်လည်းကောင်း၊ ၂၀၀၂ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ နိုင်ဂျာနိုင်ငံ နိုင်ယာမီမြို့ရှိ ပြင်သစ်ဖွံ့ဖြိုးမှု အေဂျင်စီရုံးတွင် ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ပေကျင်းမြို့ရှိ ပြင်သစ်ဖွံ့ဖြိုးမှုအေဂျင်စီရုံးတွင် ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ ၂၀၀၇ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ပြင်သစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှုဌာနတွင် ဌာနအကြီးအကဲအဖြစ်လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၁ ခုနှစ်အထိ ဇမ်ဘီယာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာလမှစတင်၍ ယခုအချိန်အထိ တိုင်ပေမြို့ရှိ ပြင်သစ်တက္ကသိုလ်တွင် ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

**(သတင်းစဉ်)**

❒ **မြို့ပတ်ရထားမှ**

"အရင်ကတော့ အခြေခံလူတန်းစားတွေ အားထားစီးနင်းတာပေ့ါ။ ရထားပို့ဆောင်ရေးက စရိတ်လည်း သက်သာ၊ လူလည်း သက်သာတယ်။ အခုနောက်ပိုင်းဆိုရင် ယာဉ်ကြောပိတ်ဆို့တာတွေကြောင့် ရထားနဲ့သွားတာက ပိုအဆင်ပြေတယ်။ ပြီးတော့ အခုဆိုရင် RBE တွဲဆိုင်းတွေနဲ့ အဲကွန်းရထား၊ အထူးရထားတွေ ပြေးဆွဲပေးလာတော့ အခြေခံလူတန်းစားတွေသာမက ရုံးဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်းတွေ၊ ကျောင်းသား ကျောင်းသူတွေ လူတန်းစားအသီးသီးစီးနင်းလာကြပါပြီ။ မြန်မာနိုင်ငံရဲ့ ရထားစီးနင်းခဟာ အသက်သာဆုံးပါ။ ရထားပို့ဆောင်ရေးဟာ နိုင်ငံတော်ကနေ ပြည်သူလူထုအတွက် အရှုံးခံစိုက်ထုတ်ပြေးဆွဲပေးနေတဲ့ အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းပါ" ဟု ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအထွေထွေမန်နေဂျာ (စုံစမ်းစစ်ဆေးရေး) ဦးဘမြင့်က ပြောသည်။

လက်ရှိ ရန်ကုန်မြို့ပတ်ရထား ခရီးစဉ်များတွင် RBE တွဲဆိုင်းငါးဆိုင်း ထည့်သွင်းပြေးဆွဲခဲ့ပြီး ဩဂုတ် ၁၆ ရက်တွင် လေအေးပေးစက်ပါ RBE တွဲဆိုင်းသစ်နှစ်ဆိုင်းနှင့် RBT ရထားတွဲဆိုင်း သုံးဆိုင်းကို တစ်ပြိုင်တည်း တိုးချဲ့ပြေးဆွဲပေးခဲ့သည်။ ဆက်လက်၍ ဂျပန်နိုင်ငံမှ တင်သွင်းလာသည့် ရထားတွဲများအနက် တွဲဆိုင်းနှစ်ဆိုင်းကို ရန်ကုန်မြို့ပတ်ရထား ခရီးစဉ်များတွင် ထပ်မံတိုးချဲ့ပြေးဆွဲသွားရန် ရှိနေပြီး စက်တင်ဘာလအတွင်းတွင် လေအေးပေးစက်ပါ အဲကွန်းရထားများ အစားထိုးပြေးဆွဲသွားရန်ရှိကြောင်း မြန်မာ့မီးရထားမှ သိရသည်။ မြို့ပတ်ရထားခရီးစဉ်များကို နေ့စဉ်လိုက်ပါစီးနင်းသူများအနေဖြင့် လက်မှတ်ဝယ်ယူစီးနင်းသူ ကိုးသောင်းဝန်းကျင်ခန့်ရှိပြီး လပေးလက်မှတ်ဖြင့်လည်း စီးနင်းသူများရှိကြောင်း၊ ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများအနေဖြင့် လပေးကတ်ဖြင့် စီးနင်းမှုများပြားကြောင်း သိရသည်။

[သတင်း - ဆုနှင်းလဲ့
ဓာတ်ပုံ - ဖိုးခွား]

## အာဖဂန်တွင် အိမ်ထောင်ရေး ဖောက်ပြန်သူများအား လူမြင်ကွင်း၌ ကြိမ်ဒဏ်အချက် ၁၀၀ ပေး

**ကဘူးလ် စက်တင်ဘာ ၁**

အိမ်ထောင်ရေးဖောက်ပြန်မှုကြောင့် အပြစ်ရှိကြောင်းတွေ့ရှိခဲ့သည့် အာဖဂန်အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးမှာ ၎င်းတို့ပြစ်ဒဏ်ခံယူပုံကို ရိုက်ကူးမှုပြုလုပ်ခဲ့သည့်လူတစ်စုရှေ့၌ ကြိမ်ဒဏ်အချက် ၁၀၀ ခံယူခဲ့ရကြောင်း ရုပ်သံပြကွက်များက ပြသနေသည်။

၁၉၉၆-၂၀၀၁ ခုနှစ်အတွင်း တင်းကျပ်သော ရှာရီယာဥပဒေတစ်ရပ်ပြဋ္ဌာန်းခဲ့သည့် တာလီဘန်တို့၏ လက်အောက်တွင် အများပြည်သူရှေ့ ကြိမ်ဒဏ်ပေးခြင်းနှင့် ကွပ်မျက်ခြင်းတို့မှာ ဖြစ်နေကျဖြစ်သည်။ တာလီဘန်အစွလာမ့်စစ်သွေးကြွအုပ်စုကို အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့က ဖြုတ်ချခဲ့ပြီးနောက် ယင်းသို့သော ပြစ်ဒဏ်ပေးမှုများမှာ ယခုအခါ ရှားရှားပါးပါးဖြစ်ရပ်ဖြစ်သည်။ နိုင်ငံအနောက်ပိုင်း ဂိုပြည်နယ်တွင် ရိုက်ကူးခဲ့သည့် ရုပ်သံပြကွက်တွင် ခြုံလွှာဝတ်ဆင်ထားသည့် အမျိုးသမီးတစ်ဦးနှင့် အမျိုးသားတစ်ဦးသည် ထိုင်နေသူအများစုပါဝင်ပြီး စောင့်ကြည့်နေသည့် လူတစ်စုရှေ့၌ ကြာပွတ်တစ်ချောင်းကိုင်ဆောင်ထားသည့် လူတစ်ဦးထံမှ ပြစ်ဒဏ်ခံယူနေပုံကို ပြသနေသည်။ အဆိုပါနှစ်ဦးမှာ ကြိမ်ဒဏ်ခံနေရစဉ်အတွင်း ဝပ်လျက်အနေအထားရှိနေပြီး အော်ဟစ်ငိုယိုခြင်းမရှိပေ။

အဆိုပါပြစ်ဒဏ်ကို အမှုစီရင်ရာ ဂိုပြည်နယ်အစိုးရကအားပေးထောက်ခံခဲ့သည်။ "သူတို့က ချစ်ကြိုက်နေတာကြာပြီ။ ဒါပေမယ့် အခုလအစောပိုင်းကမှ ဖမ်းဆီးခဲ့တာပါ။ သူတို့ရဲ့ပြစ်ဒဏ်က ရှာရီယာဥပဒေအပေါ် အခြေခံပြီး အခြားသူတွေအတွက် သင်ခန်းစာတစ်ရပ် သင်ပေးမှာဖြစ်ပါတယ်"ဟု ပြည်နယ်အုပ်ချုပ်ရေးမှူး ဆီးမားဂျိုဝန်ဒါ၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ ပြစ်ဒဏ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြစ်မှုဆိုင်ရာဥပဒေတို့နှင့် ကိုက်ညီကြောင်း ဒေသန္တရ တရားသူကြီးတစ်ဦးက ပြောကြားသည်။ နိုင်ငံခြားအထောက်အပံ့ခံ အာဖဂန်အစိုးရက ရှာရီယာဥပဒေကို မပြဋ္ဌာန်းသော်လည်း သောင်းကျန်းသူထိန်းချုပ်ထားသည့်နယ်မြေများ၌ ရိုက်နှက်မှုများ၊ ကျောက်တုံးဖြင့် ပစ်ပေါက်သတ်ဖြတ်မှုများဖြစ်ပွားပါက ရှုတ်ချလေ့ရှိသည်။ **ရိုက်တာ။**



ဂျပန်နိုင်ငံတွင် အမြင့်ဆုံးဖြစ်လာမည့် မိုးမျှော်တိုက်၏ဒီဇိုင်းပုံ။

## ဂျပန်နိုင်ငံ၏အမြင့်ဆုံး မိုးမျှော်တိုက် တိုကျိုဘူတာရုံရှေ့၌ တည်ဆောက်မည်

**တိုကျို စက်တင်ဘာ ၁**

ဂျပန်နိုင်ငံ၏ အမြင့်ဆုံးမိုးမျှော်တိုက်အဆောက်အအုံကို တိုကျိုဘူတာရုံရှေ့တွင် တည်ဆောက်မည်ဖြစ်ကြောင်း ယင်းအဆောက်အအုံကို တည်ဆောက်မည့် မစ်ဆူဘီရှီ အိမ်ရာခြံမြေကုမ္ပဏီက ထုတ်ပြန်ကြေညာသည်။

တိုကျိုမြို့၏ အထင်ကရ အဆောက်အအုံတစ်လုံးဖြစ်လာမည့် မိုးမျှော်တိုက်မှာ မီတာ ၃၉၀ ခန့်အမြင့်ရှိမည်ဖြစ်ပြီး မြေပြင်ပေါ်တွင် အထပ်ပေါင်း ၆၁ ထပ်၊ မြေအောက်ထပ် ငါးထပ်ရှိမည်ဖြစ်ကြောင်း မစ်ဆူဘီရှီ အိမ်ရာခြံမြေကုမ္ပဏီက ပြောကြားသည်။

မိုးမျှော်အဆောက်အအုံ၌ ကုမ္ပဏီရုံးခန်းများ၊ စီးပွားရေးလုပ်ငန်းများ၏ အရောင်းဆိုင်များပါဝင်မည့်အပြင် ဟိုတယ်များနှင့် ရှုခင်းကြည့်ရှုနိုင်သော နေရာကိုပါ ပူးတွဲတည်ဆောက်ဖွယ်ရှိကြောင်း အဆိုပါကုမ္ပဏီက ပြောကြားသည်။

မျက်မှောက်ကာလ ဂျပန်နိုင်ငံရှိ အမြင့်ဆုံးအဆောက်အအုံမှာ အိုဆာကာမြို့ရှိ အာဘေးနိုဟာရူကက်စ် အဆောက်အအုံဖြစ်ပြီး မီတာ ၃၀၀ မြင့်မားသည်။

ယန်းငွေ တစ်ထရီလီယံ ဒေါ်လာ ၈ ဒသမ ၃ ဘီလီယံ ရင်းနှီးမြှုပ်နှံမည့်အိမ်ရာခြံမြေ ဖွံ့ဖြိုးရေးစီမံကိန်းတစ်ရပ်၏ လုပ်ငန်းတစ်စိတ်တစ်ဒေသအဖြစ် ဂျပန်နိုင်ငံ၏ အမြင့်ဆုံးအဆောက်အအုံကို တည်ဆောက်မည်ဆို၏။ အဆိုပါစီမံကိန်းအရ ၁၁ နှစ်တာကာလအတွင်း အခြားအဆောက်အအုံသုံးလုံး၊ စတုရန်းမီတာ ၇၀၀၀ ရှိ ပလာဇာတို့ကိုလည်း တည်ဆောက်ရန်စီစဉ်ထားသည်။

ဂျပန်နိုင်ငံ၏အမြင့်ဆုံး မိုးမျှော်တိုက်တည်ဆောက်မှုလုပ်ငန်းကို ၂၀၂၃ခုနှစ်တွင် စတင်မည်ဖြစ်ပြီး ၂၀၂၇ ခုနှစ်တွင် တည်ဆောက်ရေးလုပ်ငန်းပြီးစီးမည်ဖြစ်ကြောင်း ကုမ္ပဏီတာဝန်ရှိသူက ပြောကြားသည်။ **ကျိုဒို။**

## ဘန်ကောက်ဗုံးဖောက်ခွဲမှုနှင့်ပတ်သက်၍ ဒုတိယမြောက် သံသယရှိသူနိုင်ငံခြားသားအား ထိုင်းရဲတပ်ဖွဲ့ ဖမ်းဆီး

**ဘန်ကောက် စက်တင်ဘာ ၁**

ထိုင်းနိုင်ငံ၏ လူအသေအပျောက်အများဆုံး ဗုံးဖောက်ခွဲရေးသမားကို ရှာဖွေနေသော ထိုင်းရဲတပ်ဖွဲ့က ဒုတိယမြောက် သံသယရှိသူနိုင်ငံခြားသား တစ်ဦးကို ယနေ့ ဖမ်းဆီးလိုက်ပြီဖြစ်ကြောင်း ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာက ပြောကြားသည်။

အဆိုပါသံသယရှိသူကို ဘန်ကောက်မြို့တော်အရှေ့ဘက် ကမ္ဘောဒီးယားနယ်စပ်ရှိ Sa Kaeo ပြည်နယ်တွင် ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး မေးမြန်းမှုများပြုလုပ်ရန် ဘန်ကောက်မြို့တော်သို့ ပို့ဆောင်လိုက်ပြီဖြစ်သည်။ "ထိုင်းလူမျိုးတစ်ဦး မဟုတ်တဲ့ နောက်တစ်ယောက်ကို ကျွန်တော်တို့ ဖမ်းဆီးထားပါတယ်" ဟု ဝန်ကြီးချုပ်က အပတ်စဉ် အစိုးရအဖွဲ့အစည်းအဝေးတစ်ခုအပြီး သတင်းထောက်များသို့ ပြောကြားသည်။ ရုပ်မြင်သံကြားပြကွက်များအရ သံသယရှိသူမှာ ဘော့စ်ဘောဦးထုပ်ဆောင်းထားပြီး နေကာမျက်မှန်တပ်ထားကာ နှုတ်ခမ်းမွေးခပ်တိုတိုရှိသော ပိန် သွယ်သွယ်လူတစ်ဦးဖြစ်သည်။ **(အောက်ပုံ)** ဗုံးပေါက်ကွဲမှုကြောင့် အရာရှိ ၂၂ ဦးအား တာဝန်ပေါ့ဆမှုဖြင့် ရာထူးမှ ပြောင်းရွှေ့ခဲ့ကြောင်း၊ ရဲတပ်ဖွဲ့အကြီးအကဲက ဗုံးဖောက်ခွဲသူအား ပထမဆုံးဖမ်းဆီးပေးနိုင်သည့် စုံစမ်းစစ်ဆေးသူများကို ဆုချီးမြှင့်မည်ဟု ကတိပေးပြီးနောက် နောက်တစ်နေ့တွင် အဆိုပါပြောင်းရွှေ့မှု ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ဆိုသည်။ **ရိုက်တာ။**



## ဆိုမာလီတောင်ပိုင်းရှိ အေယူစစ်စခန်းကို အယ်လ်ရှာဘတ် စစ်သွေးကြွများတိုက်ခိုက်

**မိုဂါဒစ်ရှူး စက်တင်ဘာ ၁**

ဆိုမာလီနိုင်ငံတောင်ပိုင်းရှိ အာဖရိကသမဂ္ဂ(အေယူ)တပ်ဖွဲ့ အခြေစိုက်စခန်းတစ်ခုကို အယ်လ်ရှာဘတ်စစ်သွေးကြွများက စက်တင်ဘာ ၁ ရက် နံနက်အစောပိုင်းတွင် တိုက်ခိုက်ခဲ့ရာ အာဖရိကသမဂ္ဂတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်ဦးရေ ဒါဇင်နှင့်ချီကာ ကျဆုံးသွားကြောင်း အဆိုပါစစ်သွေးကြွအဖွဲ့က ပြောကြားသည်။

အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်နွှယ်မှုရှိသော အယ်လ်ရှာဘတ်စစ်သွေးကြွအဖွဲ့မှ တိုက်ခိုက်ရေးသမားများသည် အာဖရိကသမဂ္ဂတပ်ဖွဲ့၏ အခြေစိုက်စခန်းအတွင်းသို့ ဗုံးများထောင်ထားသည့် ကားတစ်စီးဖြင့် အတင်းမောင်းဝင်ခဲ့ပြီး ဖောက်ခွဲခဲ့ကြောင်း၊ အေယူတပ်ဖွဲ့အခြေစိုက်စခန်းအတွင်းသို့ သေနတ်သမားများဝင်ရောက်ပစ်ခတ်ခဲ့ကြောင်း ယင်းအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ရှိတ်အဘူမူဆတ်က ပြောကြားသည်။

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့တော်၏တောင်ဘက် ကီလိုမီတာ ၉၀ (၅၅ မိုင်)ခန့်အကွာရှိ ဂျာနာလီအခြေစိုက်စစ်စခန်းတွင် ဖြစ်ပွားသော တိုက်ခိုက်မှုအတွင်း အာဖရိကသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၅၀ ခန့် သေဆုံးကြောင်း အယ်လ်ရှာဘတ်စစ်သွေးကြွအဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အာဖရိကသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့၏ ဂျာနာလီစစ်စခန်းကို မိမိတို့က ထိန်းချုပ်ထားကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

**ဆင်ဟွာ။**



## စီးကရက်ကြော်ငြာ ထိန်းချုပ်ကန့်သတ်သည့် ဥပဒေသစ် တရုတ်နိုင်ငံ၌ အာဏာသက်ဝင်လာ

**ပေကျင်း စက်တင်ဘာ ၁**

တရုတ်နိုင်ငံသည် စီးကရက်ကြော်ငြာများအား ထိန်းချုပ်ကန့်သတ်နိုင်မည့် ဥပဒေစည်းမျဉ်းသစ်များသည် စက်တင်ဘာ ၁ ရက်တွင် အာဏာသက်ဝင်လာကြောင်း နိုင်ငံပိုင်ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်၌ စီးကရက်ထုတ်လုပ်မှုအများဆုံးနိုင်ငံနှင့် စီးကရက်သောက်သူအများဆုံး နိုင်ငံဖြစ်သည်။ တရုတ်နိုင်ငံသည် စီးကရက်သောက်မှုနှင့် ဆက်နွှယ်နေသော ပြည်သူ့ကျန်းမာရေးပြဿနာကို ဆိုးဆိုးရွားရွား တွေ့ကြုံနေရသော နိုင်ငံလည်းဖြစ်သည်။

တရုတ်ပြည်သူသန်း ၃၀၀ ကျော်သည် ဆေးလိပ်သောက်သူများဖြစ်ပြီး ပြည်သူသန်း ၇၄၀ မှာ ဆေးလိပ်မီးခိုးကို တစ်ဆင့်ခံ ရှူရှိုက်နေကြရကြောင်း ဆင်ဟွာက ရေးသားဖော်ပြသည်။

ဧပြီလတွင် အတည်ပြုပေးခဲ့သော ကြော်ငြာဥပဒေသစ်အရ လူထုဆက်သွယ်ရေးမီဒီယာ၊ အများပြည်သူဆိုင်ရာ နေရာဌာနများ၊ အများပြည်သူသုံး မော်တော်ယာဉ်များနှင့် အများပြည်သူသွားလာရာ နေရာများတွင် စီးကရက်ကြော်ငြာခြင်းကို ပိတ်ပင်ထားသည်။

တရုတ်နိုင်ငံ၌ စီးကရက်ကြော်ငြာများအား ထိန်းချုပ်သည့် ဥပဒေသစ်ကို ဆေးလိပ်သောက်မှုဆန့်ကျင်ရေးလှုပ်ရှားသူများက ကြိုဆိုကြသည်။ **ဆင်ဟွာ။**

# စစ်ဘက်မှူလတာဝန်များ ပြန်လည်ထမ်းဆောင်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ်၊ ၁၉/၂၀၁၅**

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်
(၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်)

**စစ်ဘက်မှူလတာဝန်များ ပြန်လည်ထမ်းဆောင်စေခြင်း**

အောက်ဖော်ပြပါ တိုင်းဒေသကြီးအစိုးရအဖွဲ့များမှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများကို စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေလိုက်သည် -

(၁) ဗိုလ်မှူးကြီးဇော်လင်းအောင် — မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့
(၂) ဗိုလ်မှူးကြီးမောင်မောင်ဝင်း — ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ်၊ ၂၀/၂၀၁၅**

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်
(၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်)

**လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (င)နှင့် ပုဒ်မခွဲ (စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (စ)နှင့် ပုဒ်မခွဲ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က)တို့ပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အောက်ဖော်ပြပါ အရာရှိကြီးများကို ယှဉ်တွဲပါ တိုင်းဒေသကြီးအစိုးရအဖွဲ့တွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

(၁) ဗိုလ်မှူးကြီးနိုင်ဦး — မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့
(၂) ဗိုလ်မှူးကြီးကျော်စွာလှိုင် — ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

❖ **ရှေ့ဖုံးမှ**

ယင်းသို့ အခက်အခဲများအား ယခုဖွင့်လှစ်လိုက်သော ကော့ကရိတ်-သဃ်န်းညီနောင် - မြဝတီလမ်းက ဖြည့်ဆည်းပေးနိုင်တော့မည် ဖြစ်သည်။ ယခင်က အဆင်းတစ်ရက်၊ အတက်တစ်ရက်စနစ်ဖြင့် သွားလာခဲ့ရသော မြဝတီသို့ ယခုအခါတွင် ၄၅ မိနစ်မျှဖြင့် ရောက်ရှိတော့မည်ဖြစ်သည်။

မြန်မာ-ထိုင်း ကုန်သည်များ မျှော်လင့်လျက်ရှိနေသည့် ကော့ကရိတ်-မြဝတီလမ်းကြီး ယခုအခါတွင် ဖွင့်လှစ်လိုက်ပြီ ဖြစ်သောကြောင့် စီးပွားရေးသာမက ဒေသခံတို့၏ လူမှုရေးနှင့်ကျန်းမာရေးကိုပါ အထောက်အကူရရှိစေမည်ဖြစ်သည်။ မြန်မာနှင့်ထိုင်းနှစ်နိုင်ငံအစိုးရသည် မြန်မာ-ထိုင်းအတွက်သာမက ဒေသတွင်းနိုင်ငံများကိုပါ ထပ်မံအထောက်အကူပြုနိုင်စေရန်အတွက် မြန်မာ-ထိုင်းချစ်ကြည်ရေးတံတား အမှတ်(၂) ပန္နက်တင်နိုင်ခဲ့ပြီး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ခဲ့သောကြောင့် ၂၀၁၈ ခုနှစ်မတိုင်မီ တံတားသစ်တစ်စင်း မြင်တွေ့ရဖွယ်ရှိနေသည်။ ကော့ကရိတ်-သဃ်န်းညီနောင်-မြဝတီလမ်းကို ဖွင့်လှစ်နိုင်မှုနှင့် မြန်မာ-ထိုင်းချစ်ကြည်ရေးတံတား အမှတ်(၂) ပန္နက်တင်နိုင်မှုတို့ကြောင့်ရရှိလာနိုင်မည့် အကျိုးရလဒ်များအပေါ် နိုင်ငံ့ခေါင်းဆောင်များနှင့် တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။

**ဦးညဏ်ထွန်း**
**ဒုတိယသမ္မတ**
**ပြည်ထောင်စုသမ္မတ**
**မြန်မာနိုင်ငံတော်**

အခုလို ကော့ကရိတ်-သဃ်န်းညီနောင် - မြဝတီလမ်းကို အောင်အောင်မြင်မြင် ဖွင့်လှစ်နိုင်တဲ့အတွက် လမ်းပန်းဆက်သွယ်မှုတွေ ပိုမိုချောမွေ့သွားမှာပါ။ နယ်စပ်ဒေသမှာ မှီတင်းနေထိုင်ကြတဲ့ နှစ်နိုင်ငံ ပြည်သူတွေရဲ့ အကျိုးစီးပွားကို လက်တွေ့ကျကျ အကောင်အထည်ဖော်ပေးနိုင်တဲ့ အောင်မြင်မှုတစ်ခုပါ။ အခုလည်း မြန်မာ-ထိုင်း ချစ်ကြည်ရေးအမှတ်(၂) တံတား ပန္နက်တင်ပွဲလုပ်နေတယ်။ အမှတ်(၁) ချစ်ကြည်ရေးတံတားကတော့ ကူလူးဆက်သွယ်မှုတွေ များလာတဲ့အတွက် ကုန်တင်ဖြတ်သန်းတဲ့အခါမှာ တံတားပမာဏသေးတဲ့အတွက် လိုချင်သလောက်တင်မရဘူး။ ဒါကြောင့် တံတားအမှတ်(၂) ကိုဆောက်လုပ်ပြီး နှစ်နိုင်ငံ ကုန်သွယ်မှုနဲ့ အခြားဆက်ဆံမှုတွေ မြှင့်တင်တာပါ။ ဒီတံတားကြီးပြီးသွားရင် နှစ်နိုင်ငံ ပြည်သူတွေရဲ့ အကျိုးစီးပွားသာမကဘဲ ဒေသတွင်းနိုင်ငံတွေအတွက်ပါ အထောက်အပံ့ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်တို့ နှစ်နိုင်ငံရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို level အသီးသီးမှာ ဆက်လက်မြှင့်တင်သွားမှာဖြစ်ပါတယ်။ မြန်မာ-ထိုင်း နှစ်နိုင်ငံရဲ့ ဆက်ဆံရေးဟာ အလွန်ကောင်းမွန်တဲ့ အနေအထားမှာ ရှိနေပါတယ်။

**ဦးဝင်းလွင်**
**အင်ဂျင်နီယာချုပ်**
**(ဆောက်လုပ်ရေးဝန်ကြီးဌာန)**

ကျွန်တော်က ကရင်ပြည်နယ် ဆောက်လုပ်ရေးဝန်ကြီးဌာန ရုံးချုပ်ကိုယ်စားတာဝန်ယူရပါတယ်။ အာရှလမ်းမကြီး (အာဆီယံအဝေးပြေးလမ်းမကြီး)က နိုင်ငံ ၃၂ နိုင်ငံနဲ့ ဆက်စပ်နေပါတယ်။ အာရှလမ်းမကြီးကတော့ နိုင်ငံပေါင်း ၁၀ နိုင်ငံနဲ့ ဆက်စပ်နေပါတယ်။ အိန္ဒိယ-မြန်မာ-ထိုင်း အာဆီယံ Tripper type သုံးနိုင်ငံနဲ့ ဆက်စပ်နေပါတယ်။ မဲခေါင်ဒေသဖွံ့ဖြိုးရေးမှာ တရုတ်၊ မြန်မာ၊ ကမ္ဘောဒီးယား၊ ထိုင်း၊ လာအို၊ ဗီယက်နမ် ခြောက်နိုင်ငံပါပါတယ်။ အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းမပေါ်မှာတည်ရှိနေတဲ့ ကော့ကရိတ်-သဃ်န်းညီနောင်-မြဝတီလမ်းဟာဆိုရင် ၄၅ ဒသမ ၄၅ ကီလိုမီတာ အရှည်ရှိပါတယ်။ ၂၀၁၂ ခုနှစ်က တည်ဆောက်ပြီး ၂၀၁၅ ခုနှစ် ဇူလိုင်လမှာ အားလုံးပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ နှစ်လမ်းသွားဖြစ်ပြီး တစ်လမ်းကို ၃ ဒသမ ၅ ကီလိုမီတာနဲ့ လမ်းပခုံးကတော့ တစ်ဖက်စီမှာ ၁ ဒသမ ၅ မီတာရှိပါတယ်။ အကျယ်အားဖြင့် ၁၀ ကီလိုမီတာပါ။ လမ်းသားကတော့ ကတ္တရာ၊ ကွန်ကရစ်ဖြစ်ပါတယ်။ ဒီလမ်းမကြီးဟာ အာဆီယံအဆင့်အနေနဲ့ဆို အဆင့်(၂)အထိ ဆောင်ရွက်ထားတော့ ကျွန်တော်တို့ အင်ဂျင်နီယာတွေအနေနဲ့ နည်းပညာအသစ်တွေအများကြီးရပါတယ်။

ပန္နက်ရိုက်ပြီး ဆောက်လုပ်တော့မယ့် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ် (၂) တံတားအရှည်က မီတာ ၁၂၀ရှိပါတယ်။ တစ်ဖက်ကို ၄၅ မီတာရှိတဲ့ ချဉ်းကပ်တံတားပါ။ အမှတ်(၁) တံတားနဲ့ ငါးကီလိုမီတာ အကွာမှာရှိပါတယ်။ ဒီတံတားကို ထိုင်း-မြန်မာပူးပေါင်းဆောင်ရွက်ရေးကော်မတီတစ်ရပ်ဖွဲ့ပြီး ဆောင်ရွက်သွားမှာပါ။ ကုန်ကျစရိတ်ကိုတော့ ထိုင်းနိုင်ငံဘက်ကပဲ ကျခံပေးမှာပါ။ စုစုပေါင်း ဘတ်သန်းပေါင်း ၃၉၀၀ ကျခံပြီး တည်ဆောက်မှာပါ။

ဒီလမ်းကြီးကို ဖောက်လုပ်ပြီးစီးသွားတဲ့အတွက် အရင်သွားနေတဲ့ မူလလမ်းဟောင်းက တစ်ရက်ကို တစ်ကြောင်းပဲ သွားလို့ရတယ်။ အသွား တစ်ရက်၊ အပြန်တစ်ရက်ပါ။ လမ်းဟောင်းက သွားရတဲ့ အခက်အခဲက အများကြီးပါ။ ဩဂုတ် ၂၉ ရက်ကဆို ကားအစီး ၂၀၀၀ လောက်ရပ်ပြီး ပိတ်သွားတာတွေ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် ယာဉ်မောင်းစည်းကမ်းမရှိမှု၊ လမ်းရဲ့အားနည်းမှု၊ ရာသီဉတုဒဏ်တွေကြောင့် ရေတိုက်စားပြီး လမ်းသားတွေ ပဲ့ပါကုန်တာကြောင့် သွားလို့မရခဲ့ပါဘူး။ အခုချိန်မှာတော့ အချိန်တိုသွားနိုင်တဲ့အတွက် ဒေသခံပြည်သူလူထုရဲ့ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး အစစအရာရာ ပိုကောင်းလာမှာပါ။ နောက်တစ်ခုက နယ်စပ်ကုန်သွယ်ရေးမှာလည်း အများဆုံး ကုန်သွယ်နေတဲ့ ဝင်ပေါက်/ထွက်ပေါက်ဖြစ်တာကြောင့် စီးပွားရေးအရ အကျိုးဖြစ်ထွန်းမှု များစွာရရှိစေပါတယ်။ ဒီလမ်းမကြီးကတော့ ကျွန်တော်အခုပြောပြတဲ့ အခက်အခဲတွေ အားလုံး ကျော်လွှားပေးနိုင်မှာပါ။

**ဦးစောဝင်းထိန်**
**ကရင်ပြည်နယ်အစိုးရအဖွဲ့**
**ခေတ္တဝန်ကြီးချုပ်**

ဩဂုတ် ၃၀ ရက်မှာ စတင်လွှဲပြောင်းခဲ့တဲ့ ကော့ကရိတ်-သဃ်န်းညီနောင်-မြဝတီလမ်း ဖွင့်လှစ်နိုင်တဲ့အတွက် ကျွန်တော်တို့ ပြည်နယ်သူပြည်နယ်သားတွေသာမကဘဲ ဗီယက်နမ်၊ လာအို၊ ထိုင်း၊ မြန်မာတစ်လျှောက်မှာရှိတဲ့ ပြည်သူပြည်သားတွေအတွက်ပါ အကျိုးရှိမှာဖြစ်ပါတယ်။ စီးပွားရေးကို အထောက်အကူပြုမှာပါ။ နောက် မြန်မာ-ထိုင်း ချစ်ကြည်ရေး အမှတ်(၂)တံတားကိုလည်း ဆောက်မယ်ဆိုတော့ နှစ်နိုင်ငံ ပြည်သူတွေရဲ့ ချစ်ကြည်ရင်းနှီးမှုကို ဆတက်ထမ်းပိုးတိုးအောင် ဆောင်ရွက်ပေးမယ့် မေတ္တာပေါင်းကူးတံတားလို့ ပြောချင်ပါတယ်။ လမ်းမပြီးခင်မှာ ကျွန်တော်တို့ တောင်ပေါ်လမ်းကနေသွားရပါတယ်။ တောင်ပေါ်လမ်းဆိုတာ ကျောက်နံရံတွေ ထွင်းဖောက်ပြီးသွားရတဲ့ လမ်းဆိုတော့ ယာဉ်တစ်စီးစာပဲ သွားလို့ရပါတယ်။ အဲ့ဒီတော့ ဘားအံကနေ မြဝတီ အတက် တစ်ရက်၊ အဆင်းတစ်ရက်ဆိုပြီး သွားရပါတယ်။ ဒီတော့ ကုန်စည်စီးဆင်းမှုတွေ နှောင့်နှေးရပါတယ်။ အခုတော့ ယာဉ်တွေ ချောချောမွေ့မွေ့သွားနိုင်မှာဆိုတော့ အများကြီး အထောက်အကူပြုမှာပါ။ တံတားကတော့ နှစ်နှစ်လောက်ကြာလိမ့်မယ်။

**ပဒိုမန်းငြိမ်းမောင်**
**(ဗဟိုကော်မတီဝင်)**
**ကရင်အမျိုးသားအစည်းအရုံး(KNU)**

အရင်လမ်းဟောင်းက နှစ်နာရီလောက်သွားရတယ်။ ဒီလမ်းက မိနစ် ၃၀ လောက်ပဲသွားရမယ်။ ဒါကြောင့်မို့ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းလာမယ်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုဟာ ပြည်သူတွေအတွက် အများကြီးအကျိုးရှိပါတယ်။ ဒေသဖွံ့ဖြိုးရေးအတွက်ကော၊ နိုင်ငံတော်အတွက်ပါ အကျိုးဖြစ်ထွန်းမှုများတယ်။ ကျွန်တော်တို့ ကရင်ပြည်နယ်မှာ ဖောက်တဲ့လမ်းဆိုတော့ ကရင်လူမျိုးအတွက် အင်မတန်အကျိုးရှိပါတယ်။ အခု ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတားအမှတ်(၂)သာ ထပ်ဆောက်လို့ ပြီးမယ်ဆိုရင် မျှော်မှန်းလို့မရနိုင်အောင် အလွန်ကောင်းမွန်တဲ့ အကျိုးရလဒ်တွေ ရပါလိမ့်မယ်။ ကျွန်တော်တို့က ငြိမ်းချမ်းရေးရအောင် တည်ဆောက်မယ့်အဖွဲ့အစည်းပါ။ နှစ်ပေါင်း ၆၀ ကျော် ကျွန်တော်တို့ပြည်သူတွေ ပြည်တွင်းစစ်ရဲ့ဒဏ်ကို ခါးသီးစွာခံစားလာရတဲ့အတွက် ငြိမ်းချမ်းရေးက ကျွန်တော်တို့ရဲ့ ဆန္ဒဖြစ်တယ်။ ကျွန်တော်တို့ရဲ့ ဘဝ၊ အနာဂတ်နဲ့ ကံကြမ္မာဖြစ်ပါတယ်။ ကရင်အမျိုးသားတွေအနေနဲ့ ငြိမ်းချမ်းရေးရယူဖို့ ဆန္ဒဘယ်လောက်ရှိတယ်ဆိုတာ ကွင်းဆင်းလေ့လာကြည့်ပါ။

**ဦးဝင်းမောင်**
**ထိုင်းနိုင်ငံဆိုင်ရာ**
**မြန်မာနိုင်ငံ သံအမတ်ကြီး**

ကျွန်တော် ဘန်ကောက်မှာ သံအမတ်အဖြစ် တာဝန်ထမ်းဆောင်တာ တစ်နှစ်ခွဲရှိပါပြီ။ ဒီလမ်းကြီးကို လွန်ခဲ့တဲ့ နှစ်နှစ်ကျော်လောက်ကတည်းက စီစဉ်နေတာပါ။ မြန်မာ-ထိုင်းချစ်ကြည်ရေးအမှတ်(၂) တံတားကိုလည်း ဆက်လက်လုပ်ဆောင်ဖို့ စီစဉ်နေပါတယ်။ အခုလို လမ်းတွေ၊ တံတားတွေ ဖြစ်ထွန်းလာတဲ့အတွက် နှစ်နိုင်ငံ ပြည်သူလူထုသွားရေးလာရေးတွေ ပိုမိုလွယ်ကူပြီး နှစ်နိုင်ငံ ကုန်သွယ်မှုကိုလည်း ပိုမိုမြှင့်တင်နိုင်မှာပါ။ နောက် အာဆီယံအနောက်စင်္ကြံလမ်းလို့ ခေါ်တဲ့ အိန္ဒိယ-မြန်မာ-ထိုင်းအတွက်လည်း ဒီလမ်းဟာ အထောက်အကူ ဖြစ်စေမှာပါ။ ဒီလမ်းမဖောက်ခင်က ကုန်သွယ်မှုမှာ အဆင်းတစ်ရက်၊ အတက်တစ်ရက် ထားပြီး ကုန်ပစ္စည်းတွေ သယ်ဆောင်ရပါတယ်။ အဆင်းပဲဖြစ်ဖြစ်၊ အတက်ပဲဖြစ်ဖြစ် ကားပျက်ပြီဆို ပိုမိုနှောင့်နှေးတယ်။ အချိန်လည်းပိုကြာတယ်။ အခုဆိုရင် ၄၅ မိနစ်လောက်နဲ့ ကော့ကရိတ်ကို ရောက်မှာဆိုတော့ ကုန်စည်စီးဆင်းမှု၊ လူမှုရေး၊ ကျန်းမာရေး အားလုံးကောင်းလာမှာပါ။

မြန်မာနဲ့ ထိုင်းပြည်သူတွေအတွက် ဗီဇာကင်းလွတ်ခွင့်ရရှိရေး လက်မှတ်ရေးထိုးပြီး မြန်မာနဲ့ သွားလာမှုတွေ လုပ်လို့ရအောင် ဆောင်ရွက်နေပါတယ်။ ဒီလမ်းတွေနဲ့ နောက် ဒုတိယတံတားဖွင့်ပြီးချိန်မှာ ဝင်ခွင့်လက်မှတ်တွေ အခမဲ့ရရှိအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ။


ဦးဝင်းလွင်


ဦးစောဝင်းထိန်


ပဒိုမန်းငြိမ်းမောင်


ဦးဝင်းမောင်

## ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများ စက်တင်ဘာ ၁၄ ရက်တွင် ကပ်ထားကြေညာသွားမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အသိပေးကြေညာချက်**

၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်

၁။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများကို ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့တွင် ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ ကပ်ထားကြေညာသွားမည်ဖြစ်ပါသည်။

၂။ မဲဆန္ဒရှင်များသည် မဲစာရင်းတွင် မိမိ၏ အမည်ပါဝင်ခြင်းရှိ/မရှိ၊ မဲစာရင်းတွင် မပါဝင်သင့်သူများပါဝင်ခြင်း ရှိ /မရှိနှင့် မဲစာရင်းပါအချက်အလက်များမှန်ကန်မှုရှိ /မရှိ သွားရောက်ကြည့်ရှုကြရန် ဖြစ်ပါသည်။

၃။ အမည်ပါဝင်ခြင်းမရှိသေးပါက အမည်ထည့်သွင်းပေးရန် ပုံစံ (၃) ဖြင့်လည်းကောင်း၊ မဲစာရင်းတွင် မပါဝင်သင့်သူများ ပါဝင်နေပါက ကန့်ကွက်ရန် ပုံစံ (၄)ဖြင့်လည်းကောင်း၊ မဲစာရင်းပါအချက်အလက်များ မှန်ကန်မှုမရှိပါက ပြင်ဆင်ပေးရန် ပုံစံ (၄-က) ဖြင့်လည်းကောင်း၊ ၁၄-၉-၂၀၁၅ရက်မှ ၂၇-၉-၂၀၁၅ရက်အတွင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ အချိန်မီတင်သွင်းကြရန် ဖြစ်ပါသည်။

၄။ ရေဘေးသင့်ဒေသများတွင်လည်း မဲစာရင်းများကို ၁၄-၉-၂၀၁၅ ရက်နေ့တွင် ကပ်ထားကြေညာမည်ဖြစ်ပါသည်။ သို့ရာတွင် ရေဘေးသင့်ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအချို့၌ ပုံစံ(၃)၊ ပုံစံ(၄)နှင့် ပုံစံ(၄-က) တင်သွင်းခြင်းတို့ကို ၂၇-၉-၂၀၁၅ရက်ထက်ကျော်လွန်၍ ဆောင်ရွက်ရန်လိုအပ်ပါက အချိန်တိုးမြှင့်နိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲက သင့်လျော်သောကာလကို သတ်မှတ်၍ မဲစာရင်းနှင့် စပ်လျဉ်းသော ပုံစံ(၂) နှင့် ပုံစံ(၂-က)တို့တွင် ထည့်သွင်းထုတ်ပြန်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**




# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးကျင်းပ



**ရန်ကုန် စက်တင်ဘာ ၁**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာအစည်းအဝေးကို ရန်ကုန်မြို့ရှိ Park Royal ဟိုတယ်၌ ယနေ့ နံနက် ၉ နာရီတွင် ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် ရွေးကောက်ပွဲအရာရှိ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများနှင့် နိုင်ငံရေးပါတီ (၇၉) ပါတီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက မကြာမီကာလတွင် နိုင်ငံရေးပါတီများသည် မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ လုပ်ဆောင်ကြမည် ဖြစ်သကဲ့သို့ ကော်မရှင်အနေဖြင့်လည်း ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ထပ်မံတွေ့ဆုံရန် ကန့်သတ်ချက်များ ရှိပါကြောင်း၊

မဲစာရင်းကို စက်တင်ဘာလလယ်ခန့်တွင် ကြေညာသွားမည်ဖြစ်ကြောင်း၊ ကိုယ်စားလှယ်လောင်းများ စိစစ်ရက်ကိုလည်း လွှတ်တော်နှင့် တိုက်ဆိုင်နေသည့်အတွက် ကိုယ်စားလှယ်လောင်းများ စိစစ်သည့်နေရာသို့ ကိုယ်တိုင်သွားရောက်နိုင်ရေးအတွက် ဇူလိုင် ၃၁ ရက်အထိ တိုးမြှင့်ပေးခဲ့ပြီးဖြစ်ကြောင်း၊

လွှတ်တော်ကိုယ်စားလှယ်လောင်းများစိစစ်ပြီးပါက အတည်ပြုလွှတ်တော် ကိုယ်စားလှယ်လောင်းများစာရင်းကို ပုံစံ (၁၀)ဖြင့် ကြေညာမည်ဖြစ်ပြီး ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးနိုင်ရန် မဲဆွယ်စည်းရုံးရေးကာလကိုလည်း ကြေညာပေးမည်ဖြစ်ကြောင်း၊

နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆွယ်စည်းရုံးရာတွင် လိုက်နာရမည့် ကျင့်ဝတ်နှင့် ၁/၂၀၁၄ ကြေညာချက်တို့နှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ /မရှိကို Monitoring ပြုလုပ်ရန် Code of Conduct ၏ Channel 8 တွင် ပါဝင်ကြောင်း၊ ကျင့်ဝတ်နှင့် မညီသဖြင့် တိုင်ကြားလာပါက ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးမည့် Monitoring ကော်မတီကို ဖွဲ့စည်း၍ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုကြောင်း၊

Monitoring ကော်မတီကို ပါတီများအနေဖြင့် ညှိနှိုင်းဖွဲ့စည်းပြီး မည်ကဲ့သို့ ဆောင်ရွက်မည်ကို ကြေညာချက်များ ထုတ်ပြန်ရန် လိုအပ်ကြောင်း၊ ကျင့်ဝတ်နှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်မှုမရှိခြင်းကို Monitoring ကော်မတီက ညှိနှိုင်းဖြေရှင်း၍ မရပါက ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီသို့ ဦးစွာတင်ပြဆောင်ရွက်စေမည်ဖြစ်ပြီး ညှိနှိုင်းဖြေရှင်းမရသေးလျှင် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးကော်မတီသို့ ဆက်လက်တင်ပြ ဆောင်ရွက်စေမည်ဖြစ်ကြောင်း၊

တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မဲစာရင်းများကြေညာသည့်အခါ နိုင်ငံရေးပါတီများအနေဖြင့် မိမိတို့ မဲဆန္ဒရှင်များ မဲစာရင်းတွင်ပါရှိရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ မဲဆန္ဒရှင်များ မဲပေးသည့်အခါ လွယ်ကူမြန်ဆန်စေရန်နှင့် မှတ်ပုံတင်နှင့် အခြားသက်သေခံကတ်များ ပျောက်ဆုံးသည့် မဲဆန္ဒရှင်များ မဲပေးနိုင်ရေးအတွက် မဲဆန္ဒရှင်သက်သေခံလက်မှတ်ကို ရွေးကောက်ပွဲနေ့မတိုင်မီ တစ်ပတ်အလိုတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပြင်ဆင်ပြီးသည့် မဲဆန္ဒရှင်စာရင်းအရ ထုတ်ပေးမည်ဖြစ်ကြောင်း၊ မဲပေးမည့်နေ့ မဲလက်မှတ်ထုတ်ရာတွင် သက်သေခံလက်မှတ်ကို မဲစာရင်းဖြင့် ပြန်လည်တိုက်ဆိုင် စစ်ဆေးမည်ဖြစ်ကြောင်း၊ မဲစာရင်းနှင့်မကိုက်ညီပါက မဲရုံမှူးနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ အုပ်ချုပ်ရေးမှူးနှင့် မဲရုံကိုယ်စားလှယ်များ၊ အကူကိုယ်စားလှယ်များက မသမာမှု ဟုတ်/မဟုတ် စိစစ်မည်ဖြစ်ကြောင်း၊ မသမာမှုပြုလုပ်ပါက လုံခြုံရေးအဖွဲ့က အရေးယူ ဆောင်ရွက်မည်ဖြစ်ကြောင်း။

ထို့ပြင် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား သင်တန်းပို့ချနိုင်ရေးအတွက် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရန် ပြည်တွင်း၊ ပြည်ပ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များကို ဖိတ်ခေါ်ထားပြီး လျှောက်ထားလာသည့် အဖွဲ့များကို စိစစ်ခွင့်ပြု၍ အသိအမှတ်ပြုကတ်ပြားများ ထုတ်ပေးလျက်ရှိကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို လွတ်လပ်မျှတပြီး ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲအဖြစ် ကျင်းပပေးသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံရေးပါတီများအနေဖြင့် လိုက်နာရမည့်ကျင့်ဝတ်များနှင့်အညီ ယှဉ်ပြိုင်သွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် IFES မှ Mr. Paul Guerin က မဲဆန္ဒရှင်အသိပညာပေး အစီအစဉ်တွင် အသုံးပြုမည့် ပညာပေးပစ္စည်း၊ ဗီဒီယို၊ စာရွက်စာတမ်းများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်က တစ်နိုင်ငံလုံးအဆင့် မဲဆန္ဒရှင်စာရင်းပြုစုခြင်း လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကိုက မဲဆွယ်စည်းရုံးခြင်းဆိုင်ရာ ညွှန်ကြားချက်နှင့် လိုက်နာရန်အချက်များ၊ မဲဆွယ်စည်းရုံးခြင်း ရန်ပုံငွေထုတ်ဖော်ကြေညာခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်လက်စွဲစာစောင်၊ မဲရုံလုပ်ငန်းစဉ်သရုပ်ပြဗီဒီယိုနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ၊ လုံခြုံရေးကော်မတီ၊ လေ့လာစောင့်ကြည့်ရေး ကော်မတီများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများဖြေရှင်းခြင်း၊ ကိုယ်စားလှယ်လောင်းများ၏ မဲရုံကိုယ်စားလှယ်များဆိုင်ရာနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားရာ တက်ရောက်လာသော နိုင်ငံရေးပါတီများက မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအား တည်ငြိမ်အေးချမ်းအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံရေးပါတီများအနေဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တစ်နိုင်ငံလုံးမဲဆန္ဒရှင်စာရင်း စက်တင်ဘာ ၁၄ ရက်တွင် ထုတ်ပြန်မည်

**ရန်ကုန် စက်တင်ဘာ ၁**

တစ်နိုင်ငံလုံး မဲဆန္ဒရှင်စာရင်းအား စက်တင်ဘာ ၁၄ ရက်တွင် ထုတ်ပြန်နိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC)မှ စီစဉ်လျက်ရှိကြောင်း ကော်မရှင်အဖွဲ့ဝင်တစ်ဦးထံမှ သိရသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးကလည်း ကော်မရှင်အနေဖြင့် မဲစာရင်းကို စက်တင်ဘာလလယ်တွင် ကြေညာသွားနိုင်ရန် မျှော်မှန်းထားကြောင်း စက်တင်ဘာ ၁ ရက်နေ့က ရန်ကုန်မြို့ Park Royal ဟိုတယ်တွင် UEC နှင့် နိုင်ငံရေးပါတီများအကြား ခြောက်ကြိမ်မြောက် တွေ့ဆုံသည့် ပူးပေါင်းညှိနှိုင်းမှုဆိုင်ရာ အစည်းအဝေးတွင် ပြောကြားခဲ့သည်။

မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းတွင် အမည်ပါရှိမှသာ မဲပေးနိုင်မည်ဖြစ်ပြီး တစ်နိုင်ငံလုံးမဲဆန္ဒရှင်စာရင်းအား ၁၄ ရက်ကြာ ကြေညာထားမည်ဖြစ်သည်။ ယင်းသို့ ကြေညာထားသည့်ရက်အတွင်း မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းတွင် ဖြည့်စွက်၊ ပြင်ဆင်၊ ပယ်ဖျက်ခြင်းများကိုဆောင်ရွက်နိုင်မည် ဖြစ်သည်။

လက်ရှိတွင် အခြေခံမဲဆန္ဒရှင်စာရင်းအရ မြန်မာနိုင်ငံတွင် အသက် (၁၈)နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၃၂ သန်းရှိကြောင်းသိရသည်။

ယခင်က ဩဂုတ်လကုန်ပိုင်းတွင် ကြေညာနိုင်ရန် စီစဉ်ထားသော်လည်း မြန်မာနိုင်ငံ၏ နေရာအနှံ့တွင် ရေဘေးဒုက္ခ ကျရောက်ခဲ့သဖြင့် မဲဆန္ဒရှင်များ မဲစာရင်းကြည့်ရှုခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ပြင်ဆင်ခြင်းများဆောင်ရွက်ရာတွင် အခက်အခဲရှိနိုင်သည့်အတွက် ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်ကြောင်း ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက ဆိုသည်။

မဲဆန္ဒနယ်ပြင်ပတွင် ရက်ပေါင်း ၁၈၀ အထက် နေထိုင်ကြသူများအား မဲပေးပိုင်ခွင့် ရရှိစေရန်အတွက် ပုံစံ (၃-က)ဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၀ ရက်အထိ နောက်ဆုံးထားလျှောက်ထားရမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဩဂုတ် ၁၉ ရက်တွင် နှိုးဆော်အသိပေးထားသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် တစ်နိုင်ငံလုံးမဲစာရင်း ကြေညာပြီးနောက် ပြင်ဆင်ခြင်း၊ မဲလက်မှတ်များရိုက်နှိပ်ခြင်း၊ နိုင်ငံပြင်ပရောက် မဲဆန္ဒရှင်များအတွက် ကြိုတင်ဆန္ဒမဲလက်မှတ်များ ပေးပို့ခြင်း၊ မဲရုံများဆောက်လုပ်ခြင်း၊ မဲရုံသုံးပစ္စည်းများပေးပို့ခြင်း၊ ဆန္ဒမဲလက်မှတ်များဖြန့်ဝေခြင်း၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် အဖွဲ့ဝင်များအား သင်တန်းပို့ချခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်မည် ဖြစ်သည်။

**(မြတ်သန္တာမောင်)**

ပြန်လည်ထူထောင်ရေး

# ရေဘေးသင့်ပြည်သူများအား ရှာဖွေကယ်ဆယ်ရန် အသက်ကယ် အမြန်ရေယာဉ်များ အသုံးပြုမည်



သတင်း - ဝင်းဝင်းမော်
ဓာတ်ပုံ - ဇော်မင်းလတ်

**ရန်ကုန် စက်တင်ဘာ ၁**

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မီးသတ်ဦးစီးဌာနသို့ ဩဂုတ် ၁၅ ရက်က လေကြောင်းခရီးဖြင့် လှူဒါန်းထားသည့် အမြန်ရေယာဉ်အစင်း ၁၀၀ ကို နေပြည်တော်ကောင်စီ၌ တစ်စင်း၊ ကချင်ပြည်နယ်၌ ငါးစင်း၊ ကယားပြည်နယ်၌ တစ်စင်း၊ ကရင်ပြည်နယ်၌ ငါးစင်း၊ ချင်းပြည်နယ်၌ တစ်စင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ၁၁ စင်း၊ တနင်္သာရီတိုင်းဒေသကြီး၌ လေးစင်း၊ ပဲခူးတိုင်းဒေသကြီး၌ ရှစ်စင်း၊ မကွေးတိုင်းဒေသကြီး၌ ခြောက်စင်း၊ မန္တလေးတိုင်းဒေသကြီး၌ ရှစ်စင်း၊ မွန်ပြည်နယ်၌ သုံးစင်း၊ ရခိုင်ပြည်နယ်၌ ကိုးစင်း၊ ရန်ကုန်တိုင်းဒေသကြီး၌ ငါးစင်း၊ ရှမ်းပြည်နယ်၌ ရှစ်စင်း၊ ဧရာဝတီတိုင်းဒေသကြီး၌ ၁၀ စင်းတို့ကို ဖြန့်ဝေပေးခဲ့ပြီး မီးသတ်ဦးစီးဌာန(ရုံးချုပ်)နေပြည်တော်တွင် ငါးစင်း၊ ရန်ကုန်တွင် ၁၀ စင်းဖြန့်ခွဲထားရှိပြီး ရေကြီးရေလျှံခြင်း၊ ရေနစ်ခြင်းများကြုံတွေ့ပါက အဆိုပါ စက်လှေများအသုံးပြုပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာဌာနမှ သိရသည်။

အဆိုပါ စက်လှေများတွင် ရှာဖွေကယ်ဆယ်ရေးသုံး အသက်ချူကိရိယာများ၊ ရေပြင် အသက်ကယ်လုပ်ငန်းများ၊ ခေတ်မီဆက်စပ်ပစ္စည်းများ ပါဝင်ပြီး လူဦးရေ ၁၀ ဦးနှင့် ၁၅ ဦး တင်ဆောင်နိုင်သည့် စက်လှေများဖြစ်ကာ တစ်စင်းလျှင် ရန်ကုန်အရောက် အမေရိကန်ဒေါ်လာ ၁၆၁၂၉ ဒေါ်လာတန်ဖိုးရှိပြီး Fiber glass အမျိုးအစားများဖြစ်သည်။ မြင်းကောင်ရေ 40-HP ရှိပြီး လောင်စာဆီ၊ သာမန်ဓာတ်ဆီနှင့် အောက်တိန်း 90-RON အသုံးပြုနိုင်ကြောင်း သိရသည်။

ဩဂုတ် ၂၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့သဘာဝဥယျာဉ်ရှိ ကန်တော်ကြီးရေပြင်၌ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက အဆိုပါ အမြန်ရေယာဉ်များဖြင့် အသက်ကယ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို လက်တွေ့သရုပ်ပြသခဲ့သည်။

သဘာဝဘေးအန္တရာယ်နှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် ဘေးဒုက္ခရောက်ရှိသူ ပြည်သူများအား မီးသတ်တပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသအသီးသီး၌ တောင်ပြိုကျခြင်း၊ ကမ်းပါးပြိုကျခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ တိုက်ပြိုကျခြင်း၊ တံတိုင်းပြိုကျခြင်း၊ ယာဉ်တိုက်ခြင်း၊ ရေကြီးခြင်း၊ ယာဉ်တိမ်းမှောက်ခြင်း၊ ရေနစ်မြုပ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ ရေတွင်းအတွင်းပြုတ်ကျခြင်း၊ သစ်ပင်ပြိုလဲခြင်း၊ အစာအဆိပ်သင့်ခြင်း၊ ဓာတ်လှေကားပိတ်မိခြင်း အစရှိသည့် မတော်တဆဖြစ်စဉ် ၉၀၄ ကြိမ်တွင် မီးသတ်တပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည်။

မီးသတ်ဦးစီးဌာနအနေဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုများနှင့်အညီ မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေးရည်မှန်းချက်တာဝန် ၄ ရပ်ချမှတ်ထားကာ တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့တော်များတွင် ရှာဖွေကယ်ဆယ်ရေးတပ်ခွဲများကို တပ်ခွဲတစ်ခွဲလျှင် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၂၁ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၉၅ ဦး စုစုပေါင်း ၁၁၆ ဦးဖြင့် နိုင်ငံတစ်ဝန်းတွင် တပ်ခွဲပေါင်း ၁၇ ဖွဲ့ ဖွဲ့စည်းထားပြီးဖြစ်သည်။ မြို့နယ်များတွင်လည်း ရှာဖွေကယ်ဆယ်ရေးတပ်စုများ မြို့နယ်အလိုက် ဖွဲ့စည်းထားရှိရာ တစ်မြို့နယ်လျှင် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ငါးဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ စုစုပေါင်း ၃၅ ဦးဖြင့် ဖွဲ့စည်းထားရှိပြီး မြို့နယ်ပေါင်း ၃၃၃ မြို့နယ်တွင် စုစုပေါင်းအင်အား ၁၃၆၂၇ ဦးဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များအား အရေးပေါ်အခြေအနေများနှင့် ကြုံတွေ့ပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်းတွင် ဗဟိုမီးသတ်သင်တန်းကျောင်း (ပြင်ဦးလွင်)နှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်တို့တွင် သာမက ခေတ်မီနည်းစနစ်များ သင်ယူနိုင်ရေးအတွက် မလေးရှား၊ ကိုရီးယား၊ ဂျပန် ၊ တရုတ်၊ စင်ကာပူ အစရှိသည့် နိုင်ငံများသို့ ပညာသင်များစေလွှတ်ခြင်း၊ ပြည်ပမှ ကျွမ်းကျင်ပညာရှင်များဖြင့် သင်တန်းများပို့ချပေးကာ စွမ်းရည်များ မြှင့်တင်ပေးလျက်ရှိကြောင်း သိရသည်။

# ရခိုင်ဒေသရေဘေးသင့်ပြည်သူများအတွက် ကူညီထောက်ပံ့ရေးပစ္စည်းများကို တန် ၁၀၀၀ ဆံ့ MV အမရာ-7 သင်္ဘောဖြင့် တင်ပို့ပေးနေ

**စစ်တွေ စက်တင်ဘာ ၁**

ရခိုင်ပြည်နယ် မြောက်ဦး၊ ကျောက်တော် ရေဘေးသင့်ဒေသများအား ပြန်လည်ထူထောင်ရေးအတွက် CB-KMA Foundation နှင့် ပူးပေါင်း၍ KMA Shipping Co.,Ltd နှင့် Family Win Ltd တို့မှ တန်-၁၀၀၀ဆံ့ MV အမရာ(၇) သင်္ဘောဖြင့် ရန်ကုန်ရွှေပြည်သာရှိ Shwe Me Logistics Services Terminal မှ ရခိုင်ပြည်နယ်သို့ စက်တင်ဘာ ၁ ရက် နံနက်ပိုင်းတွင် ဒုတိယအကြိမ် ပို့ဆောင်ရန် ထွက်ခွာသွားပြီဖြစ်ကြောင်း သိရသည်။

ယင်းသင်္ဘောတွင် CB-KMA Foundation မှ လှူဒါန်းသော ဆန်နှင့် အစားအသောက်မျိုးစုံ၊ ဓာတ်ဆားနှင့် ဆေးဝါးမျိုးစုံ၊ ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များ၊ စောင်နှင့် အဝတ်အထည်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ညရေးညတာတွင် အသုံးပြုနိုင်ရန် လက်နှိပ်ဓာတ်မီးများ အစရှိသည့် လိုအပ်သော အသုံးအဆောင်ပစ္စည်းများ၊ Alpine ကုမ္ပဏီလီမိတက်မှ လှူဒါန်းသော Alpine သောက်ရေသန့်များနှင့် အလှူရှင်များမှတစ်ဆင့် လှူဒါန်းထားသော ပစ္စည်းမျိုးစုံပါဝင်သည်။ ထို့အပြင် CB-KMA Foundation က ကျောင်းသား ကျောင်းသူများအတွက် လိုအပ်လျက်ရှိသော ခဲတံနှင့်ဗလာစာအုပ်များလည်း ပါဝင်လှူဒါန်းထားသည်။

စေတနာရှင် အလှူရှင်များအနေဖြင့် ကျောင်းသုံးဖတ်စာအုပ်များနှင့် ဗလာစာအုပ်များ၊ ပညာရေးဆိုင်ရာ သင်ထောက်ကူပစ္စည်းများ၊ သန့်ရှင်းသော သောက်သုံးရေရရှိရန်အတွက် အထောက်အကူပြု စက်ကိရိယာပစ္စည်းများကို ကူညီလှူဒါန်းနိုင်ပါကြောင်းနှင့် အလှူငွေလှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် တက္ကသိုလ်ရိပ်သာ လမ်းသစ်၊ ဆရာစံပလာဇာရှိ CB-KMA Foundation ရုံးနှင့် CB Bank ၏ ရန်ကုန်ဘဏ်ခွဲများသို့ အလှူငွေများအား လူကိုယ်တိုင်ဖြစ်စေ(သို့မဟုတ်) CB-KMA Foundation ဘဏ်စာရင်း(A/C No.0016100500003409)သို့ ထည့်သွင်းပေးခြင်းဖြင့်ဖြစ်စေ၊ CB Bank ၏ Mobile Banking Service မှဖြစ်စေ ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)



## ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့များ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၁**

ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ၁ ပေခန့်နှင့် ဟုမ္မလင်းမြို့တွင် ပေဝက်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ခန္တီးမြို့တွင် ၂ ပေခန့်နှင့် နောက်နှစ်ရက်အတွင်း ဟုမ္မလင်းမြို့တွင် ၃ ပေခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ခန္တီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားကြောင်း သိရသည်။

(ကြေးမုံ)

## ပြန်လည်ထူထောင်ရေးအတွက် အလှူငွေများပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁**

ရေဘေးသင့် ကျောင်းများနှင့် ကျောင်းသူ ကျောင်းသားများအတွက် ပြန်လည်ထူထောင်ရေး အလှူငွေများ ပေးအပ်ပွဲကို ယနေ့နံနက် ၁၁ နာရီက နေပြည်တော်ကောင်စီ နယ်မြေ ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန် အထကကျောင်း၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းငွေက အဖွင့် အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံအတွင်းရှိ ရေဘေးသင့် စာသင်ကျောင်းများနှင့် တက်ရောက်ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအတွက် ကျည်တောင်ကန် အထကကျောင်းမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပညာရေးဝန်ထမ်းများက လှူဒါန်းသော အလှူငွေကျပ် ခုနစ်သိန်းကို အလှူရှင်များကိုယ်စား ကျောင်းကောင်စီအတွင်းရေးမှူး မောင်ဖြိုးဝေအောင်က ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းငွေက လက်ခံရယူခဲ့ကြောင်း သိရသည်။

ရွှေရဲရင့်

## ကူညီထောက်ပံ့မှုများ

# လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်းနှင့် ပြန်စိုက်ဧက

၂၀၁၅ ခုနှစ် စက်တင်ဘာ(၁)ရက်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | သီးနှံစုစုပေါင်း (ဧက) | | | | |
|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၂၅၁၈ | ၂၈၄၇၄ | ၁၅၆၆၃ | ၁၂၇၉၁ | ၆၄၂၄ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၁၀၄ | ၆၈ | ၄ |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၄၈ | ၁၀၆ | ၇၄ |
| ၅။ | ချင်းပြည်နယ် | ၅၇၄၀ | ၅၇၄၀ | ၅၇၄၀ | ၃၂၂၀ | ၃၇၂ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၉၀၀၅၈ | ၁၈၆၉၆၂ | ၁၅၂၆၈၂ | ၁၂၁၃၈၅ | ၅၆၃၀၂ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၇၅၉၂၅ | ၂၂၉၉၈၉ | ၁၅၂၈၄၇ | ၆၆၉၃၇ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၆၈၄၆ | ၉၆၈၄၆ | ၆၅၈၅၈ | ၁၂၈၀ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၈၃ | ၃၅၈၃ | ၂၆၂ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၂၂၉၄ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၇၃၁၅၄ | ၂၁၇၂၄၆ | ၂၁၅၇၉၂ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၇၈၄၅ | ၁၀၇၈၄၅ | ၇၆၉၄၁ | ၅၆၄၈၆ | ၆၉၉၇ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၃၃၇၃ | ၁၃၃၇၃ | ၃၈၆၄ | ၂၆၅၄ | ၄၄၆ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၃၁၅၆၃၂ | ၂၅၅၇၁၃ | ၂၅၁၆၉၉ | ၂၀၉၆၄၅ | ၁၁၈၃၀ |
| | စုစုပေါင်း | ၁၄၄၇၀၈၀ | ၁၃၈၀၀၂၁ | ၁၁၀၉၈၈၆ | ၈၄၂၃၃၄ | ၃၇၇၃၆၃ |



# ကလေးဒေသရှိ ရေဘေးသင့် ဘုန်းတော်ကြီးကျောင်းများအား ပြန်လည်ထူထောင်ရေးအတွက် ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ထပ်မံလှူဒါန်း

**ကလေး စက်တင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၏ ဇနီး တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ဝေဝေခိုင်နှင့် အဖွဲ့ဝင်များသည် စက်တင်ဘာ ၁ ရက် ညနေ ၄ နာရီက ရေဘေးသင့်ခဲ့ရသည့် ကလေးမြို့ မြို့ဦးစံဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ ရောက်ရှိကြရာ ဆရာတော်ကြီးအား ဖူးမြော်ကြည်ညို၍ ရေဘေးပြန်လည်ထူထောင်ရေးအတွက် ဆွမ်းဆန်၊ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်းခဲ့ပြီး ကျောင်းမှ ကျောင်းသား ကျောင်းသူ ၈၆ ဦးအတွက် ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများ၊ စားသောက်ဖွယ်ရာများကို လှူဒါန်းခဲ့ကြသည်။

ထို့မှတစ်ဆင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ဝေဝေခိုင်နှင့် အဖွဲ့ဝင်များသည် ကလေးမြို့ မဟာသန္တာရုံ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိကြပြီး ဆရာတော်ကြီးအား ဖူးမြော်ကြည်ညို၍ ဆွမ်းဆန်၊ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ယနေ့ ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်းသို့ အလှူငွေကျပ် ၃၅၀၀၀၀၊ ဆွမ်းဆန်တော် အိတ် ၄၀၊ မုန့်မျိုးစုံ ချပ်ဖာ သုံးဖာ၊ ငါးသေတ္တာဘူး ခြောက်ဖာနှင့် ကျောင်းဝတ်စုံ ၈၆ စုံ၊ ဗလာစာအုပ် ၁၀ ဒါဇင်တို့အား လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ညောင်တုန်းမြို့နယ် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေး

**မအူပင် စက်တင်ဘာ ၁**

မအူပင်ခရိုင် ညောင်တုန်းမြို့နယ်တွင် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ပြီး ယခုအခါတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ပြည်သူများ ရာသီအလိုက် ဖြစ်ပွားတတ်သောရောဂါများ မကျရောက်စေရေးအတွက် ဩဂုတ် ၃၁ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့မှ ဒေါက်တာသာညဏ် ဦးဆောင်သော ဆရာဝန်များ၊ ရုပ်ရှင်သရုပ်ဆောင် ဒေါ်မြင့်မြင့်ခိုင် ပါဝင်သောအဖွဲ့သည် အလယ်ချောင်းကျေးရွာနှင့် ကွမ်းသီးပင်ကျေးရွာရှိ ပြည်သူများအား ဆေးဝါးကုသကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁

**မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၃၃ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိပြီး တာတမံများ ကျိုးပေါက်မှုမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။**

သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၂. ၂၀' |
| ၂။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၃. ၂၀' |
| ၃။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၀. ၀၆' |
| ၄။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၁. ၄၀' |
| ၅။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၅၀' |
| ၆။ | ရာဇဂြိုလ်ရေလှောင်တမံ | ၅၂၀၀၀ | ၁. ၆၀' |
| ၇။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၀. ၄၀' |
| ၈။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၁. ၃၀' |
| ၉။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၁. ၀၀' |
| ၁၀။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၀. ၇၀' |
| ၁၁။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၅၀' |
| ၁၂။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၂၀' |
| ၁၃။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၀. ၅၀' |
| ၁၄။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၁. ၁၀' |
| ၁၅။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၁၀' |
| ၁၆။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၁. ၉၀' |
| ၁၇။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၄၀' |
| ၁၈။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၁. ၁၅' |
| ၁၉။ | စဥ့်ကူးချောင်းဂေါင်း ရေလှောင်တမံ | ၂၂၂၉ | ၀. ၂၀' |
| ၂၀။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၇၀' |
| ၂၁။ | တောင်ညိုရေလှောင်တမံ | ၂၁၀၀၀၀ | ၀. ၉၀' |
| ၂၂။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၀. ၃၀' |
| ၂၃။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၀. ၅၀' |
| ၂၄။ | မာလဲနတ်တောင် ရေလှောင်တမံ | ၅၀၉၇၀ | ၀. ၆၀' |
| ၂၅။ | ရွှေနတ်တောင်ရေလှောင်တမံ | ၅၂၅၀ | ၀. ၁၀' |
| ၂၆။ | အဇင်းဆည် | ၁၅၄၂၇ | ၀. ၃၀' |
| ၂၇။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၄. ၀၀' |
| ၂၈။ | ပြိုင်းချောင်းရေလှောင်တမံ | ၂၅၂၀၅ | ၃. ၀၀' |
| ၂၉။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၁. ၃၀' |
| ၃၀။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၀. ၆၀' |
| ၃၁။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၆၀' |
| ၃၂။ | မုံးရင်ရေလှောင်တမံ | ၂၅၉၀၀ | ၀. ၅၅' |
| ၃၃။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၀. ၇၀' |

**(သတင်းစဉ်)**

**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဥ်စိုက် ရွှေတိုက်ကိုစိုး**

## ပြန်လည်ထူထောင်ရေး

# ရေဘေးသင့်ဒေသများအတွက် ရန်ပုံငွေ ဘောလုံးပွဲများ ကျင်းပမည်

သတင်းနှင့် ဓာတ်ပုံ - ချစ်ကိုကို

ရန်ကုန် စက်တင်ဘာ ၁

**ရေဘေးသင့်ဒေသများအတွက် ရန်ပုံငွေပွဲယှဉ်ပြိုင်ကစားမည့်မြန်မာ့လက်ရွေးစင်အသင်းနှင့် နယူးဇီလန်လက်ရွေးစင်အသင်းတို့ပွဲ၏ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းက MFF ရုံး၌ ပြုလုပ်သည်။**




မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် စက်တင်ဘာ ၇ရက် ညနေ ၆နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပမည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် နယူးဇီလန်လက်ရွေးစင်အသင်းတို့၏ ခြေစမ်းပွဲကို ရန်ပုံငွေအဖြစ် ကစားသွားမည်ဖြစ်ပြီး ရရှိသော ကွင်းဝင်ကြေးအားလုံးကို ရေဘေးသင့်ဒေသများသို့ လှူဒါန်းသွားမည်ဖြစ်သည်။

ရန်ပုံငွေပွဲဖြစ်သောကြောင့် အခြားအစီအစဉ်များလည်း ပါဝင်မည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင်ဟောင်းများနှင့် ရုပ်ရှင်၊ ဂီတ အနုပညာရှင်များပါဝင်သည့် ခြေစမ်းပွဲကိုလည်း မြန်မာ-နယူးဇီလန်ပွဲမတိုင်မီ ကျင်းပသွားမည်ဖြစ်သည်။

ယင်းခြေစမ်းပွဲကို ညနေ ၃နာရီခွဲတွင် ကျင်းပသွားမည်ဖြစ်ပြီး ပရိသတ်များအတွက် ဂိမ်းအစီအစဉ်များ ပါဝင်မည်ဖြစ်သည်။ ခြေစမ်းပွဲတွင် မြန်မာ့လက်ရွေးစင်ဟောင်းများဖြစ်သည့် အောင်ထွန်းထွန်း၊ ဝင်းအောင်၊ ကျော်မင်း၊ မြင့်ကို၊ ဇော်ဝင်းထွန်း၊ အေးနိုင်၊ မောင်မောင်ငွေး အစရှိသူများ၊ ရုပ်ရှင်၊ ဂီတဘက်မှ ပြေတီဦး၊ လူမင်း၊ ရာဇာနေဝင်း၊ ကျော်ကျော်ဗိုလ်၊ မင်းမော်ကွန်း၊ စိုင်းစိုင်းခမ်းလှိုင်၊ Rဇာနည်၊ လွှမ်းပိုင် အစရှိသူများ ပါဝင်မည်ဖြစ်သည်။

ကွင်းဝင်ကြေးအဖြစ် အထူးတန်း ကျပ် ၅၀၀၀၊ ရိုးရိုးတန်း ကျပ် ၁၀၀၀ သတ်မှတ်ထားပြီး အထူးတန်းလက်မှတ်တစ်စောင်ဝယ်လျှင် မြန်မာအသင်း ဂျာစီ၊ ရိုးရိုးတန်း လက်မှတ်တစ်စောင်ဝယ်လျှင် 100 Plus အချိုရည်တစ်ဘူး လက်ဆောင်ရရှိမည်ဖြစ်သည်။ ကြိုတင်လက်မှတ်များကို စက်တင်ဘာ ၃ ရက်မှစ၍ MFF ရုံး၊ သုဝဏ္ဏကွင်း၊ အောင်ဆန်းကွင်းနှင့် ပဒုမ္မာကွင်းတို့တွင် ရောင်းချသွားမည်ဖြစ်သည်။

ခြေစမ်းပွဲကစားမည့် အနီရောင်အသင်းတွင် နည်းပြဦးသန်းတိုးအောင်၊ ဦးဟန်လင်း၊ ကစားသမားများအဖြစ် ဂိုး-စူးရှ၊ နေဒေး၊ အောင်ကျော်ကျော်၊ နောက်တန်း-ကျော်မင်း၊ ဟန်ထွန်း၊ အောင်ကျော်ထွန်း၊ အေးနိုင်၊ မောင်မောင်ငွေး၊ အလယ်တန်း-ပြေတီဦး၊ မင်းမော်ကွန်း၊ သူထူးစံ၊ ကျော်ကျော်ဗိုလ်၊ ဝင်းထွန်းထွန်း၊ ဝိုင်း၊ ရာဇာနေဝင်း၊ နေမင်း၊ ကျော်ဇောလင်း၊ ကိုပေါက်၊ ဇာနည်၊ ရှေ့တန်း-လူမင်း၊ ပိုင်ဇေရဲထွန်း၊ ဖိုးချစ်၊ မိုးယံဇွန်၊ ဝင်းအောင်၊ အောင်ထွန်းထွန်း၊ အဖြူရောင်အသင်းတွင် နည်းပြဦးဆန်းဝင်း၊ ဦးစောဖိုးခွား၊ ကစားသမားများအဖြစ် ဂိုး-တူးတူး၊ စိုင်းစိုင်းခမ်းလှိုင်၊ ယဉ်မင်းအောင်၊ နောက်တန်း-သန်းထိုက်၊ မင်းဇော်ဦး၊ သန်းဝေ၊ တင်မောင်ထွန်း၊ နေလင်း၊ မြင့်ကို၊ ဇော်ဝင်းထွန်း၊ အလယ်တန်း-ထွန်းထွန်း၊ စောဖိုးခွား၊ Lလွန်းဝါ၊ လင်းလင်း၊ ဂျိလတ်၊ လွှမ်းပိုင်၊ ထူးအယ်လ်လင်း၊ ကျော်ထွဋ်ဆွေ၊ ရှေ့တန်း-Rဇာနည်၊ ဟန်ထွန်း၊ ဒီဖြိုး၊ ဝေလင်း၊ ယုန်လေး၊ နန္ဒစိုင်းနှင့် ဟက်ကက်တို့ ပါဝင်ကြသည်။

စက်တင်ဘာ ၇ ရက်တွင် လက်ရွေးစင်ဟောင်းနှင့် ရုပ်ရှင်၊ ဂီတအနုပညာရှင်များ ခြေစမ်းပွဲ၊ မြန်မာ-နယူးဇီလန်လက်ရွေးစင်ခြေစမ်းပွဲတို့ကို အားပါးတရကြည့်ရှုနိုင်မည့်အပြင် ရေဘေးသင့်ဒေသများအတွက် လှူဒါန်းမည်ဖြစ်သောကြောင့် ကုသိုလ်ပါရမည်ဖြစ်ပါကြောင်း။



**ဆင်ပေါင်ဝဲ-တောညောင်ပင်သာလမ်း၊ မင်းတုန်းချောင်း(ရေနံသာတံတား)၊ သရက်ချဉ်းကပ်လမ်းတာ ပြတ်တောက်မှုနှင့် မြေဖို့မှုအခြေအနေကို တွေ့ရစဉ်။**

(သတင်းစဉ်)





# ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်

၁။ ရေကြီးနစ်မြုပ်မှုဒဏ်ခံခဲ့ရသည့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်နှင့် တမူးခရိုင်များတွင် နေအိမ်များ လုံးဝပျက်စီးသွားသည့် ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရမှ သင့်လျော်သည့် တန်ဖိုးသင့်အိမ်များကို ပြန်လည်ဆောက်လုပ်ပေးရန် စီစဉ်လျက်ရှိပါသည်။

၂။ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းအနေဖြင့်ဖြစ်စေ နိုင်ငံတော်အစိုးရနှင့်အတူ ပါဝင်ကူညီဆောင်ရွက်နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ ပြန်လည်ဆောက်လုပ်ပေးမည့် တန်ဖိုးသင့်အိမ်များ၏ ခန့်မှန်းတန်ဖိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ ဆောက်လုပ်ရေးပစ္စည်းများ လှူဒါန်းမှုအပေါ် မူတည်၍ ခန့်မှန်းတန်ဖိုးထက် ပိုမိုလျော့နည်းနိုင်ပါသည်။

(က) မိသားစုငါးဦးနှင့်အထက်အတွက် အိပ်ခန်းနှစ်ခန်းပါ ပျဉ်ထောင်သွပ်မိုးအိမ် (၆၄၀ စတုရန်းပေ) ၄၄ ဒသမ ၄ သိန်း

(ခ) မိသားစုသုံးဦးအတွက် အိပ်ခန်းနှစ်ခန်းပါ ပျဉ်ထောင်သွပ်မိုးအိမ် (၅၄၀ စတုရန်းပေ) ၃၇ ဒသမ ၄ သိန်း

**ဆက်သွယ်လှူဒါန်းရန်**

ဦးခင်မောင်ရီ
အမြဲတမ်းအတွင်းဝန်
ရုံး(၂၈)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
ဖုန်း- ၀၆၇-၄၀၅၀၁၃၊ ၀၉ ၂၀၀၇၄၅၄





## ငဝန်မြစ်ရေ ငါးသိုင်းချောင်းမြို့တွင် စိုးရိမ်ရေမှတ်ကျော်လွန်

**နေပြည်တော် စက်တင်ဘာ ၁**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင်သုံးလက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေသည်။ နောက်သုံးရက်အတွင်း သုံးလက်မခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားကြောင်း သိရသည်။ **(ကြေးမုံ)**

# ပို့ဆောင်ရေးကဏ္ဍ နည်းပညာဆိုင်ရာများ မြန်မာ-ဂျပန် ပူးပေါင်းဆောင်ရွက်မည်

**ရန်ကုန် စက်တင်ဘာ ၁**

မြန်မာနိုင်ငံ၏ ပို့ဆောင်ရေးဆိုင်ရာကဏ္ဍများတွင် လိုအပ်သော နည်းပညာဆိုင်ရာအကူအညီများကို ဂျပန်နိုင်ငံမှ ပေးအပ်သွားမည်ဖြစ်ပြီး ပို့ဆောင်ရေးကဏ္ဍ နည်းပညာဆိုင်ရာများကို မြန်မာ-ဂျပန် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနမှ သိရသည်။

မြန်မာ-ဂျပန် ပို့ဆောင်ရေးဆိုင်ရာ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအတွက် နည်းပညာဆွေးနွေးပွဲကို ဩဂုတ် ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် ရန်ကုန်မြို့ ချက်ထရီယမ်ဟိုတယ်တွင် ကျင်းပခဲ့ရာ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်နှင့် ဂျပန်နိုင်ငံ မြေယာ၊ အခြေခံအဆောက်အအုံ၊ သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး ဂျပန်နိုင်ငံ ပို့ဆောင်ရေးကဏ္ဍဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များ၊ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ပို့ဆောင်ရေးကဏ္ဍဆိုင်ရာတွင် နည်းပညာ ပူးပေါင်းဆောင်ရွက်မှုများဆိုင်ရာတို့ကို ဆွေးနွေးတင်ပြခဲ့ကြသည်။

"ဂျပန်နဲ့ မြန်မာဟာ နယ်ပယ်ပေါင်းစုံမှာ ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ဆောင်နေပါတယ်။ အထူးသဖြင့် အခြေခံအဆောက်အအုံ စီမံဆောင်ရွက်မှုအပိုင်းတွေမှာ ပူးပေါင်းဆောင်ရွက်မှုများပါတယ်။ သယ်ယူပို့ဆောင်ရေးကဏ္ဍမှာ ပူးပေါင်းဆောင်ရွက်မှုတွေ များစွာရှိပြီးတော့ Hardware ပိုင်းသာမကဘဲနဲ့ နည်းစနစ်တွေ၊ ဥပဒေတွေ၊ လိုက်လံအသုံးပြုသွားမယ့်သူတွေက စနစ်တကျ စီမံဆောင်ရွက်သွားနိုင်ဖို့ဆိုတာ Software ပိုင်းပါ ပူးပေါင်းဆောင်ရွက်သွားနိုင်မှသာ သေချာကောင်းမွန်တဲ့ အခြေခံအဆောက်အအုံ ဆောင်ရွက်မှုရမယ်လို့ မျှော်လင့်မိပါတယ်။ အခုဆိုရင် ကျွန်တော်တို့ သဘောတွေ ပေးအပ်လှူဒါန်းခဲ့တာရှိပါတယ်။ လေကြောင်းအချက်ပြဆိုင်ရာနဲ့ ကူညီပံ့ပိုးမှုတွေရှိပါတယ်။ ပြီးတော့ ဆိပ်ကမ်းတည်ဆောက်ရေးအပိုင်းမှာလည်း ပူးပေါင်းဆောင်ရွက်နေပြီးတော့ ရထားပို့ဆောင်ရေးအပိုင်းမှာလည်း ပူးပေါင်းဆောင်ရွက်နေတာ ဖြစ်တဲ့အတွက် ပို့ဆောင်ရေးဆိုင်ရာ နယ်ပယ်တော်တော်များများမှာ ပူးပေါင်းဆောင်ရွက်မှုတွေ ပံ့ပိုးမှုတွေရှိနေပါတယ်" ဟု ဂျပန်နိုင်ငံ မြေယာ၊ အခြေခံအဆောက်အအုံ၊ သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Takashi Owaki က ပြောသည်။

ဂျပန်-မြန်မာ ပို့ဆောင်ရေးကဏ္ဍ နည်းပညာဆိုင်ရာဆွေးနွေးမှုများတွင် လက်ရှိ မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့် ပို့ဆောင်ရေးဆိုင်ရာများတွင် အခက်အခဲများ၊ နည်းပညာများ၊ အနာဂတ် ဆောင်ရွက်သွားမည့် စီမံကိန်းများနှင့် အဆင့်မြင့်တင်ဆောင်ရွက်သွားမည့် နည်းပညာဆိုင်ရာ ကိစ္စရပ်များအပေါ် ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးတို့မှ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဂျပန်နိုင်ငံမှ ပညာရှင်များက အသီးသီး ဆွေးနွေးသွားခဲ့ကြသည်။

လက်ရှိတွင် ဂျပန်နိုင်ငံအစိုးရ၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် ဂျပန်နိုင်ငံမှ စီးပွားရေးကော်ပိုရေးရှင်းကြီးများက မြန်မာနိုင်ငံ၏ သယ်ယူပို့ဆောင်ရေးဆိုင်ရာကဏ္ဍများတွင် နည်းပညာနှင့် ပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးလျက်ရှိပြီး မြန်မာနိုင်ငံမှလည်း ရေကြောင်းပို့ဆောင်ရေး၊ လေကြောင်းပို့ဆောင်ရေး၊ ရထားပို့ဆောင်ရေးနှင့် ပို့ဆောင်ရေးလုပ်ငန်းအသီးသီးတွင် အဆင့်မြင့်တင်မှုများ၊ နည်းပညာဆိုင်ရာ တိုးမြှင့်ဆောင်ရွက်မှုများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဝဝ၁)**

■

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဗီယက်နမ်နိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၂**

၂၀၁၅ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် ကျရောက်သော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ နှစ်(၇၀)ပြည့် အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဖန်ဘင်မင်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# ကံထူးရှင်ရွေးချယ်

ရန်ကုန် စက်တင်ဘာ ၁

**(၃၂၀)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဌာနခွဲမှ ယနေ့ထွက်ပေါ်လာသော ဆုမဲများမှာ အောက်ပါအတိုင်းဖြစ်သည်။**

**ကျပ်သိန်း(၁၅၀၀)ဆု**
ယ-၅၆၈၈၇၃

**ကျပ်သိန်း(၁၀၀၀)ဆု**
ဌ-၃၄၁၀၈၀
ကက-၂၉၀၇၁၄

**ကျပ်သိန်း(၅၀၀)ဆုများ**
ခ-၅၃၈၆၃၁
စ-၆၇၃၄၀၆
င-၃၄၆၁၀၂
ယ-၆၅၂၉၆၄
ဟ-၉၇၄၀၆၆

**ကျပ်သိန်း(၃၀၀)ဆုများ**
ဒ-၆၄၀၀၃၉၊ တ-၇၆၅၀၄၂
ဋ-၁၀၂၇၆၄၊ ဠ-၄၀၉၀၄၃
ဗ-၈၃၆၄၀၁၊ ဝ-၃၉၄၉၁၆

**ကျပ်သိန်း(၂၀၀)ဆုများ**
ဍ-၆၃၇၉၃၀၊ ဌ-၃၃၆၇၅၅
ကယ-၆၈၉၆၄၃၊ သ-၇၆၅၁၀၄
ပ-၇၄၄၈၈၄၊ ခ-၂၉၇၆၂၉
ဒ-၁၁၂၂၃၀

**ကျပ်သိန်း(၁၀၀)ဆုမဲများ**
ဖ-၁၂၇၅၇၁၊ ဗ-၉၁၁၄၉၁
ကက-၁၅၈၉၂၆၊ ခ-၅၁၇၂၈၁
ကခ-၉၈၆၉၆၂၊ ဝ-၄၆၇၉၉၄
ကခ-၂၅၃၆၃၁၊ တ-၉၀၇၂၈၂
တ-၆၂၈၀၇၇၊ ယ-၂၈၂၅၉၉
ပ-၁၂၅၀၀၄၊ ထ-၆၈၉၉၄၉
ပ-၁၃၀၉၄၀၊ ကက-၂၃၆၅၀၆
စ-၇၅၀၉၂၂
ခ-၂၂၄၉၅၁

☐ **ကျောဖုံးမှ**

ရန်ကုန်မြို့တွင်း အချက်ပြမီးပွိုင့် ၁၅၄ ခုအား နိုင်ငံတကာအဆင့်မီ အချက်ပြမီးပွိုင့်စနစ်များအဖြစ် ပြောင်းလဲတပ်ဆင်ရန် တင်ဒါများခေါ်ယူခဲ့ရာ ပြည်တွင်းပြည်ပနှင့် JV အပါအဝင် ကုမ္ပဏီပေါင်း ၂၈ ခုအထိ တင်သွင်းလျှောက်ထားကြပြီး တင်ဒါလျှောက်လွှာထပ်မံတင်သွင်းလိုသူရှိပါက ဆက်လက်လက်ခံပေးသွားမည်ဖြစ်သည်။ တင်ဒါများစိစစ်ရွေးချယ်ရာတွင် တင်ဒါစိစစ်ရေးကော်မတီပညာရှင်အဖွဲ့များက အမှတ်ပေးစနစ်ဖြင့် ရွေးချယ်ပေးမည်ဖြစ်သည်။ ယနေ့ ရန်ကုန်မြို့တွင် ယာဉ်အစီးရေ ၆၅၀၀၀၀ ကျော်ရှိပြီး ယခင်က တစ်လလျှင် ယာဉ်အစီးရေ တစ်သောင်းကျော် တင်သွင်းရာမှ ကားပါကင်မရှိသူများအား ကားတင်သွင်းခွင့်ကို သက်ဆိုင်ရာမှ တားမြစ်ထားသည့်အတွက် ယခုအခါ တစ်လလျှင် ယာဉ်အစီး ၂၀၀၀ ကျော်သာ တင်သွင်းလျက်ရှိကြောင်း သိရသည်။

ယခင်က ရန်ကုန်မြို့တွင် တပ်ဆင်ထားသော အချက်ပြမီးပွိုင့်များမှာ တစ်ပွိုင့်နှင့် တစ်ပွိုင့်ဆက်စပ်မှုမရှိခြင်းကြောင့် ယာဉ်ကျပ်တည်းမှုကို အချိန်နှင့်တစ်ပြေးညီလျှော့ချရန် အလွန်ပင်ခက်ခဲမှုရှိကြောင်း၊ ယခုတင်ဒါစနစ်ဖြင့် တပ်ဆင်အသုံးပြုမည့် မီးပွိုင့်စနစ်ကို ရေရှည်အသုံးပြုနိုင်ကာ အနာဂတ်တွင် တိုးတက်များပြားလာမည့် ယာဉ်အစီးအရေအတွက်ကို ကြိုတင်မျှော်မှန်းပြီး ကောင်းမွန်လွယ်ကူစွာ ပြုပြင်ထိန်းချုပ်နိုင်သည့် ဒီဇိုင်းများကို ရွေးချယ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အချက်ပြမီးပွိုင့်စတင်တပ်ဆင်ခြင်းကို နိုဝင်ဘာ ၃၀ ရက်တွင် စတင်ပြုလုပ်ပြီး ရက်ပေါင်း ၁၈၀ အတွင်း အပြီးတည်ဆောက်ရမည်ဖြစ်သည်။ အချက်ပြမီးပွိုင့်ဗဟိုထိန်းချုပ်စက်ရုံ တည်ဆောက်မည့်နေရာကို ပြည်သူ့ဥယျာဉ်အတွင်း နက္ခတ်တာရာပြခန်းအနီး၌ တည်ဆောက်သွားမည်ဖြစ်သည်။

အချက်ပြမီးပွိုင့်တည်ဆောက်မှုအတွက် နိုင်ငံတော်မှ ငွေကျပ်ဘီလီယံ ၂၀ အသုံးပြုသွားမည်ဖြစ်ပြီး တင်ဒါအောင်မြင်သော ကုမ္ပဏီများအား မိမိနှစ်သက်ရာ မြို့နယ်အလိုက်ရှိသော အချက်ပြမီးပွိုင့်အရေအတွက်အလိုက် ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(စောသိန်းဝင်း)**



# မန္တလေး-မြစ်ကြီးနား အမှတ်(၄၃)အဆန် ပါဆယ်ရထားတွဲချော်မှုအား ပြုပြင်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁**

မန္တလေး-မြစ်ကြီးနားမီးရထားလမ်းပိုင်း မိုးကောင်းမြို့နယ်တွင် အမှတ်(၄၃)အဆန် ပါဆယ်ရထားသည် တောင်နီ-ဆားမှော်ကြား မိုင်တိုင် (၆၇၂/၁၄-၁၅)ကြားရှိ တံတားအမှတ် (၆၅၂) အား ဖြတ်သန်းစဉ် ဩဂုတ် ၃၁ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ရထားတွဲဆိုင်းပါ စက်ခေါင်းနောက်ကပ်လျက်တွဲ GBHV- 40222 ၏ ဘီးလေးဘီးလမ်းချော်ကျပြီး GBHV - 40037 တွဲနှင့် GBHV-40235 တွဲ တံတားအောက်သို့ ပြုတ်ကျခဲ့သည်။ GBHV-40334 တွဲသည် မန္တလေးဘက်ကမ်းကပ်ခုံမှ အောက်သို့ တွဲလောင်းဖြစ်ပြီး တံတားအမှတ် (၆၅၂)၏ ဂါဒါဘောင်သုံးခု တံတားအောက်ပြုတ်ကျခဲ့သဖြင့် လမ်းပိုင်းအား နံနက် ၁၁ နာရီ ၅၁ မိနစ်တွင် ပိတ်ထားခဲ့ရသည်။

အဆိုပါဖြစ်စဉ်ကြောင့် ဆားမှော်ဘူတာမှ ထွက်ခွာလာသည့် အမှတ်(၅၆) အစုန်ရထားမှ ခရီးသည် ၄၀၆ ဦးနှင့် တောင်နီဘူတာမှ ထွက်ခွာလာသည့် အမှတ်(၅၅)အဆန်ရထားမှ ခရီးသည် ၅၀၃ ဦးတို့အား ရထားချင်းကူးပြောင်းစေပြီး အမှတ်(၅၅)အဆန်သည် အမှတ်(၅၆)အစုန်အဖြစ်လည်းကောင်း၊ အမှတ်(၅၆)အစုန်သည် အမှတ်(၅၅)အဆန်အဖြစ် လည်းကောင်း ပြောင်းလဲပြေးဆွဲပေးခဲ့သည်။ အလားတူပင် အစုန်အထူးရထားသည် ဆားမှော်မှ ဖြစ်ပွားရာဒေသသို့ ရောက်ရှိပြီး ခရီးသည် ၅၀၃ ဦးနှင့် အမှတ်(၅၇)အဆန်မှ ခရီးသည် ၁၅၉ ဦးတို့အား ကူးပြောင်းပေးပြီး အမှတ်(၅၇)အဆန်ရထားသည် အမှတ်(၅၈)အစုန်ရထားအဖြစ် ပြေးဆွဲပေးခဲ့သည်။

ဖြစ်စဉ်ဖြစ်ပွားသောနေရာသို့ မြန်မာ့မီးရထားမှ အင်ဂျင်နီယာ/လုပ်သားအဖွဲ့များဖြင့် ဇလီဖားတုံးများ သယ်ယူခြင်း၊ ဂါဒါဘောင်များသယ်ယူခြင်း၊ ကရိန်းသယ်ယူခြင်းများ ဆောင်ရွက်လျက်ရှိပြီး ရထားလမ်းတံတား ပြုပြင်ခြင်းလုပ်ငန်း၊ တွဲမတင်ခြင်းနှင့် လမ်းပိုင်းပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# သဃ်န်းကျွန်းမြို့နယ်တွင် ပြည်သူ့ဝန်ဆောင်မှုရုံးဖွင့်

**ရန်ကုန် စက်တင်ဘာ ၁**

ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးပွဲတော်အခမ်းအနားများအား ခွင့်ပြုမိန့်ပြုလုပ်ပေးခြင်းလုပ်ငန်းများကို အချိန်ကုန်သက်သာ၊ သက်ဆိုင်ရာဌာနဆိုင်ရာများသို့ သွားရောက်ရန်မလိုတော့ဘဲ တစ်နေရာတည်း နေ့ချင်းပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကိုဆောင်ရွက်ပေးနိုင်ရန်အတွက် ပြည်သူ့ဝန်ဆောင်မှုရုံး(One Stop Shop)ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီခွဲတွင် သဃ်န်းကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းအတွင်းရှိ ပြည်သူ့ဝန်ဆောင်မှုရုံးခန်းမရှေ့၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ထွေး၊ သဃ်န်းကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်လွင်နှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးထွန်းလှတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ရန်ကုန်အရှေ့ပိုင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးက ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် ပြည်သူ့ဝန်ဆောင်မှုရုံးအတွင်းတွင် အဆင်ပြေချောမွေ့စွာဖြင့် ပြည်သူများအား ဝန်ဆောင်မှုပေးနိုင်ရန် ပြင်ဆင်ထားရှိသည်များကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါပြည်သူ့ဝန်ဆောင်မှုရုံးတွင် သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေး၊ မြို့နယ်ကျန်းမာရေး၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်လျှပ်စစ်ဓာတ်အားပေးရေးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးတို့မှ တာဝန်ရှိသူတို့က တစ်နေရာတည်းတွင် One Stop Shop စနစ်ဖြင့် ပြည်သူများအား ဝန်ဆောင်မှုပေးကာ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



# ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ မီးလောင်ကျွမ်းကားအား ဖယ်ရှားစေလို

**ကောလင်း စက်တင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ဩဂုတ် ၁၂ ရက်က ခရီးသည်တင် အောင်ရတနာမှန်လုံကားတစ်စီး ဝါယာရှော့ဖြစ်ရာမှ မီးလောင်ကျွမ်းခဲ့သည်။ ယင်းမီးလောင်ကျွမ်းခဲ့သောကားသည် လမ်း၏မိုင်တိုင်အမှတ် (၁၀၇/၃)တောင်အတက် ကွေ့လမ်းပေါ်တွင် ရှိနေပြီး မန္တလေး- ရွှေဘို-မြစ်ကြီးနားမြို့များမှ ပြေးဆွဲလျက်ရှိသော ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်များအတွက် ယာဉ်အန္တရာယ်ဖြစ်ပွားနိုင်မှုရှိနေသည်။ မီးလောင်ကျွမ်းခဲ့သော ယာဉ်အား အမြန်ဆုံးဖယ်ရှားရှင်းလင်းရန်လိုကြောင်း ယင်းလမ်းမကြီးပေါ်တွင် ပြေးဆွဲလျက်ရှိသော ယာဉ်မောင်းများက ပြောပြသည်။

**ကိုကိုမောင်(ကောလင်း)**

# PAPERမဂ္ဂဇင်းမျက်နှာဖုံးရှင် ဖြစ်လာတဲ့ CL



တောင်ကိုရီးယားအမျိုးသမီးပေါ့ပ်ဂီတအဖွဲ့ 2NE1မှ အဖွဲ့ဝင်တစ်ဦးဖြစ်သော CLသည် ကမ္ဘာကျော်မဂ္ဂဇင်းတစ်ခုဖြစ်သော PAPERမဂ္ဂဇင်း၏ စက်တင်ဘာလထုတ်မဂ္ဂဇင်းအတွက် မျက်နှာဖုံးဓာတ်ပုံကို ဒီဇိုင်နာ ဂျာရေမီ စကော့ထ်နှင့်အတူ တွဲဖက်ရိုက်ကူးခဲ့သည်။

အဆိုပါမဂ္ဂဇင်းမျက်နှာဖုံးဓာတ်ပုံ ရိုက်ကူးရာတွင် CLနှင့် ဂျာရေမီတို့နှစ်ဦးစလုံးသည် လက်မမှလွဲ၍ ကျန်လက်ချောင်းများအားလုံးတွင် လက်စွပ်များဝတ်ဆင်ရိုက်ကူးခဲ့သည်။

ယင်းမဂ္ဂဇင်းတွင် CLနှင့် ဂျာရေမီတို့နှစ်ဦးနှင့် တွေ့ဆုံမေးမြန်းထားသည့် အင်တာဗျူးတစ်ခုလည်း ပါဝင်ကာ အဆိုပါအင်တာဗျူးတွင် ဂျာရေမီက “ကျွန်တော် ဂီတပညာရှင်တွေနဲ့ အလုပ်လုပ်ရတာကို ကြိုက်တယ်။ သူတို့ရဲ့အလုပ်က ဖျော်ဖြေရေးလုပ်ငန်းတွေလုပ်နေရင်းနဲ့ သူတို့ရဲ့ ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်ဝတ်စားဆင်ယင်မှုဒီဇိုင်းတွေနဲ့ ပရိသတ်ကို ဆွဲဆောင်ရတယ်လေ။ ဒါ့ကြောင့် ကျွန်တော်က သူတို့ရဲ့ ကိုယ်ပိုင်အဆင့်အတန်းကို ကျွန်တော့်ရဲ့ ဖန်တီးမှုတွေနဲ့ ကူညီမြှင့်တင်ပေးနိုင်တယ်။ သီးခြားဖန်တီးမှုတစ်ခုအတွက် အနုပညာရှင်တွေ အားထားရတဲ့ ဒီဇိုင်းပညာရှင်တစ်ဦးအဖြစ် တည်ရှိနေရတာကိုလည်း ကျွန်တော်နှစ်သက်တယ်။ ဒါ့ကြောင့်လည်း ကမ္ဘာကျော်အဆိုတော်တွေဖြစ်တဲ့ CL၊ ကက်တီပယ်ရီ၊ ရီဟားနားနဲ့ မိုင်လီဆိုင်းရပ်တို့လို အမျိုးသမီးအနုပညာရှင်တွေနဲ့ မိတ်ဆွေရင်းတွေလို ဖြစ်နေပါပြီ”ဟု ဆိုခဲ့သည်။

CLကလည်း ဂျာရေမီသည် သူ့ကိုဖျော်ဖြေရေးစင်မြင့်ပေါ်တွင် ကိုယ်ပိုင်ဒီဇိုင်းကို ပိုင်ဆိုင်ထားသော အဆိုတော်တစ်ဦးဖြစ်လာရန်များစွာကူညီခဲ့ကြောင်းဆိုခဲ့သည်။ ဆက်လက်ပြီး သူက “ဒီနေ့ခေတ်မှာ လူငယ်တွေက အသစ်အဆန်းတွေကို အမြဲနှစ်သက်ပြီး ရှာဖွေနေကြတယ်။ ပြီးတော့သူတို့ကိုယ်တိုင်ကလည်း အများနဲ့မတူတဲ့ သီးသန့်ကွဲထွက်နေတဲ့ ပုံစံမျိုးနဲ့ ရှင်သန်ချင်ကြတယ်။ အထူးသဖြင့် မိန်းကလေးတွေပေါ့။ ဒါ့ကြောင့် ကျွန်မ အာရှအမျိုးသမီးတွေရဲ့ စံပြအနုပညာရှင်တစ်ဦးဖြစ်လာအောင် ကြိုးစားနေပါတယ်”ဟု ပြောကြားခဲ့သည်။

# ၁၃နှစ်အရွယ် မော်ဒယ်လေး ရိုမီယို

ဟောလိဝုဒ်ရဲ့ ဖက်ရှင်လောကမှာ နေရာတစ်ခုရရှိလာခဲ့ပြီး နောင်တစ်ချိန်မှာ ဟောလိဝုဒ်ရဲ့ ဖက်ရှင်လောကမှာ ထွန်းတောက်လာမယ့်ကြယ်တစ်ပွင့်လို့ ထင်ကြေးပေးခံရတဲ့ tweenနဲ့ Burberryကုမ္ပဏီတို့ရဲ့ ပင်တိုင်မော်ဒယ်လေးတစ်ဦးဖြစ်တဲ့ ရိုမီယိုဟာ စက်တင်ဘာ ၁ရက်မှာ အသက် (၁၃)နှစ်ပြည့်ခဲ့ပြီ ဖြစ်ပါတယ်။

ရိုမီယိုဟာ ကမ္ဘာကျော်ဘောလုံးကစားသမားဒေးဗစ်ဘက်ခမ်းနဲ့ နာမည်ကြီးဒီဇိုင်နာ ဗစ်တိုးရီးယားဘက်ခမ်းတို့ရဲ့ ဒုတိယမြောက်ရင်သွေးဖြစ်ကာ ရုပ်ရည်ချောမောပြေပြစ်တဲ့ အပြင် အရည်အချင်းရှိတဲ့ မော်ဒယ်တစ်ဦးလည်း ဖြစ်ပါတယ်။ ဖခင်ဖြစ်သူ ဘက်ခမ်းကိုယ်တိုင်ကလည်း မော်ဒယ်အဖြစ်လုပ်ကိုင်ခဲ့ဖူးကာ မိခင်ဖြစ်သူကလည်း ဖက်ရှင်ဒီဇိုင်းနှင့်ပတ်သက်ပြီး ကျော်ကြားတဲ့သူဖြစ်တဲ့အတွက် သူ့မှာဖက်ရှင်နဲ့ပတ်သက်ရင် အနုပညာအရည်အချင်းတွေ ပြည့်ဝနေတာဖြစ်ပါတယ်။

ရိုမီယိုဟာ ၂၀၁၄ခုနှစ် နှစ်ကုန်ပိုင်းလောက်က Burberryမော်ဒယ်ဖြစ်လာခဲ့ကာ အဆိုပါကုမ္ပဏီအတွက် ရိုမီယိုသရုပ်ဆောင်ပေးခဲ့သော Burberry Christmas ကြော်ငြာကို ရိုက်ကူးထုတ်လွှင့်ခဲ့ပြီးနောက် ကုမ္ပဏီရဲ့ ရောင်းအား ဆယ်ရာခိုင်နှုန်းတိုးတက်ခဲ့ရာ ရိုမီယိုအတွက်လည်း ဖက်ရှင်လောကတွင် အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရစေခဲ့သည်။



# MTVဂီတဆုပေးပွဲမှာ တေလာဆွစ်ကို အံ့အားသင့်စေခဲ့တဲ့ ကယ်လ်ဗင်ဟဲရစ်




ဩဂုတ် ၃၀ရက် ညပိုင်းတွင် MTVရုပ်သံလိုင်းက ကျင်းပပြုလုပ်ခဲ့သော ၂၀၁၅ခုနှစ်အတွက် တေးဗီဒီယိုဆုပေးပွဲတွင် ဆုတံဆိပ်အများဆုံးရရှိသွားခဲ့သူ အမေရိကန်ပေါ့ပ်အဆိုတော် တေလာဆွစ်အတွက် အံ့အားသင့်စရာကောင်းသည့် အစီအစဉ်တစ်ရပ်ကို သူ၏ချစ်သူ ကယ်လ်ဗင်ဟဲရစ်က စီစဉ်ပြုလုပ်ပေးခဲ့သည်။

အဆိုပါဆုပေးပွဲညတွင် ကယ်လ်ဗင်သည် နိုင်ငံခြားသို့ ဖျော်ဖြေရေးသွားရောက်နေခဲ့သော်လည်း ချစ်သူ၏ အောင်မြင်မှုကို ဂုဏ်ပြုသည့်အနေဖြင့် တေလာအတွက် ပန်းရောင်နှင့် အနီရောင်နှင်းဆီပန်းလေးဒါဇင်ကို ပေးပို့ခဲ့သည်။ နှင်းဆီပန်းစည်းတစ်စည်းစီသည် တေလာရရှိခဲ့သော ဆုတစ်ခုစီအတွက် ရည်ရွယ်ပေးပို့ခဲ့ခြင်းလည်းဖြစ်သည်။

တေလာသည် အဆိုပါဆုပေးပွဲတွင် ၂၀၁၅ခုနှစ်အတွက် အကောင်းဆုံးတေးဗီဒီယိုဆုနှင့် အကောင်းဆုံးပူးပေါင်းဆောင်ရွက်မှုဆုတို့ကို “Bad Blood”တေးဗီဒီယိုဖြင့် လည်းကောင်း၊ အကောင်းဆုံးအမျိုးသမီးတေးဗီဒီယိုဆုနှင့် အကောင်းဆုံးပေါ့ပ်တေးဗီဒီယိုဆု တို့ကို ‘Blank Space”သီချင်း၏ တေးဗီဒီယိုဖြင့်လည်းကောင်း ရရှိခဲ့သည်။

အေးပြည့် — စုစည်းသည်

# လာရာလမ်းသို့ ပြန်ခဲ့သည့် သားငယ်ကျန်ခဲ့ပြီ

ပြည့်စုံအောင်

**ယမန်နေ့မှအဆက်**

လွင်ပြင်ကုန်းအနောက်ဘက်လျှိုအတွင်း ဆင်များရှိနေသည်ဆိုသည်မှာ သေချာသွားလေပြီ။

ကိုက် ၂၀၀ ဝန်းကျင်သို့ ကပ်မိသွားသောအချိန်တွင် တောတိုးသံ၊ နားရွက်ခတ်သံ သဲ့သဲ့ကိုကြားရလေသည်။ ကျွန်တော်တို့အဖွဲ့သည် ဆင်များရှိရာသို့ ချဉ်းကပ်ရာတွင် အတတ်နိုင်ဆုံး လျှိုအထက်မှ ချဉ်းကပ်ရသည်။လျှိုသည် မိုးရေကျချိန်တွင် သဲချောင်းအဖြစ်သာ စီးဆင်းမှုကြောင့် အတွင်းတွင် ချုံနွယ်များမှာ အပြင်မှမြင်လို့မရအောင်ပင် ပိတ်နေပြီး အတွင်းတွင်ကျယ်ပြန့်နေလေသည်။ “ဆင်တွေက အကောင်ကြီးသလို သူတို့ခန္ဓာကိုယ်ကိုမမြင်အောင် ဖုန်းကွယ်တတ်တယ်။တစ်ခါတစ်ရံ အပေါ်ကနေမမြင်ရရင် မြေပြင်ကဝပ်ကြည့်ရတယ်။ဒီကောင်တွေက ဘယ်လောက်ထိ ပါးနပ်လည်းဆို ရွှံ့မှာလူးပြီး ကျောက်တုံးပုံစံမျိုး နေနိုင်တယ် ”ဟု ဆင်အုပ်တစ်ယောက်က အတွေ့အကြုံပြောပြမှုကို သတိရမိပြန်သည်။

တောဆင်ရိုင်းများသေချာပေါက်ရှိနေသည်ဟု သတင်းအတည်ပြုနိုင်ခဲ့သဖြင့် ဆင်းဖမ်းဆီးရေးအဖွဲ့ထံ အကြောင်းကြားရတော့သည်။

သေချာပြီဆို လာခဲ့ပါမယ်။ “ကျွန်တော်တို့အဖွဲ့တွေက ခြေရာခံပြီးတောထဲမှာ လိုက်ရှာနေတာ။ မနေ့ကလိုပဲ ရွာကလူတွေကို ထိန်းပေးထားပါ။သွားမကြည့်ပါနဲ့။ မခြောက်လှန့်ပါနဲ့။ အခု ကျွန်တော်တို့ လှေ့လာရသလောက် အရမ်းရိုင်းတဲ့ဆင်တွေ မဟုတ်ဘူး။ ဒီဆင်အုပ်စု လူတွေနဲ့ တစ်ခါမှမတွေ့ဖူးသေးဘူး။ ဒီကောင်တွေက လူတွေကိုပြန်လေ့လာနေတာ။ သူတို့ လူတွေနားကပ်ကြည့်တယ်။ လူတွေက ခြောက်လှန့်လွှတ်တယ်။ ဒီလောက်ပဲ သူတို့ နားလည်ထားသေးတယ်။ အလွယ်ပြောရရင် သူတို့ လူတွေကို ကြောက်နေတယ်။ လူတွေက ဆင်တွေကို သွားမသင်ပေးမိစေနဲ့ဗျာ” ဟု ဆင်ဆရာဝန်နှင့်မေ့ဆေးအဖွဲ့မှ တာဝန်ရှိသူထံ ဆက်သွယ်အကြောင်းကြားစဉ် စိုးရိမ်မှုဖြင့် သတိပေးနေလေသည်။

လူတွေက ဆင်တွေကိုသွားမသင်ပေးမိစေနဲ့ ဆိုသည်မှာ တောဆင်ရိုင်းများသည် လူတွေကိုမမြင်ဖူးကြပါ။ လူနဲ့ဆင် ထိပ်တိုက်တိုးသောအခါ လူများက မီမီပါလာသော လက်နက်များဖြင့် ခြောက်လှန့်တတ်ကြသည်။ သို့သော် ထိုလက်နက်ပစ္စည်းများသည် ဆင်များအတွက် ဘာမှအရာရောက်အောင် မထိခိုက်နိုင်ချိန်တွင် ဆင်များက လူနောက်သို့လိုက်လေသည်။ လူထွက်ပြေးရသောအခါမှာ သူတို့စိတ်တွင် အသိတရားတစ်ခုစွဲသွားပြီး လူတွေဟာ ငါတို့ကိုကြောက်တယ်။ အဲတော့ လူတွေအပေါ် အနိုင်ကျင့်လို့ရပြီဟု မှတ်ယူတတ်ကြသည်ဟု ဆင်အုပ်တစ်ဦးက ဆင်သဘောသဘာဝကို ရှင်းပြဖူးသည်။

ခင်ဗျားတို့ ကြားဖူးမှာပါ။ ဆင်တွေပြောင်းခင်းထဲဝင်သောင်းကျန်းတာတို့။ ရွာနဲ့မလှမ်းမကမ်းက ဘုန်းကြီးကျောင်းတွေ၊ အိမ်တွေထဲ ဝင်ရောက်မွှေနှောက် အစာဝင်စားတာတို့၊ အဲဒါ လူတွေကြောင့် ဆင်တွေကဖြစ်ရတာလေ။ နောက် စကားပုံတစ်ခုရှိသေးတယ်လေ။ ဆင်ကျီစားရာ ဆိတ်မခံသာဆိုတာ၊ တကယ်တော့ ဆင်တွေက လူနဲ့တိုးတဲ့အခါ သူတို့ကို အန္တရာယ်မပြုအောင် နှာမောင်းလေးနဲ့ ဖယ်ရှားတာပါ။ ဒါကို လူက အားချင်းမမျှတော့ လွင့်ထွက် သွားတာတို့၊ သေကျေပျက်စီးတာတို့ ဖြစ်ရပြန်တယ်။ တကယ်တော့ဆင်တွေတိုက်ပြီဆိုရင် သောင်းကျန်းပြီဆိုရင်၊ ဒီထက်ဆယ်ဆမကဆိုးတယ်”ဟု တိုက်ကြီးနယ်ဘက်မှ အတွေ့အကြုံတစ်ခုအား ဆင်အုပ်တစ်ယောက်ပြောပြလေသည်။ ဒုတိယနေ့အဖြစ် တောဆင်ရိုင်းများ ခြောက်လှန့်ရန်အတွက် ဆင်ဆရာဝန်များ၊ မေ့ဆေးအဖွဲ့၊ ကျွမ်းကျင်ဆင်အုပ်ဆင်ဦးစီးများ၊ ကွန်ဂျီဆင်ဟုခေါ်သော အိမ်ဆင်များအား စောင့်ဆိုင်းနေရပြန်သည်။ “တောဆင်တွေကို နေရာပြောင်း၊မပြောင်း ကြည့်ထားပေးပါဦး။ ကွန်ဂျီဆင်တွေက ငွေးချိုဘက်ရောက်နေလို့ ကွန်ဂျီဆင်တွေကို ပြန်ခေါ်နေတယ်။ ကွန်ဂျီဆင်မပါရင် တောဆင်ရိုင်းကို ဝင်မောင်းဖို့မလွယ်ဘူး။ ညနေပိုင်းလောက်တော့ အကုန်ရောက်မှာပါ” ဟု ဆင်ဖမ်းအဖွဲ့ထံမှ အဆက်အသွယ်ရခဲ့သည်။



ကျွန်တော်နှင့်အတူ တောဆင်ရိုင်းများထံရောက်ရှိနေသော သစ်တောအရာရှိများ၊ အုပ်ချုပ်ရေးမှူးများ၊ ရဲအရာရှိများလည်း ဆင်ဖမ်းအဖွဲ့မရောက်သေးသဖြင့် နေ့လယ်စာအဖြစ် ပုပ္ပားတောင်ချစ်သူများအဖွဲ့၏ အစီအစဉ်ဖြင့် နီးစပ်ရာရွာတွင် သွားရောက်စားခဲ့ရသည်။ တောဆင်ရိုင်းများအတွက်ကိုမူ စိတ်ချရသော ရွာခံများအားရွေးချယ်၍ ကင်းအဖြစ်ထားရှိခဲ့ပြီး မခြောက်လှန့်ရန်နှင့် ချုံတိုးမှုအခြေအနေအား နားစွင့်ရန် အစောင့်ထားခဲ့ရပြန်သည်။ အချိန်သည်ကား ညနေ ၃ နာရီ။ ကျွန်တော်သည် ဒေသခံတစ်ဦး၏ အကူအညီဖြင့် တောဆင်ရိုင်းများရှိရာ လွင်ပြင်ကုန်းအနောက်ဘက်တောရှိ လျှိုရှိရာသို့ပြန်လာစဉ် လျှို၏အနီးဝန်းကျင်(တောဆင်များ ပုန်းလျှိုနေရာဖြင့် ကိုက် ၃၀၀ အကွာအဝေး) သို့ရောက်ရှိစဉ် လယ်ကွင်းအနောက်မှလျှိုကိုဖြတ်ကျော်၍ အရှေ့ဘက် ဆင်ဖမ်းအဖွဲ့များရှိရာသို့ ဖြတ်သန်းရန် ပြင်ဆင်ချိန်တွင် ကျီး ကျီး ဝူး ကျီး ကျီး ဝူး ဟု ကျယ်လောင်သော ငယ်သံ တစ်ခုအား ကြားလိုက်ရသောအခါ ကျွန်တော်၏ အသိစိတ်မှနောက်ကျသောခြေထောက် သစ္စာဖောက်ဟု မှတ်ယူကာ ဖနောင့်နှင့်တင်ပါးတစ်သားတည်း ကပ်၍ပြေး လေရလေသည်။ “မင်းမှတ်ထား ဆင်တွေငယ်သံပါအောင် အော်ရင် သူတို့စိတ်ဆိုးသံပဲ။ အသံရဲ့ အကျယ်လောင်ဆုံးကြားတဲ့ အရပ်က သူတို့ ခေါင်းလှည့်ထားရာအရပ်။ ဆင်ဆိုတဲ့ အမျိုးက ခေါင်းတည်ရာကို ပြေးလေ့ရှိတယ်။ လူနဲ့ကိုက် ၅၀၀ ဝေးတောင်ပြေးမလွတ်ဘူးမောင်။ နီးစပ်ရာ အပင်မြင့်မြင့်မာမာပေါ်သာ ပြေးတက်ပေတော့” ဟု မှာထားသော ဆင်အုပ်တစ်ယောက် စကားအရ ပြေးရလေတော့သည်။ ဦးဇင်းရှိလား “ ဦးဇင်းရှိလား”၊ ကိုသက်ရှိလား “ကိုသက်ရှိလား”၊ ကိုမျိုးရှိလား “ကိုမျိုး ရှိလား ”ဟု အိုင်ကွန်စက်ဖြင့် လှမ်းခေါ်ရလေသည်။ မီးစက်ကြီးပါ၊ မီးစက်ကြီးပါ။ ဆင်အော်သံကြားလို့ သစ်ပင်ပေါ်ပြေးတက်နေလိုက်ရတယ်။ အခြေအနေ ဘာထူးပါလဲ။ လျှိုအနောက်ဘက်မှာရှိတယ်။ “ရထား ရထား” ဆင်တွေကို သွားကြည့်တာ ရွာခံတချို့က လှမ်းခြောက်တယ်လို့ သိရတယ်။ ဒါကြောင့် ဒေါသထွက်ပြီး နှာမှုတ် တယ်တဲ့” အနောက်ဘက်ကနေ အရှေ့ဘက် ကူးလို့ရမလား။ ဆင်ဖမ်းအဖွဲ့တွေ လာပေါင်းပြီလား“ရထား ရထား” ဆင်တွေလှုပ်ရှားမှု မရှိတော့ဘူး။

(ဆက်လက်ဖော်ပြပါမည်။)

## လေဗာကူဆင်သို့အပြီးသတ်ပြောင်းရွှေ့သွားသည့် မန်ယူတိုက်စစ်မှူး ဟာနန်ဒက်ဇ်၊ မိုနာကိုတိုက်စစ်မှူးမာရှယ်လ်အားခေါ်ယူရန် မန်ယူသဘောတူညီမှုရခဲ့ပြီ

မန်ယူတိုက်စစ်မှူးဟာနန်ဒက်ဇ်သည် ဂျာမနီကလပ်ဘိုင်ယန်လေဗာကူဆင်သို့ ပေါင် ၇ ဒသမ ၃ သန်းဖြင့် အပြီးသတ် ပြောင်းရွှေ့သွားခဲ့ပြီဖြစ်သည်။ အသက်(၂၇)နှစ်အရွယ်ရှိ မက္ကဆီကိုတိုက်စစ်မှူးမှာ မန်ယူက ဆွမ်ဆီးအားနှစ်ဂိုး-တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့သော ပွဲတွင်လည်းအရန်ခုံ၌သာထိုင်နေခဲ့ရပြီး ယခုနှစ်တွင် မန်ယူ၏ ပထမပွဲထွက်ကစားသမားအဖြစ် တစ်ပွဲမျှပွဲထွက်ကစားခွင့်မရရှိခဲ့ပေ။

ဟာနန်ဒက်ဇ်နှင့် လေဗာကူဆင်တို့အကြားသုံးနှစ်စာချုပ်သက်တမ်း ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး သူ၏ မန်ယူကစားဖော်ဂျာနျူဇက်မှာလည်း ဘွန်ဒက်စ်လီဂါကလပ် ဒေါ့မွန်သို့အငှားစာချုပ်ဖြင့်ပြောင်းရွှေ့သွားခဲ့ပြီဖြစ်ရာ သူတို့နှစ်ဦးမှာ ဘွန်ဒက်စ်လီဂါ၌ ပြိုင်ဘက်များအသွင်ဖြင့်ပြန်လည်ရင်ဆိုင်ရတော့မည်ဖြစ်သည်။ ထို့ပြင် အသက်(၃၁)နှစ်အရွယ်ရှိ မန်ယူဂိုးသမား လင်ဒီဂတ်မှာလည်း ဝက်စ်ဘရွန်းသို့ နှစ်နှစ်စာချုပ်ဖြင့် ပြောင်းရွှေ့သွားခဲ့ပြီဖြစ်သည်။

ဟာနန်ဒက်ဇ်သည် သူ၏ မွေးရပ်မြေကလပ် ဂူဒါလာဂျာရာမှ မန်ယူသို့ ၂၀၁၀ခုနှစ်တွင် ပြောင်းရွှေ့လာခဲ့ပြီးနောက် ပွဲပေါင်း၁၅၆ပွဲ ဝင်ရောက်ကစားခဲ့ရာ သွင်းဂိုး ၅၉ ဂိုးသွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။ သို့သော် ဟာနန်ဒက်ဇ်မှာ ပြီးခဲ့သည့်ဘောလုံးရာသီတွင် ရီးယဲလ်၌ အငှားစာချုပ်ဖြင့်သာ ကစားနေခဲ့ရပြီး ယခုနှစ်မန်ယူသို့ ပြန်လည်ရောက်ရှိချိန်တွင်လည်း အရန်ခုံတွင်သာ အချိန်ကုန်နေရခြင်းကြောင့် အသင်းပြောင်းရွှေ့ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် မန်ယူမှာ အသက်(၁၉)နှစ်သာရှိသေးသော မိုနာကိုတိုက်စစ်မှူးမာရှယ်လ်အား ပေါင်၃၆သန်းဖြင့် အပြောင်းအရွှေ့နောက်ဆုံးနေ့ရက်တွင် အပြီးသတ်ခေါ်ယူနိုင်ခဲ့ပြီဖြစ်သည်။ မာရှယ်လ်အား အာဆင်နယ်ကလည်းခေါ်ယူရန်ချိတ်ဆက်နေသော်လည်း ကစားသမားမှာ မန်ယူ အသင်းနှင့် ဆေးစစ်ချက်ပြုလုပ်ရန် မန်ချက်စတာမြို့သို့ ဩဂုတ် ၃၁ ရက်တွင် ရောက်ရှိနေခဲ့ပြီဖြစ်သည်။ ထိုသို့ ဈေးနှုန်းမြင့်မားသည့်အပြောင်းအရွှေ့ကြောင့် မာရှယ်လ်သည် တန်ဖိုးအကြီးဆုံးဆယ်ကျော်သက် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သလို ဂျူအန်မာတာနှင့် ဒီမာရီယာတို့ကဲ့သို့ မန်ယူ၏ ဈေးအကြီးဆုံး ခေါ်ယူမှုတစ်ခု လည်းဖြစ်ခဲ့သည်။

သို့သော် မာရှယ်လ်မှာ အွန်နရီကဲ့သို့ပင် ဗဟိုနှင့် တောင်ပံတိုက်စစ်နေရာနှစ်ခုလုံးတွင် ကစားနိုင်သူဖြစ်သလို အရပ်အနည်းငယ်ပုသော်လည်း လျှပ်စီးကဲ့သို့လျင်မြန်စွာကစားနိုင်သူဖြစ်သောကြောင့် မန်ယူအနေဖြင့် မှန်ကန်သည့် ခေါ်ယူမှုတစ်ရပ်ပြုလုပ်နိုင်ခဲ့ခြင်းဖြစ်သည်ဟု အားကစားကျွမ်းကျင်သူများက သုံးသပ်ကြသည်။




ရှိုင်းယန်ဟေဒင်-စုစည်းသည်



## ဂရင်းစလင်းဖိအားအောက်ရောက်ရှိနေသည့် ဆရီနာဝီလျံ

အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံဟာ ပြီးခဲ့တဲ့နှစ်က အမေရိကန်အိုးပင်းမှာ ချန်ပီယံဖြစ်ပြီးနောက်ဆက်တိုက်ဆိုသလို ၂၀၁၅အတွင်း ကျင်းပခဲ့တဲ့ဂရင်းစလင်းပြိုင်ပွဲသုံးရပ်စလုံးမှာလည်း ချန်ပီယံဖြစ်ခဲ့ပါတယ်။ ဒါကြောင့်သူဟာ ဂရင်းစလင်းဖလားလေးလုံးကို ဆက်တိုက်ဆွတ်ခူးခဲ့သူဆိုပေမယ့် ပြက္ခဒိန်နှစ်တစ်နှစ်အတွင်းမှာဆွတ်ခူးခဲ့တာမဟုတ်တဲ့ အတွက် တစ်နှစ်အတွင်း ဂရင်းစလင်းပြိုင်ပွဲတိုင်းရဲ့ ချန်ပီယံအဖြစ်မှတ်တမ်းရေးထိုးဖို့ဆိုရင် အခုကျင်းပနေတဲ့ ယူအက်စ်အိုးပင်းမှာ ဗိုလ်စွဲဖို့လိုအပ်ပါတယ်။

ဆရီနာဟာ ပြီးခဲ့တဲ့ဝင်ဘယ်လ်ဒန်အိုးပင်းမှာလည်း အကြိုဗိုလ်လုပွဲတက်ရောက်ကတည်းက ဒီဂရင်းစလင်းချန်ပီယံဆုကို အင်္ဂလန်မီဒီယာတွေက "ဆရီနာစလင်း" လို့သတ်မှတ်ပြီးကင်ပွန်းတပ်ခဲ့ကြပါတယ်။ ဆရီနာကိုယ်တိုင်ကတော့ ယခု ယူအက်စ်အိုးပင်းမှာ ဖြစ်လာမယ့် အလားတူဖိအားမျိုးကို ဝင်ဘယ်လ်ဒန်အိုးပင်းမှာကတည်းက ကြုံတွေ့ခဲ့ရပေမယ့် ဒါဟာသူ့အတွက်လေ့ကျင့်ခန်းတစ်ခုလို ပိုပြီးကြံ့ခိုင်လာစေတဲ့ကိစ္စရပ်ပါလို့ ဆိုခဲ့ပါတယ်။

" အခုဆို လူတွေက ယူအက်စ်အိုးပင်းမှာ လက်ရှိချန်ပီယံဘွဲ့ကို ကျွန်မကာကွယ်ပြီး နောက်ထပ်ဆရီနာစလင်းတစ်ခုထပ်ဖြစ်ဦးမှာလားဆိုတာကို စိတ်ဝင်စားနေကြပါတယ်။ဒါမျိုးဟာ ဖြစ်တောင့်ဖြစ်ခဲအခြေအနေပါ။ ဒါပေမယ့် ကျွန်မလုပ်ပြချင်ပါတယ်။ ကျွန်မဟာ ဂရင်းစလင်းချန်ပီယံဆုတိုင်းကို အခုထိရှုးရှုးမိုက်မိုက် ခုံမင်ဆဲပါပဲ။နှစ်တစ်နှစ်အတွင်းမှာ ဂရင်းစလင်းချန်ပီယံဆုလေးဆုလုံးကို ဆွတ်ခူးဖို့ ကျွန်မရည်မှန်းထားပါတယ်"လို့ဆရီနာက နယူးယောက်မြို့မှာ မီဒီယာတွေကို ပြောကြားခဲ့ပါတယ်။

အခုလည်းဆရီနာက စက်တင်ဘာ၁ရက်က ကျင်းပခဲ့တဲ့ ယူအက်စ်အိုးပင်းပထမအကျော့ပွဲစဉ်မှာ ရုရှားတင်းနစ်မယ် ဒါရှန်ကို ကို ပွဲချိန်မိနစ်၃၀အတွင်းမှာ ၆-၂၊၂-၀နဲ့ အလွယ်တကူ အနိုင်ယူနိုင်ခဲ့တာကြောင့် ဒီပွဲစဉ်ဟာ သူ့အတွက် သွေးပူလေ့ကျင့်ခန်း ဆင်းသလောက်သာ ကြာမြင့်ခဲ့ပါတယ်။ ဆရီနာအရင်က ၁၉၈၈မှာ စတာဖီဂရာ့စ်၊ ၁၉၇၀က မာဂရက်ကော့တို့ဟာ တစ်နှစ်အတွင်းဂရင်းစလင်းလေးလုံးဆွတ်ခူးခဲ့သူတွေဖြစ်ပါတယ်။ ဒါ့ကြောင့် ဆရီနာအနေနဲ့ သူတို့ရဲ့ လမ်းစဉ်အတိုင်းလိုက်ပြီး ဂရင်းစလင်းဖိအားအောက်က ရုန်းထွက်နိုင်မလားစောင့်ကြည့်ရမှာပါ။

## ဗန်ဟားလ်ကြောင့် မန်ယူကိုစွန့်ခွာခဲ့ရခြင်းဖြစ်သည်ဟု ဒီမာရီယာဖွင့်ဟ

ပီအက်စ်ဂျီတောင်ပံတိုက်စစ်မှူး ဒီမာရီယာက သူ့အနေဖြင့်မန်ယူအားစွန့်ခွာခဲ့ရသော တစ်ခုတည်းသောအကြောင်းတရားမှာ မန်ယူ နည်းပြဗန်ဟားလ်၏ အတွေးအခေါ်အယူအဆအပေါ် ကြိုက်နှစ်သက်မှုမရှိ၍ ဖြစ်သည်ဟုဆိုလိုက်သည်။ ဒီမာရီယာသည် ၂၀၁၄ ဩဂုတ်လကပင် ရီးယဲလ်မှ မန်ယူသို့ ပေါင် ၅၉ ဒသမ ၇ သန်းဖြင့် ရောက် ရှိလာခဲ့သူဖြစ်ပြီး ယခုနှစ်တွင် မန်ယူမှ ပီအက်စ်ဂျီသို့ပေါင် ၄၅သန်းဖြင့်ပြန်လည်ပြောင်းရွှေ့သွားခဲ့သည်။

ဒီမာရီယာက ၎င်းအနေဖြင့်လိဂ်တစ်ခုတွင် သူ၏တန်ဖိုးအစစ်အမှန်တစ်ခုကိုပြသပြီးမှသာ အခြားလိဂ်တစ်ခုသို့ပြောင်းရွှေ့ကစားလိုသော်လည်း မန်ယူ၌ တစ်ရာသီကာလဖြတ်သန်းပြီးနောက် အခြားလိဂ်တစ်ခုသို့ပြောင်းရွှေ့ခဲ့ရခြင်းမှာ ဗန်ဟားလ်ကြောင့်သာ ဖြစ်သည်ဟု စွပ်စွဲပြစ်တင်လိုက်သည်။ ဒီမာရီယာမှာ မန်ယူကစားသမားဘဝ အစရာသီတွင် ခြေစွမ်းပြသနိုင်ခဲ့သော်လည်း ဒဏ်ရာ ပြဿနာများကြုံတွေ့ခဲ့ရပြီးနောက် ခြေစွမ်းမပြနိုင်ခဲ့ရာ အရန်ခုံတွင်သာ အချိန်ကုန်ခဲ့ရသူဖြစ်သည်။

## ကာဗာနီအား ခေါ်ယူရန် ပဲရစ်မြို့သို့ရောက်ရှိနေသည့် အာစင်ဝင်းဂါး

ပီအက်စ်ဂျီတိုက်စစ်မှူး ကာဗာနီအား ခေါ်ယူခွင့်ရရန် အာဆင်နယ်နည်းပြဝင်းဂါးကိုယ်တိုင် ပဲရစ်မြို့သို့ရောက်ရှိနေပြီး ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်နေကြောင်း သိရသည်။ တိုက်စစ်ပြဿနာကြုံတွေ့နေရသည့် အာဆင်နယ်မှာ အပြောင်းအရွှေ့ကာလပိတ်သိမ်းခါနီး အချိန်တွင် တိုက်စစ်မှူးတစ်ဦးအား မရမနေခေါ်ယူရန် ကြိုးပမ်းနေပြီး ဘင်ဇီမာ၏အပြောင်းအရွှေ့ပျက်ပြယ်ခဲ့ပြီးနောက် ကာဗာနီအားခေါ်ယူရန် ချိတ်ဆက်မှုများအရှိန်မြှင့်လုပ်ဆောင်နေခြင်းဖြစ်သည်။

ကာဗာနီကိုယ်တိုင်ကလည်း ပီအက်စ်ဂျီ၌ အီဘရာဟီမိုဗစ်ချ်ရှိနေသောကြောင့် ဗဟိုတိုက်စစ်မှူးအဖြစ် မကစားရဘဲ တောင်ပံတိုက်စစ်နေရာ(သို့မဟုတ်) နောက်ချန်တိုက်စစ်မှူးနေရာတွင်သာ ကစားနေရရာ အသင်း၏ ကစားကွက်မှာ ၎င်းအတွက်ကစားရခက်ခဲကြောင်း မကြာသေးမီကပင် ဝေဖန်ခဲ့သေးသည်။

## စာရွက်စာတမ်းကိစ္စအပြီးမသတ်နိုင်ခြင်းကြောင့် ပျက်ပြယ်ခဲ့ရတဲ့ ဒီဂီယာရဲ့အပြောင်းအရွှေ့

မန်ယူဂိုးသမား ဒီဂီယာ၏ မန်ယူမှ ရီးယဲလ်သို့ ပေါင် ၂၉သန်းဖြင့်ပြောင်းရွှေ့မည့်ကိစ္စရပ်မှာ စာရွက်စာတမ်းအချိန်မီအပြီးမသတ်နိုင်ခြင်းကြောင့် လာမည့်ဆောင်းရာသီအပြောင်းအရွှေ့ကာလရောက်မှသာ ရွှေ့ပြောင်းရတော့မည်ဖြစ်သည်။ မန်ယူအသင်း အပြောင်းအရွှေ့ဒါရိုက်တာ တင်မ်ဝုဒ်ဝေ့ဒ်က ဒီဂီယာရီးယဲလ်သို့ ပြောင်းရွှေ့မည့်ကိစ္စရပ်အား မလိုလားသဖြင့် စာချုပ်စာတမ်းအပြီးသတ်နိုင်ရေးကို ကြန့်ကြာအောင်လုပ်ဆောင်ခဲ့ခြင်းကြောင့် ရီးယဲလ်ဘက်မှ အချိန်မရှိဟု အကြောင်းပြန်ခဲ့ရာ ဒီဂီယာ၏ အပြောင်းအရွှေ့မှာ အပြီးမသတ်နိုင်ခဲ့ခြင်းဖြစ်သည်ဟု အင်္ဂလန်မီဒီယာများကဖော်ပြသည်။

မန်ယူနှင့်နီးစပ်သော အသိုင်းအဝိုင်းကမူ ဒီဂီယာ၏ အပြောင်းအရွှေ့ကိစ္စရပ်ပျက်ပြယ်ခဲ့ခြင်းကြောင့် ဗန်ဟားလ်အနေဖြင့် ပျော်ရွှင်နေပြီး ရီးယဲလ်ဘက်သို့ ဒီဂီယာအားခေါ်ယူချင်လျှင် ၎င်းတို့၏ကော်စတာရီကာ ဂိုးသမား နာဗက်စ်အား ပေါင် ၁၁ သန်းဖြင့် ပြန်လည်ရောင်းချပေးရမည်ဟု ကမ်းလှမ်းခဲ့ရာ အပြောင်းအရွှေ့မှာ ကြန့်ကြာခဲ့ခြင်းဖြစ်သည်။ သို့သော် ရီးယဲလ်ဘက်မှဒီဂီယာအတွက် တရားဝင်ကမ်းလှမ်းချက်ကို ဩဂုတ် ၃၁ နေ့လယ်ပိုင်းလောက်မှသာ မန်ယူဘက်သို့ ပေးပို့ခဲ့ခြင်းကြောင့် အချိန်မီမဆောင်ရွက်နိုင်ခြင်း ဖြစ်ကြောင်း မန်ယူဘက်မှ ထုတ်ပြန်ခဲ့သည်။

ရီးယဲလ်သည် ယင်းအပြောင်းအရွှေ့အား အပြောင်းအရွှေ့ကာလပိတ်သိမ်းပြီးနောက် ဖီဖာဘက်မှ ခြွင်းချက်အနေနဲ့ ခွင့်ပြုပေးနိုင်ရန်မျှော်လင့်နေသည်။ မန်ယူတွင် ပထမဂိုးသမားအဖြစ် အာဂျင်တီးနားဂိုးသမားရိုမီယိုအား ပုံမှန်ပွဲထွက်ကစားခွင့်ပေးထားပြီး စပိန်ဂိုးသမားနှစ်ဦးဖြစ်သော ဒီဂီယာ၊ ဗဲဒက်စ်တို့မှာ အသင်း၏အရန်ခုံတွင်သာ အချိန်ကုန်နေရခြင်းကြောင့် အသင်းပြောင်းရွှေ့ရန် ကြိုးပမ်းနေသော်လည်း ယခုနှစ်နွေဈေးကွက်၌ မည်သည့် အပြောင်းအရွှေ့မျှ ဖြစ်မြောက်ခဲ့ခြင်းမရှိပေ။ သို့သော် ဒီဂီယာအနေဖြင့် လာမည့်ဆောင်းရာသီဈေးကွက်ပြန်လည်ဖွင့်လှစ်ချိန်တွင် ရီးယဲလ်သို့သေချာပေါက် ပြောင်းရွှေ့တော့မည်ဖြစ်သည်။



SPECIAL SALES PROMOTION PERIOD

SPECIAL SALES PROMOTION PERIOD



# Art Grage Technology Of Japan

Art Grage brings you anywhere/anytime into the fascinating relaxing passage of time, from the "Morning till the Night" and from "Winter to Spring". A Revolutionary Art that expresses the stream of time with technology gradation. In 1994, Mr. KAZUO NAKANO sucessfully invented and developed the Art Grage technology and have patented worldwide in 25 countries. He proposed the paintings as Composite Art to unify music, light and scent in one artwork to touch your heart, regain your soul and to reset your mind



This revolutionary art displays a plurality of (scenery/images),(time flows/changing season) and a story line as a sequence of images in one masterpiece by the combination of painting and light technique. It also includes the story, lighting, entertainment, healing and pureness which are the essence for normal paintings. In 1988 Micheal Jackson requested exclusive rights to Art Grage but was declined. Also in 2001 at "New York Art Expo" received more than 40 enquires from companies world wide and was selected as **No.1 Art of the 21st Century.**



**Showroom And Sales Centre For Art Grage**

You are cordually invited to visit the sales centre and showroom during this special sales promotion period at no.(12) Golden Butterfly Hotel on Ko Min Ko Chin Road, Bahan Township, Yangon, Myanmar.
Phone Nos. 01-541978~9/01-541981~8/
Email: minnadifamily@gmail.com. Opening hours: 09:00 hours to 17:00 hours, from Wednesday to Sunday

Art Produced By
Art Grage

Ad Designed By
YGN PRODUCTION
Youth Generation Neighbourhood

2015 All Rights Reserved

## ဇီဝမျိုးစုံမျိုးကွဲတွေကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

## Konica ရွှေရာဇ
**Wedding Dress & Photo Studio**



သရုပ်ဆောင် - မိုးယုစံ

ဘွဲ့ဓါတ်ပုံ၊ ဘွဲ့ဝတ်စုံ
မိတ်ကပ်ဆံပင် အတွက်
ကြိုတင် စာရင်းပေးသွင်းနိုင်ပြီ။

♛ အမှတ် (၇၀)၊ လမ်းမတော် လှည်းတန်းလမ်း၊ ၁၀ လမ်း နှင့် ၁၁ လမ်းကြား၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ ၊ ဖုန်း။ ၀၁-၂၂၅၀၈၄ ၊ ၀၉-၇၈၅၂၂၅၀၈၄

♛ အမှတ် (၃၆)၊ လှည်းတန်းမီးပွိုင့်အနီး၊ ရန်ကုန်အင်းစိန်လမ်းမ ၊ ကမာရွတ် ။ ဖုန်း-၅၂၅၃၀၄

## Ⓚ KYAW Ⓚ

ဆန်ဖြန့်ဖြူးရောင်းဝယ်ရေး
"အိုးတက်ဆန်ဖွေးထမင်းအာမခံ"
အခမဲ့(နေ့ချင်းပြီး)အရောက်ပို့စနစ်
၁-၉-၂၀၁၅ မှ ၁၀-၉-၂၀၁၅ အထိ
**Promotion 5% Discount+**
ကောက်ညှင်းလက်ဆောင်
ပေါ်ဆန်းမွှေး(ရွှေဘို၊ပုသိမ်၊ဖျာပုံ), တောင်ပျံမွှေး, ရှမ်းဆန်, (နောင်မွန်) ပေါ်ကျွဲ, ခွန်နီ ဘေးကြား,ဧယာ, ညှိမထ, မနောသုခ, ဆင်းသွယ် ၁၂ပြည်(24-kg) ၂၄ပြည်(48-kg) စသည်ဖြင့်မှာကြားနိုင်ပါသည်။
Ph : 09-420273732,
09-970277622

အစိုးရတရားဝင် ကိုရီးယားအလုပ်ဝင် Professional
ကျွမ်းကျင်သင်တန်းကျောင်း Better Tomorrow
## EPS-TOPIK
(ကိုရီးယားဘာသာစကားအရည်အချင်း စစ်စာမေးပွဲ)
ပညာအရည်အချင်းမလိုဘဲ
သင်လည်းကိုရီးယားမှာ ပိုက်ဆံရှာဖို့ သွားကြစို့

* လစာ(၁၈)သိန်းဝန်းကျင် ရရှိနိုင်သော အာမခံချက်
* မြန်မာစကား ကျွမ်းကျင်စွာ ပြောနိုင်သော ကိုရီးယားလူမျိုး **ဆရာ Kim** ကိုယ်တိုင်ရဲ့ သင်ကြားပို့ချချက်များ
* ကိုရီးယားဘာသာစကားကို လုံးဝမတတ်သူများအတွက် အခြေခံမှစ၍ စာမေးပွဲ အောင်မြင်သည်အထိ တာဝန်ယူသင်ကြားပေးနေပါသည်။
* တန်းခွဲသစ်များ ၇-၉-၂၀၁၅ ရက်နောက်ဆုံးထား၍လက်ခံပေးနေပါသည်


တွေဝေမနေဘဲ အရင်ဆုံးဖုန်းဆက်ပြီး
တိုင်ပင်ဆွေးနွေးကြည့်ပါ။

လိပ်စာ - အမှတ် (B/30) ပထမထပ်၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း
ဖုန်း - ၀၁ ၅၁၂၈၀၄ ၊ ၀၉-၃၀၀၉၃၅၉၂ ၊ ၀၉-၇၉၅၈၃၂၀၀
ပုဇွန်တောင်ဖုန်း - ၀၁-၃၉၇၅၀၂ ၊ ၀၉-၅၁၅၀၅၈၂ ၊

| နေပြည်တော် | မင်္ဂလာ(၂) | မင်္ဂလာစံပြ | မြို့မ (မွေ့ဝေ) | မင်္ဂလာဒိုင်းမွန်း (မွေ့ဝေ) | မင်္ဂလာထွန်းသီရိ (မြိတ်) |
|---|---|---|---|---|---|




| ရွှေဆောင် | မင်္ဂလာစံပြ | မင်္ဂလာဒိုင်းမွန်း (မွေ့ဝေ) |
|---|---|---|




| နေပြည်တော် | မင်္ဂလာဒိုင်းမွန်း (မွေ့ဝေ) |
|---|---|



ကျန်းမာရေးဆောင်းပါး



# ဆေးဖက်ဝင်တဲ့ သပြေသီးမှည့်လေးများ

à ပေါက်ပေါက်

'ဝါဆိုဝါခေါင် ရေတွေကြီးလို့ သပြေသီးမှည့်ကောက်စို့ကွယ်။ ခရာဆူးချုံ ဟိုအထဲက မျှော့နက်မည်းကြီး တွယ်တတ်တယ်။ မျှော့နက်ဆိုတာ ချိန့်လားကွဲ့ မြွေနဂါးတောင်ကြောက်ဖူးကွယ်။ တို့လဲကြောက်ပေါင် အတူသွားစို့ အုန်းလက်နွားလေး ထားခဲ့မယ်။ သွားကွယ် . . . သွားကွယ်'

မိုးတွင်းကာလ သပြေသီးမှည့် ပေါ်ချိန်ရောက်တဲ့အခါတိုင်း ဆရာကြီးမင်းသုဝဏ်ရေးသားခဲ့ပါသော ငယ်ငယ်တုန်းကကျောင်းမှာ သံပြိုင်ဆိုခဲ့ဖူးတဲ့ကဗျာလေးကို အောက်မေ့သတိရမိပါတယ်။ တစ်နှစ်မှ တစ်ကြိမ်သာ အသီးသီးတဲ့သပြေကြီးပင်တို့ဟာ အရိပ်ရ နှစ်ရှည်ပင်အမျိုးအစားဖြစ်ကြပါတယ်။ ပင်စည်ရဲ့ အသားဟာ ရေဒဏ်ခံနိုင်တာကြောင့်လည်း ရှေးအခါက မြန်မာ နှင့် အိန္ဒိယနိုင်ငံတွေရဲ့ မီးရထားစလီဖားတုံးတွေ၊ မော်တာစက်ထိုင်ခုံတွေ၊ အိမ်ထောင်ပရိဘောဂ၊ အိမ်ဆောက်ပစ္စည်းတွေ၊ လယ်ယာသုံးပစ္စည်းတွေမှာ သပြေပင်များရဲ့ပင်စည်တွေကို အသုံးပြုလေ့ရှိပါတယ်။

ကြက်သွေးရင့်ရောင်ဆန်ဆန် နက်မှောင်သော သပြေသီးမှည့်၏ အရသာမှာ ချိုချဉ်၊ အတန်ငယ်ချဉ်ဖန်ပြီး လျှာပေါ်မှာ ခရမ်းရောင်စွဲထင်ကျန်ရစ်ခဲ့ပါတယ်။ အသီးထဲမှာ အဖြူရောင်အစေ့ တစ်လုံး ပါရှိပြီး ထိုအစေ့ကနေ အပင်စိုက်ပျိုးနိုင်ပါတယ်။ သပြေကြီး အမျိုးအစားဖြစ်ကာ၊ အရိပ်အာဝါသကောင်းတာကြောင့် ကျေးငှက်သာလိကာတို့ ပျော်မွေ့ကြပြီး ရွက်ညှာနုများကလည်း ၎င်းသတ္တဝါလေးတွေအတွက် ဝမ်းစာအာဟာရဖြစ်စေပါတယ်။ ထိုသပြေကြီးပင်တွေကို အာရှတိုက်၏ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှာ အများအပြားတွေ့ရပြီး အနောက်နိုင်ငံမှာတော့ အမေရိကန်ပြည်ထောင်စု၏ ဖလော်ရီဒါနဲ့ ဟာဝိုင်အီတို့မှာ တွေ့ရတတ်ပါတယ်။ မြန်မာပြည်မှာ ရာသီစာသီးနှံအဖြစ် စားလေ့ရှိပြီး၊ အိန္ဒိယနှင့် အမေရိကန်ပြည်ထောင်စုများမှာတော့ အသီးကိုအချဉ်ဖောက်ကာ ဝိုင်၊ ရှာလကာရည်များချက်လုပ်ခြင်း၊ ယို၊ ဂျယ်လီ စသည် ဖြင့် စားသောက်ကြပါတယ်။ အသီးသာမက၊ အစေ့၊ အရွက်၊ ပင်စည်နှင့် အခေါက်တို့ကလည်း လွန်စွာဆေးဖက်ဝင်လှရာ၊ ရှေးမြန်မာကြီးများက 'အိမ်ရှေ့မှာ သပြေကြီးပင် တစ်ပင်စိုက်ထားရုံဖြင့် ကျက်သရေမင်္ဂလာပြည့်ဝစေတဲ့အပြင် ဆေးဆရာတစ်ဦး အိမ်သို့ပင့်ထားလေသည်' ဟု ဆိုရိုးရှိခဲ့ပါတယ်။

နိုင်ငံတကာ ဆေးသိပ္ပံပညာရှင်များ၏ လက်တွေ့စမ်းသပ်ချက်များအရ၊ သပြေသီးမှည့် ၁၀၀ ဂရမ်ထဲမှာ လူသားတို့ ကျန်းမာရေးကို အထောက်အကူပြုစေ၍ ချေဖျက်လွယ်သော အမျှင်ဓာတ် သုည ဒသမ ၆ ဂရမ်၊ ကစီဓာတ် ၁၄ ဂရမ်၊ ခွန်အား ၆၀ ကယ်လိုရီ၊ အဆီဓာတ် သုည ဒသမ ၂၃ ဂရမ်၊ ပရိုတင်း သုည ဒသမ ၉၉၅ ဂရမ်၊ ရေဓာတ် ၈၄ ဒသမ ၇၅ ဂရမ်၊ ကယ်လ်စီယမ် ၁၁ ဒသမ ၆၅ မီလီဂရမ်၊ သံဓာတ် ၁ ဒသမ ၄၁ မီလီဂရမ်၊ မဂ္ဂနီစီယမ် ၁၅ မီလီဂရမ်၊ နီအာစင်း (ခေါ်) ဗီတာမင်ဘီ(၃) သုည ဒသမ ၂၄၅ မီလီဂရမ်၊ မီးစုန်း ၁၅ ဒသမ ၆ မီလီဂရမ်၊ ပိုတက်စီယမ် ၅၅ မီလီဂရမ်၊ ရီဘိုဖလာဗင် (ခေါ်) ဗီတာမင်ဘီ(၂) သုည ဒသမ ၀၀၉ မီလီဂရမ်၊ ဆိုဒီယမ် ၂၆ ဒသမ ၂ မီလီဂရမ်၊ သီအာမင် (ခေါ်) ဗီတာမင်ဘီ(၁) သုည ဒသမ ၀၁၉ မီလီဂရမ်၊ ဗီတာမင်ဘီ(၆) သုည ဒသမ ၀၃၈ မီလီဂရမ် နှင့် ဗီတာမင်စီ ၁၁ ဒသမ ၈၅ မီလီဂရမ်တို့ အသီးသီး ပါရှိနေပါတယ်တဲ့။

**အပြေသီးနှင့် ကျန်းမာရေး**

(၁) သပြေသီးမှည့်ထဲရှိ သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းများနဲ့ Anthocyanin ဓာတ်တို့က ရင်သားကင်ဆာ မဖြစ်အောင် ကာကွယ်ပေးနိုင်တဲ့အပြင်၊ ရင်သားကင်ဆာ ဝေဒနာသည်များ စားသုံးပေးခြင်းဖြင့် ကင်ဆာဆဲလ်များ ဆက်လက်မပြန့်ပွားနိုင် အောင် သပြေသီးမှည့်တွေက ဟန့်တားပေးနိုင်ကြောင်း ၂၀၀၇ ခုနှစ်က အိန္ဒိယနိုင်ငံ၏ Journal of Physiology and Pharmacology (ခေါ်) ဆေးပညာဂျာနယ်မှာ အကျယ်တဝင့် ရေးသားဖော်ပြထားပါတယ်။ ဒါတင်မကသေးပါဘူး။ ၂၀၀၉ ခုနှစ်က အမေရိကန်ပြည်ထောင်စုရှိ University of Rhode Island(ခေါ်) ဆေးဝါးတက္ကသိုလ်မှာ သပြေသီးမှည့်တွေကို ဓာတ်ခွဲစမ်းသပ်ခဲ့ရာ၊ ရင်သားကင်ဆာဖြစ်မလာအောင် ထိထိရောက်ရောက် ကာကွယ်ပေးနိုင်တယ်လို့ အဖြေထွက်ရှိခဲ့ပါတယ်။

(၂) ၂၀၀၉ ခုနှစ်က အိန္ဒိနိုင်ငံမှာ သပြေသီးမှည့်ဖြင့် ကြွက်များကို ဆေးသုတေသနပြုခဲ့ရာ၊ သွေးထဲရှိဂလူးကို့စ်ပမာဏကို ကျစေရုံမျှမက၊ အစာ အိမ်အက်ဆစ် အထွက်များခြင်းတို့ကိုပါ ကာကွယ်ပေးနိုင်တယ်လို့ အိန္ဒိယဆေးဂျာနယ်များမှာ မှတ်တမ်းတင်ဖော်ပြထားပါတယ်။

(၃) အစာမကျေ ရင်ပြည့်ခြင်းအတွက် သပြေသီးကို ဆားအနည်းငယ် တို့၍ စားပေးပါ။

(၄) သပြေသီးမှည့်များဟာ ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်နေတဲ့ အင်ဆူလင်ထုတ်ပေးနိုင်သော ပန်ကရိယကို အားကောင်းစေပါတယ်။ အဲဒီလို ပန်ကရိယကို ကျန်းမာစေနိုင်တာကြောင့် ဆီးချိုရောဂါကို သက်သာစေနိုင်တဲ့အတွက် ဆီးချိုရောဂါဝေဒနာသည်များ သပြေသီးမှည့်ကို မကြာခဏ စားသုံးပေးသင့်ပါတယ်။

(၅) လိပ်ခေါင်း သွေးယိုစီးသူများအနေဖြင့် နံက်စောစော သပြေသီးမှည့်ကို ပျားရည်ဖြင့် စားပေးခြင်းဖြင့် လွန်စွာ ဆေးစွမ်းထက်စေပါတယ်။

(၆) သပြေသီးထဲရှိ အင်ဇိုင်းဓာတ်များက အသည်းကိုကျန်းမာစေပြီး အသည်းကြီးခြင်းမှလည်း ကာကွယ်ပေးပါတယ်။

(၇) ဦးရေပြားနှင့် အရေပြားယားနာမှုံစွဲခြင်းတို့ အတွက် သပြေသီးသတ္တုရည်ကို ယုံကြည်စိတ်ချစွာ လိမ်းပေးပါ။

(၈) သပြေသီးရဲ့ သဘာဝချိုအေးဓာတ်က လည်ချောင်းနာခြင်းကို သက်သာပျောက်ကင်း စေပါတယ်။

(၉) ဝမ်းဗိုက် အတွင်းထဲသို့ မတော်တဆ ဆံပင်၊ ဆံစများနဲ့ သံမှို၊ သံစများ ဝင်သွားတဲ့အခါ သပြေသီးစားပေးခြင်းဖြင့် ၎င်းတို့ကို သူ့အလိုလို ကျေပျက်သွားစေကြောင်း မြန်မာ့ဆေးကျမ်းများမှာ ညွှန်းဆိုထားပါတယ်။

(၁၀) သပြေသီးမှည့်သတ္တုရည်ကို အဝတ်ဖြင့်စစ်၍ ပုလင်းတွင်ထည့်ပြီး ငါးရက်ခန့်ကြာတဲ့အခါမှာ အချဉ်ပေါက်လာပါတယ်။ ၎င်းကို သပြေသီးပုန်းရည်လို့ ခေါ်ပါတယ်။ ထိုသပြေသီးပုန်းရည်ကို လေထိုးလေအောင့်၊ သရက်ရွက်ကြီးခြင်းနှင့် ကာလဝမ်းရောဂါတို့အတွက် သောက်သုံးပေးနိုင်ပါတယ်။

(၁၁) သပြေသီးမှည့် ငါးလုံးကို နံနက်တိုင်း ၁၅ ရက်တိတိ စားပေးရင်း၊ သပြေပင်စည်အခေါက်မှုန့် တစ်ကျပ်သားကို နေ့စဉ် ရေအေးဖြင့် သောက်ပေးပါ။ အဲဒီလို အသီးရော၊ ပင်စည်အခေါက်မှုန့်တို့ကိုပါ နေ့စဉ်တွဲစားပေးခြင်းဖြင့် ဆီးချိုရောဂါကို အမြစ်ပြတ် ပျောက်ကင်းစေနိုင်ပါတယ်။

**သပြေသီးအစေ့နှင့် ကျန်းမာရေး (သပြေသီးအစေ့က အတန်ငယ်ချိုဖန်သော အရသာရှိပါတယ်။)**

သပြေတစ်ပင်လုံး၏ ဆေးဖက်အဝင်ဆုံး အစိပ်အပိုင်းဟာ သပြေသီးအစေ့ဖြစ်ကြောင်း မြန်မာ့ဆေးကျမ်းများတွင်သာမက၊ အရှေ့တောင်အာရှဆေးကျမ်းများနှင့် နိုင်ငံတကာ သိပ္ပံဆေးသုတေသီများက အကြံပြုထားကြပါတယ်။ ဒါကြောင့် သပြေသီးစားတဲ့အခါတိုင်း အစေ့ကိုပါ ဝါးစားသင့် ပါတယ်။

(၁) ဝမ်းပျက်၊ ဝမ်းသွားခြင်း၊ မီးယပ်ဝမ်း၊ သွေးဝမ်းစတဲ့ ဝမ်းရောဂါအမျိုးမျိုးအတွက် သပြေသီးအစေ့၊ သရက်စေ့၊ ကြစုသီးတို့ကို ဆတူရောလှော်၍ အမှုန့်ကြိတ်ချေကာ တစ်နေ့နှစ်ကြိမ် သောက်ပေးပါ။

(၂) သွေးဝမ်းသွားခြင်းအတွက် သပြေသီးအစေ့ ခြောက်မှုန့်နှင့် သကြားဆတူရော၍ တစ်နေ့ နှစ်ကြိမ်သောက်ပေးပါ။

(၃) အရေပြားပေါ်ရှိ ထိခိုက်ဒဏ်ရာများနှင့် ခွဲစိပ်နာများတော်တော်နှင့် မကျက်ပါက သပြေသီးအစေ့ကို ရေဖြင့်ကြိတ်၍လိမ်းပေးပါ။

(၄) သပြေသီးအစေ့ခြောက်ကို အမှုန့်ပြုကာ၊ ရေကျက်အေးဖြင့် နေ့စဉ်သောက်ပေးခြင်းဖြင့် ဆီးချိုရောဂါကို ဒိဋ္ဌပျောက်ကင်းစေပါတယ်။ ဒ့ါပြင် ဆီးချိုကြောင့် အာခံတွင်းခြောက်၍ ရေငတ်ခြင်းမှလည်း သက်သာလာစေပါတယ်။

(၅) သပြေစေ့ခြောက်မှုန့်ကို တစ်နေ့ နှစ်ကြိမ်ကျ နှစ်ဂရမ်စီ သောက်ပေးခြင်းဖြင့် ကိုလက်စထရောနဲ့ အဆီများကို ကျစေပါတယ်။ နိုင်ငံတကာဆေးသုတေသီများကလည်း သပြေသီးစေ့ဟာ ကိုလက်စထရောကျစေတဲ့ အခြားပဋိဇီဝဆေးများနှင့်အပြိုင် အစွမ်းထက်မြက်လှကြောင်း အကြံပြုထားကြပါတယ်။

(၆) ဆီးလွန်ရောဂါ၊ အစာအိမ်အက်ဆစ်စိမ့် ထွက်လွန်၍ အစာအိမ်လမ်းကြောင်း ပြည်တည်နာများအတွက် သပြေသီးအစေ့ ခြောက်မှုန့်ကို တရုတ်တိုင်းရင်းဆေးများမှာ အသုံးပြုလေ့ရှိပါတယ်။

**သပြေပင်အရွက်နှင့် ကျန်းမာရေး (သပြေရွက်၏ အရသာဓာတ်က အေးမြစေပါတယ်။)**

(၁) အပူကြောင့်ဖြစ်သော လျှာနဲ့ လည်ချောင်းကွဲခြင်းတို့အတွက် သပြေရွက်နုလတ်လတ်ဆတ်ဆတ်ကို ရေနဲ့ရောကြိတ်ပြီး အာခံတွင်းထဲ ငုံထားပေးပါ။

(၂) မြင်းသရိုက်နာများအတွက် သပြေရွက်နုသတ္တုရည်ကို နွားနို့ရော၍ခုနစ်ရက်ဆက်တိုက် သောက်သုံးပေးပါ။

(၃) ကင်းကိုက်ခံရတဲ့အခါ သပြေရွက်သတ္တုရည်လိမ်းပေးခြင်းဖြင့် ကင်းဆိပ်ကျစေပါတယ်။

(၄) မှက်၊ ခြင်များကိုက်ခြင်းမှ ကြိုတင်ကာကွယ်တဲ့အနေဖြင့် သပြေရွက်ကိုကြိတ်ခြေ၍ ရလာတဲ့သတ္တုရည်ကို ခြေ၊ လက်များမှာ လိမ်းကျံပေးပါ။

(၅) အိန္ဒိနိုင်ငံ ဆေးကျမ်းများမှာ အသည်းအားဆေးအဖြစ် သပြေရွက်ပြုတ်ရည်ကို တိုက်ကျွေးလေ့ရှိပါတယ်။

**သပြေပင်စည်အခေါက်နှင့် ကျန်းမာရေး (သပြေခေါက်အရသာက ဖန်ချိုသည့်အတွက် နှုတ်မြိန်စေပါတယ်။)**

(၁) ဆီးချိုရောဂါသည်များအတွက် ပင်စည်အတွင်းသားခေါက်ကို မီးမြှိုက်ပြာချ၍ နံနက်၊ နေ့၊ ည အစာစားပြီးတိုင်း ရေဖြင့်သောက်ပါ။

(၂) သပြေခေါက်ကိုပြုတ်၍ ငုံဆေးအဖြစ် ငုံပေးခြင်းဖြင့် ခံတွင်းထဲရှိ အပူဖု၊ အပူနာများ ပျောက်ကင်းကာ သွားများပါ ခိုင်မာလာပါလိမ့်မယ်။

(၃) အပူလွန်၍ ဖောက်ပြန်ခြင်းနှင့် မီးယပ်ဖြူဆင်းခြင်းတို့အတွက် သပြေခေါက်ကို သုံးခွက် နှစ်ခွက်တင်ကျို၍ ထောပတ်၊ ပျားရည်၊ သကြားရောကာ တစ်နေ့ နှစ်ကြိမ်သောက်ပါ။

(၄) သပြေခေါက်ကို နွားနို့နှင့်ရောပြုတ်၍ တစ်နေ့ နှစ်ကြိမ်သောက်ပြီးတိုင်း ထောပတ်စားပေးပါ။ သည်းခြေဖောက်ပြန်သော ရောဂါအတွက် အကောင်းဆုံးဆေးဖြစ်ပါတယ်။

**သတိပြုရန်**

(က) သပြေသီးမှည့်ကို ကြိုက်တိုင်း အလွန်အကျွံမစားပါနှင့် ချွဲသလိပ်ထ၍ လေချုပ်စေပါတယ်။

(ခ) ကိုယ်ဝန်ဆောင်သည်များ မစားသင့်ပါဘူး။ ဓာတ်မတည့်၍ ကိုယ်ဝန်ပျက်ကျစေတတ်လို့ပါ။

(ဂ) သပြေသီးစားပြီး အီလည်လည်ခံစားရတဲ့အခါ၊ ချင်းစားပေးပါ။

(ဃ) အမှည့်လွန်အသီးများ စားမိပါက အစာအိမ်အချဉ်ပေါက် စေတတ်ပါတယ်။ အချဉ်ပေါက်တဲ့အခါ၊ ဇီယာမှုန့်ကို ဆားပုပ်နှင့် ရောလှော်၍ သောက်ပေးပါ။

(င) သပြေသီးနှင့် ပီလောပီနံတို့ကို တွဲမစားသင့်ပါဘူး အဆိပ်ဖြစ်စေပါတယ်။

(စ) မကြာခဏ အစာမကြေ ဝမ်းကြောတင်းသူများအဖို့ သပြေရွက်နှင့် (လုံးဝ) မတည့်ပါဘူး။

# ဟသ်ာတမြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အောင်မြင်လျက်ရှိ

**ဟသ်ာတ စက်တင်ဘာ ၁**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဟသ်ာတခရိုင် ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာနှစ်တွင် စီမံကိန်းဝင်ကျေးရွာ ၁၀ ရွာ ရရှိခဲ့ရာ လုပ်ငန်းများအောင်မြင်မှုရရှိခဲ့ပြီး ယခုနှစ် ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာနှစ်တွင် ကျေးရွာ ၃၃ ယူနစ် အထိရရှိခဲ့ကြောင်း သိရသည်။

၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာနှစ်တွင်ရရှိသော ကျေးရွာ ၃၃ ယူနစ်တွင် မြစိမ်းရောင် ရန်ပုံငွေကြီးကြပ်မှုကော်မတီများကို ကျေးရွာပြည်သူများ၏ ဆန္ဒနှင့်အညီ ကွင်းဆင်းဖွဲ့စည်းလျက်ရှိပြီး စီမံကိန်းဝင်ကျေးရွာများကို မြစိမ်းရောင် ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်နှင့် စီမံကိန်း၏ ချမှတ်ထားသော စည်းမျဉ်း စည်းကမ်းများကို သိရှိနားလည်အောင် ခရိုင်/မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများက ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း ဟသ်ာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုဦးစီးမှူး ဒေါ်ဆွေးဆွေဝင်းက ပြောသည်။

**(ဝင်းဗိုလ်)**

စာအုပ်စာပေ လူ့မိတ်ဆွေ

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

(၃၂၀) ကြိမ်မြောက် ထီပေါက်စဉ် ၂၀၁၅ ခုနှစ် ၊ စက်တင်ဘာ လ (၁) ရက်နေ့

အခမဲ့ထုတ်ဝေသည်

## အထူးဆုကြီး ကျပ်သိန်း (၁၅၀၀) ဆု

ယ - ၅၆၈၈၇၃

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၁၀၀၀)ဆုများ

ကက - ၂၉၀၇၁၄ ဌ - ၃၄၁၀၈၀

## ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၅၀၀)ဆုများ

င - ၃၄၆၁၀၂
ခ - ၅၃၈၆၃၁
ယ - ၆၅၂၉၆၄
စ - ၆၇၃၄၀၆
ဟ - ၉၇၄၀၆၆

## ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၃၀၀)ဆုများ

ဠ - ၁၀၂၇၆၄
ဝ - ၃၉၄၉၁၆
ဋ - ၄၀၉၀၄၃
ဒ - ၆၄၀၀၃၉
တ - ၇၆၅၀၄၂
ဗ - ၈၃၆၄၀၁

## ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၂၀၀)ဆုများ

ဒ - ၁၁၂၂၃၀
ခ - ၂၉၇၆၂၉
ဌ - ၃၃၆၇၅၅
ဍ - ၆၃၇၉၃၀
ကယ - ၆၈၉၆၄၃
ပ - ၇၄၄၈၈၄
သ - ၇၆၅၁၀၄

## ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

| | | | |
|---|---|---|---|
| ပ - ၁၂၅၀၀၄ | ခ - ၂၂၄၉၅၁ | ဝ - ၄၆၇၉၉၄ | စ - ၇၅၀၉၂၂ |
| ဖ - ၁၂၇၅၇၁ | ကက - ၂၃၆၅၀၆ | ခ - ၅၁၇၂၈၁ | တ - ၉၀၇၂၈၂ |
| ပ - ၁၃၀၉၄၀ | ကခ - ၂၅၃၆၃၁ | တ - ၆၂၈၀၇၇ | ဗ - ၉၁၁၄၉၁ |
| ကက - ၁၅၈၉၂၆ | ယ - ၂၈၂၅၉၉ | ထ - ၆၈၉၉၄၉ | ကခ - ၉၈၆၉၆၂ |

## ဆုတစ်ဆုချင်းကျပ်သိန်း(၅၀)ဆုများ

| | |
|---|---|
| ဒ - ၁၀၃၄၆၈ | ဍ - ၄၉၂၈၈၅ |
| ခ - ၁၄၆၁၅၀ | င - ၅၃၀၁၉၂ |
| ထ - ၁၆၆၆၈၉ | တ - ၅၆၀၆၆၇ |
| ကက - ၂၅၇၂၇၆ | က - ၆၉၂၉၈၆ |
| င - ၂၈၁၅၇၄ | အ - ၇၀၃၁၃၄ |
| ပ - ၃၂၁၄၄၄ | ဖ - ၇၁၉၁၄၅ |
| ည - ၃၃၄၅၈၆ | ရ - ၇၄၀၀၈၇ |
| ဠ - ၃၉၀၈၃၉ | ဖ - ၇၇၄၂၆၂ |
| ပ - ၄၀၉၁၂၈ | ဆ - ၈၂၂၂၂၅ |
| | ဝ - ၉၂၄၇၄၉ |

## ဆုတစ်ဆုချင်းကျပ်(၂၅)သိန်းဆုများ

| | |
|---|---|
| ဒ - ၁၁၈၅၈၇ | ဍ - ၆၅၉၉၀၂ |
| ဟ - ၁၂၇၄၁၈ | ပ - ၇၄၁၀၄၈ |
| ဍ - ၁၅၆၆၆၃ | မ - ၇၅၄၁၇၅ |
| ဏ - ၃၁၆၃၁၉ | က - ၇၈၂၈၁၂ |
| ဗ - ၃၅၂၅၅၁ | ဈ - ၈၁၆၈၃၃ |
| ဆ - ၃၆၀၈၄၂ | ကခ - ၉၀၉၆၈၇ |
| ဘ - ၃၇၈၁၀၈ | ထ - ၉၃၃၉၈၉ |
| ကဂ - ၄၅၂၂၅၈ | ဟ - ၉၄၃၉၉၇ |
| ဝ - ၅၇၄၂၂၉ | က - ၉၆၀၉၀၉ |
| ဠ - ၆၀၉၆၈၀ | ဖ - ၉၇၅၇၅၁ |

ကြော်ငြာ

## ဆုတစ်ဆုချင်းဆုမဲစနစ်ကျပ်(၁၀)သိန်းဆုများ

| | | |
|---|---|---|
| ထ - ၁၀၂၇၀၄ | ပ - ၃၂၄၄၀၀ | ဌ - ၇၂၆၂၀၉ |
| ကက - ၁၁၁၄၆၀ | ကခ - ၃၂၈၂၉၈ | အ - ၇၂၆၄၆၂ |
| လ - ၁၁၃၀၀၁ | ကဃ - ၃၆၁၁၁၆ | ခ - ၇၃၈၈၁၈ |
| ကက - ၁၃၇၁၉၃ | အ - ၃၆၄၃၂၉ | င - ၇၆၂၄၀၆ |
| ဖ - ၁၃၈၂၂၆ | မ - ၃၆၉၆၄၆ | င - ၇၉၁၈၈၄ |
| ဘ - ၁၅၅၃၅၉ | ကဂ - ၄၁၀၁၆၆ | အ - ၇၉၈၈၄၆ |
| ဇ - ၁၉၃၁၇၃ | ည - ၄၁၀၂၅၂ | ဝ - ၈၀၀၇၇၀ |
| ဈ - ၂၃၄၀၃၂ | အ - ၄၄၇၀၉၆ | လ - ၈၂၆၀၆၄ |
| င - ၂၆၄၁၈၅ | ဍ - ၅၁၇၇၀၂ | ဆ - ၈၅၇၀၇၈ |
| သ - ၂၇၀၈၉၈ | ဇ - ၅၃၇၄၀၇ | ဖ - ၉၀၂၃၄၄ |
| အ - ၂၃၇၂၅၈ | ထ - ၅၉၃၄၃၈ | စ - ၉၅၂၈၁၆ |
| န - ၂၇၅၈၃၅ | အ - ၅၉၇၆၉၅ | မ - ၉၇၅၇၀၀ |
| ဍ - ၂၈၈၂၂၅ | မ - ၆၉၆၈၅၄ | ကဂ - ၉၉၉၀၈၃ |
| ဋ - ၂၉၄၉၃၉ | ယ - ၇၀၃၈၆၁ | |
| ယ - ၂၉၉၆၃၇ | ဏ - ၇၁၇၇၁၆ | |
| ယ - ၃၁၃၉၄၃ | င - ၇၂၅၅၁၆ | |

## ဆုတစ်ဆုချင်းဆုမဲစနစ်ကျပ်(၅)သိန်းဆုများ

| | | |
|---|---|---|
| မ - ၁၁၇၁၁၇ | ပ - ၄၃၇၅၄၆ | ဍ - ၆၈၁၄၉၉ |
| သ - ၁၃၇၆၈၃ | ထ - ၄၅၈၆၀၁ | ဌ - ၆၉၂၂၉၄ |
| ကခ - ၁၅၅၃၉၆ | ဟ - ၄၆၇၀၅၀ | မ - ၇၁၈၃၀၄ |
| ကဂ - ၁၉၁၆၃၃ | ဍ - ၄၆၈၁၉၈ | အ - ၇၄၅၆၇၃ |
| ဖ - ၂၀၆၈၂၅ | ဌ - ၄၇၁၈၄၅ | ကဂ - ၇၄၆၅၈၇ |
| ဇ - ၂၃၂၅၉၄ | ဒ - ၄၈၃၅၈၇ | ဝ - ၇၈၃၅၈၂ |
| ကက - ၂၃၄၉၇၆ | ဗ - ၄၈၇၀၇၃ | စ - ၈၀၄၁၄၇ |
| ယ - ၂၉၂၀၂၆ | ကက - ၅၀၂၃၉၇ | ရ - ၈၁၅၇၃၃ |
| ရ - ၃၁၂၁၄၈ | ဂ - ၅၁၀၉၅၃ | ဘ - ၈၂၉၇၀၀ |
| ည - ၃၂၃၅၀၂ | န - ၅၂၁၂၄၈ | က - ၉၀၇၃၃၄ |
| ဗ - ၃၂၅၃၅၄ | ဖ - ၅၃၆၆၄၉ | ဈ - ၉၅၉၇၀၄ |
| ဆ - ၃၄၁၂၃၈ | ည - ၅၃၈၀၆၃ | ဏ - ၉၇၆၃၀၈ |
| ကက - ၃၄၃၁၁၆ | အ - ၅၄၄၁၁၄ | ထ - ၉၈၂၉၀၇ |
| ဌ - ၃၇၅၁၉၀ | ရ - ၅၅၃၃၁၀ | ကခ - ၉၈၈၉၈၇ |
| ဘ - ၃၈၆၆၄၂ | ဈ - ၅၆၈၉၈၀ | ဋ - ၉၉၀၆၁၀ |
| ဏ - ၃၉၇၉၂၅ | ဂ - ၆၁၂၇၅၇ | စ - ၉၉၁၉၄၄ |
| ဂ - ၄၂၂၄၇၃ | ခ - ၆၁၉၅၁၉ | လ - ၉၉၉၈၅၃ |
| ဋ - ၄၂၄၁၅၆ | ယ - ၆၄၁၁၆၇ | |
| ဓ - ၄၃၂၀၅၉ | န - ၆၄၆၁၈၇ | |

# ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

## ဝေဝေဆာဆာပဒေသာ(၃)သိန်းဆုများ

| | |
|---|---|
| ည - ၂၈၆၈၉ | ဍ - ၇၀၉၃၂ |
| ဋ - ၄၆၁၈၀ | လ - ၈၃၉၆၁ |
| စ - ၅၇၂၆၅ | ည - ၈၅၀၉၉ |
| ဆံ - ၆၃၁၁၉ | ဆ - ၈၆၁၁၉ |
| ကဂ - ၆၇၆၁၁ | ပ - ၉၁၁၂၈ |

အက္ခရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ နောက်ဂဏန်း(၁)လုံးလွဲ ကျပ်(၃)သိန်း

## ဝေဝေဆာဆာပဒေသာ(၂)သိန်းဆုများ

| | |
|---|---|
| ဓ - ၂၄၄၃ | ခ - ၆၉၃၀ |
| တ - ၃၆၀၇ | ကက - ၇၇၀၅ |
| မ - ၃၉၄၈ | အ - ၈၆၄၉ |
| ဒ - ၅၀၀၅ | ယ - ၈၈၅၁ |
| အ - ၅၃၃၆ | ထ - ၈၉၄၁ |

အက္ခရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ နောက်ဂဏန်း(၂)လုံးလွဲ ကျပ်(၂)သိန်း

## ဝေဝေဆာဆာပဒေသာ(၁)သိန်းဆုများ

| | |
|---|---|
| ကက - ၃၇၉ | ဈ - ၆၃၅ |
| ရ - ၃၉၉ | ဘ - ၆၈၄ |
| ဂ - ၅၂၇ | ဟ - ၉၉၉ |

အက္ခရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ နောက်ဂဏန်း(၃)လုံးလွဲ ကျပ်(၁)သိန်း

## ဝေဝေဆာဆာပဒေသာ(၅)သောင်းဆုများ

ဋ - ၁၂

ကဂ - ၈၉

ကခ - ၉၉

အက္ခရာနှင့် ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ နောက်ဂဏန်း(၄)လုံးလွဲ ကျပ်(၅)သောင်း

၁။ ဖွင့်လှစ်ခဲ့သော (၃၂၀)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ထီအုပ်ရေ (၃၀၂၇၂၆၆) အားရောင်းချပေးခဲ့ရာ ရောင်းရငွေကျပ် (၆၀၅၄၅၃၂၀၀၀) ရရှိခဲ့ပြီး၊ ၎င်းမှ ( ၆၀ ) ရာခိုင်နှုန်းဖြစ်သော ကျပ်(၃၆၃၂၇၁၉၂၀၀)ကို ဆုမဲပေါင်း (၃၇၂၇၇) ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၁၅ ခုနှစ် အောက်တိုဘာလ (၁)ရက်နေ့တွင်ဖွင့်လှစ်မည့် (၃၂၁) ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် အက္ခရာလုံးရေ (၄၀) ကုန်စင်အောင်ရောင်းချရပါက ဆုမဲပေါင်း (၄၀၂၄၃)ဆု ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါသည်။

၃။ အောင်ဘာလေထီ ဝယ်ယူကံစမ်းမည့်သူများအနေဖြင့် (၃၂၁) ကြိမ် အတွက် ၃ -၉-၂၀၁၅ ရက် မှစတင်၍ ထီစာအုပ်ကုန်စင်သည်အထိအမှတ် (၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့်ရှိအောင်ဘာလေသိန်းဆုဌာနခွဲတွင် ထီလက်မှတ် (၁၁)စောင်ပါ ထီစာအုပ်တစ်အုပ် ကျပ်(၂၀၀၀)နှုန်းဖြင့်တစ်ဦးလျှင် ထီစာအုပ် (၁)အုပ် မှ ထီစာအုပ် (၁၀)အုပ်ထိ နိုင်ငံသားကတ်မူရင်းနှင့် မိတ္တူတင်ပြပြီး ငွေသားလက်ငင်းပေးချေ၍ လွတ်လပ်စွာ ဝယ်ယူကံစမ်းနိုင်ပါသည်။


ဆုငွေစတင်ထုတ်ပေးမည့်ရက် ( ၉- ၉- ၂၀၁၅ )

ယခုအကြိမ်နှင့် အကြိမ်ဟောင်းများမှ ဆုရလက်မှတ်များကို နေ့စဉ်လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ ၊ အိမ်ထောင်စုစာရင်းမူရင်း/ မိတ္တူ ၊ ၂" × ၃" ဓာတ်ပုံ (၃) ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

အောင်ဘာလေသိန်းထီပေါက်စဉ်အား www.irdmyanmar.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။

အခန်းဆက်ဝတ္ထုရှည်



# ကမ္ဘာကုန်ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

*ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ။ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြားဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ်လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင်မည်ဟု ယုံကြည်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

"အဲဒီနေ့က မမနွယ်က အင်းလျားကျောင်းဆောင်ဘက် လျှောက်သွားတာတွေ့လို့ အဆောင်ကျောင်းသူတစ်ယောက်ပဲ ထင်ပြီး အဆောင်ဘက်မှာသာ ရှာကြည့်ခဲ့မိတယ်၊ ဒီနေ့မှ သူငယ်ချင်းတစ်ယောက်က အကြံပေးလို့အယ်(လ်)စီအာ(ရ်)နားက လာကြည့်နေတာ"

"အဲဒါနဲ့. . . မမနွယ်လို့ ဘယ်လိုလုပ် သိသွားသလဲ"

"ဦးလေးကိုချစ်တိုးကိုပါ မြင်လို့ပါ မမနွယ်၊ ဦးလေးကိုချစ်တိုးကိုပါ မြင်တော့ မမနွယ်မှန်း မောင် သေချာသွား တာပေါ့"

ယခုအချိန်အထိ စကားမပြောဘဲ ကားကိုသာ ဂရုတစိုက်မောင်းလာသော ဦးချစ်တိုးက ဆိုသည်။

"ပြောလာလိုက်ကြတာ ကြာပြီ၊ အခုမှပဲ ငါ့အကြောင်းပါတော့တယ်၊ ထားပါတော့လေ. . . တစ်ယောက် ကလည်း ချောနေလို့တဲ့၊ တစ်ယောက်ကလည်း လှနေလို့တဲ့၊ အဲဒါကြောင့် မမှတ်မိကြဘူးတဲ့၊ ငါ့ကိုတော့ မှတ်မိတယ် ဆိုတော့ ငါကတော့ အရုပ်ဆိုးမြဲ ဆိုးနေလို့ပေါ့. . . ဟုတ်လား"

"မဟုတ်ပါဘူး ဦးလေးကိုချစ်တိုးရာ၊ ဦးလေးကိုချစ်တိုးက အရင်တုန်းကလည်း အရုပ်မဆိုးပါဘူး၊ အခုလည်း အရင်တုန်းကအတိုင်း ငယ်ရုပ်မပျောက်ဘဲ နုနေ. . . ပျိုနေ. . . ချောနေသေးလို့ ကျွန်တော်က မှတ်မိတာပေါ့"

"အင်း. . . ကျေနပ်လိုက်ရပြန်ပြီပေါ့ သက်ခိုင်ရာ၊ မင်းကတော့ ငယ်ငယ်လေးကတည်းက ငါ့ကို နိုင်လာခဲ့တဲ့ ရွှေမင်းသားလေးကို" သုံးဦးလုံးသည် ရယ်မောမိကြ၏။

ကားသည် ပြည်လမ်းအတိုင်း မောင်းနေရာ ပြည်ကျောင်းဆောင်အနီး သို့ ရောက်လာ၏။ ထိုအခါမှ သတိရပြီး သက်ခိုင်က ဆို၏။

"ဦးလေးကိုချစ်တိုး. . . ပြည်ကျောင်းဆောင်ဂိတ်မှာ ရပ်ပေးပါ"

မလေးနွယ်သည် မျက်လုံးလေး ပြူးကာ သက်ခိုင်ကို ကြည့်သည်။

"ဘာလဲ. . . မောင်က မမနွယ်တို့အိမ်အထိ မလိုက်ဘူးလား"

"ရေနံချောင်းတုန်းကလည်း မောင် မမနွယ်တို့အိမ်အထိ လိုက်ဖူးလို့လား၊ ဒီလိုပဲ လမ်းမှာဆင်းတာပဲ မဟုတ်လား မမနွယ်"

မလေးနွယ်၏ မျက်နှာလေးသည် အနည်းငယ် ညှိုးသွားပြီး ဝမ်းနည်းဟန်နှင့် ဆို၏။

"မောင်က အခုအထိ မမနွယ်တို့ အိမ်သားတွေကို မုန်းတုန်းပဲလား. . . ဟုတ်လား"

"မမုန်းပါဘူး မမနွယ်၊ မမနွယ် မေမေ့ကိုရော . . . မမနွယ်ဖေဖေ့ကိုပါ မောင် မောင်ချစ်ပါတယ်"

"ဒါဖြင့်ရင် အိမ်လိုက်ခဲ့ပေါ့၊ မောင့်ကို တွေ့ရရင် ဖေဖေရာ မေမေပါ သိပ်ဝမ်းသာမှာပဲ၊ ပြီးတော့ အိမ်မှာလည်း မောင်မုန်းတဲ့ အန်တီမရှိပါဘူး"

သက်ခိုင် မဖြေနိုင်ဘဲ ရှိသောအခါ နွယ်က ဦးချစ်တိုးကို ဆက်အမိန့်ပေးသည်။

"ဦးလေးကိုချစ်တိုး. . . မရပ်နဲ့၊ အိမ်ထိအောင် ဆက်မောင်း"

"ကောင်းပါပြီ ရွှေမင်းသမီးလေးရယ်၊ အမိန့်အတိုင်းပါပဲ"

ကားသည် ဆက်မောင်းလာခဲ့၍ ဟံသာဝတီအဝိုင်းရောက်သော် ဦးဝိစာရလမ်းအတိုင်း အနည်းငယ်ဆက်လာခဲ့ပြီးနောက် ဝင်ပါမီယာဝင်းအတွင်းသို့ ဝင်ခဲ့၏။

လမ်းကျဉ်းအတိုင်း အတန်ငယ် မောင်းလာခဲ့ပြန်ပြီး အဝ၌ 'ဦးထင်ကျော်-တရားလွှတ်တော်-တရားဝန်ကြီး' ဟူသည့် ဆိုင်းဘုတ်တပ်ထားသော ခြံတွင်းသို့ ဝင်ရောက်ကာ တိုက်ကြီးတစ်ခု၏ ဆင်ဝင်အောက်၌ ရပ်လိုက်၏။

ကားပေါ်မှ ဆင်းပြီးကြသောအခါ မလေးနွယ်က-

"လာ. . . မောင်" ဟုခေါ်ကာ အိမ်တွင်းသို့ ရှေ့ဆောင်ဝင်သည်။ ဦးချစ်တိုးကမူကားကို ဂိုဒေါင်ဆီသို့ မောင်းယူသွား၏။

ဧည့်ခန်းတွင်းရှိ နှစ်ယောက်ထိုင် ဆိုဖာကြီးပေါ်တွင် သက်ခိုင်ကို မလေးနွယ်က ထိုင်ခိုင်း၏။ ပြီးမှ ဆိုသည်။

"မမနွယ် အဝတ်အစား သွားလဲလိုက်ဦးမယ်၊ ခဏလေးနော်. . . အခု ဆင်းလာခဲ့မယ်"

မလေးနွယ်သည် ညင်သာပေ့ါပါးစွာနှင့် အိမ်ပေါ်ထပ်သို့ တက်သွား၏။

သက်ခိုင်သည် စားပွဲဝိုင်းပုပေါ်၌ အဆင်သင့်တွေ့ရသော ငွေဘူးတွင်းမှ စီးကရက်တစ်လိပ်ကို နှိုက်ယူမီးညှိဖွာရှိုက်ရင်း အခန်းလေ့လာကြည့်မိ၏။"

ကြမ်းပြင်၌ အမွေးပွသော ကော်ဇောကြမ်း ညိုဝါရောင်ကို ခန်းလုံးပြည့်ခင်းထား၏။ အခန်း၏ နံရံများ၏ အရောင်က အဝါဖျော့ဖျော့သာဖြစ်၏။ တံခါးမကြီးများနှင့် ခန်းဆီးတို့၏ အရောင်ကား မတောက်ပလွန်းလှသောအေးမြသည့်အပြာနုနု ဖြစ်လေ၏။

အခန်းထောင့်များရှိ ခုံနိမ့်များပေါ်၌ လတ်ဆတ်ဖွံ့ထွားသော နှင်းဆီပန်းများစိုက်ထားသည့် ရွှေရောင်ကြွေပန်းအိုးများရှိနေ၏။

အခန်းတစ်ခုလုံး၏ ကျက်သရေဆောင်ကား မဟူရာရောင် ဖိတ်ဖိတ်လဲ့ပြောင်နေသော ဂရင်း(ဒ်) ပီယာနိုကြီး ဖြစ်လေ၏။ သို့ရာတွင် သက်ခိုင်၏စိတ်ကို အကျေနပ်စေဆုံးကား နံရံတစ်ဖက်၏ ဗဟိုထိပ်၌ ချိတ်ဆွဲထားသည့် ခေါင်းပေါင်းပေါင်းကာ အပေါ်အင်္ကျီဝတ်ထားသော ဗိုလ်ချုပ်အောင်ဆန်း၏ ကိုယ်တစ်ပိုင်းဖော် ဓာတ်ပုံကြီးသာတည်း။

ဤသို့ သက်ခိုင်လေ့လာကြည့်နေခိုက် ဖြူစင်သောအသွေးအမွေး၊ သန့်စင်သော အဝတ်အစားများနှင့် ဆယ့်ခြောက်နှစ် အရွယ်ခန့်ရှိ အိမ်ဖော်မိန်းကလေးတစ်ဦးသည် ငွေလင်ပန်းတစ်ခုကိုကိုင်ရင်း ခြေသံမကြားစေရဘဲဝင်ရောက်လာ၏။

မိန်းကလေးသည် သက်ခိုင်၏ အနီးရှိ ခုံပေါ်တွင် ငွေလင်ပန်းကိုချလိုက်၏။ ငွေလင်ပန်းအတွင်း၌ အဖျော်ရည်ထည့်ထားသော ဖန်ခွက်နှစ်ခွက် ပါသည်။

မိန်းကလေးသည် သက်ခိုင်ကို တစ်ချက်သာမျက်လုံးများ လှန်ကြည့်ပြီးယဉ်ကျေးစွာ ဆိုသည်။

"သံပုရာဖျော်ရည် သုံးဆောင်ပါရှင်၊ မမနွယ်အခုပဲ ဆင်းလာပါလိမ့်မယ်"

သက်ခိုင်ကဦးညွှတ်ကာ မိန်းကလေးကိုတုံ့ပြန်သည်။ မိန်းကလေးကဝင်လာခဲ့သည့်အတိုင်း ခြေသံမပေါ်ဘဲ အခန်းတွင်းမှ ပြန်ထွက်သွား၏။

သက်ခိုင်သည် သံပုရာရည်မသောက်သေးဘဲ ဆိတ်ငြိမ်စွာ ဆက်စောင့်နေ၏။

မကြာမီပင် လှေကားမှ မလေးနွယ်ဆင်းလာ၏။ မလေးနွယ်တင်မက မလေးနွယ်၏မိခင် ဒေါ်အေးသန့်ပါ ဆင်းလာ၏။

မလေးနွယ်သည် ပေါ်ပလင်အင်္ကျီဖြူ လက်တို၊ အပြာနုခံတွင် အနက်ရောင်ပွင့်ငုံသေးသေးများ ရိုက်ထားသည့် တိုဘရက်ကိုးထဘီတို့ကို ပြောင်းလဲဝတ်ဆင်ထား၏။

သက်ခိုင်က ဒေါ်အေးသန့်ကို ရိုသေသောအားဖြင့် နေရာမှထရပ်၏။

ဒေါ်အေးသန့်သည်နာမည်နှင့်လိုက်အောင် အမူအရာ အေးငြိမ်၍ ရုပ်ရည်သန့်ရှင်းသည်။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**

Peace Sun Moon World Travels & Tours

Travelling Date : 26 Sept 2015

ပတ္တရား - ဘန်ကောက် (၄ည၊ ၅ရက်)

တစ်ဦးလျှင် - US$ 535 Only

MAIလေယာဉ်လက်မှတ် (သွား/ပြန်)၊ 4 Star Hotel ၊ ခရီးတစ်လျှောက်ဝင်ကြေးများ၊ Guide Fees ၊ Air Con ကား၊

လေဆိပ်သို့ အကြိုအပို့ အစီအစဉ်အပြင် ခရီးသည်များအတွက် အထူးဝန်ဆောင်မှုအနေဖြင့် Insurance ကိုလည်း ထည့်သွင်းစီစဉ်ထားပါသည်။

တိုက်(၂)၊ အခန်း(၁၆)၊ (ပ)ထပ်၊ ထီးတန်းလမ်း၊ ပန်းလှိုင်အိမ်ရာ၊ ကြည့်မြင်တိုင်။ ဖုန်း - ၀၁ ၅၀၈၄၀၁၊ ၀၉ ၂၅၉၂၆၉၅၀၁၊ ၀၉ ၂၅၉၂၆၉၅၀၃။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ IPP စနစ်ဖြင့် ပုဂ္ဂလိကပိုင် ဓာတ်အားပေးစက်ရုံတည်ဆောက် ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းကို နိုင်ငံခြားငွေဖြင့် ဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

| | | |
|---|---|---|
| တင်ဒါပုံစံရောင်းချမည့်ရက် | - | ၃၁-၈-၂၀၁၅ရက် |
| တင်ဒါပိတ်မည့်ရက် | - | ၉-၁၀-၂၀၁၅ရက် |
| တင်ဒါပိတ်မည့်အချိန် | - | ၁၄း၀၀နာရီ |

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၀၉

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံဒေသတွင် ရွှေကမ်းလွန် သဘာဝဓာတ်ငွေ့ကုဗပေ(၁၅)သန်းကို အသုံးပြုပြီး Gas Engine or GasTurbine Generator များ ၄ားရမ်း၍ ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းအား နိုင်ငံခြားငွေဖြင့် ဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

| | | |
|---|---|---|
| တင်ဒါပုံစံရောင်းချမည့်ရက် | - | ၃၁-၈-၂၀၁၅ ရက် |
| တင်ဒါပိတ်မည့်ရက် | - | ၁-၁၀-၂၀၁၅ ရက် |
| တင်ဒါပိတ်မည့်အချိန် | - | ၁၄း၀၀ နာရီ |

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၀၉

**ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန**
**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်အတွင်း ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအတွက် လိုအပ်သော အောက်ဖော်ပြပါ ရုံးလုပ်ငန်းသုံး ပရိဘောဂပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | အမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | ဗီရို | ၃၅ လုံး |
| ၂။ | အရာရှိစားပွဲ(ကြိတ်သား) | ၂၄ လုံး |
| ၃။ | ရိုးရိုးစားပွဲ(ကြိတ်သား) | ၄၁ လုံး |
| ၄။ | ထိုင်ခုံ | ၇၅ လုံး |
| ၅။ | ဖိုင်တင်စင်(ကြိတ်သား) | ၃၈ လုံး |
| ၆။ | ကွန်ပျူတာစားပွဲ(ကြိတ်သား) | ၄၁ လုံး |
| ၇။ | ကွန်ပျူတာထိုင်ခုံ | ၄၁ လုံး |
| ၈။ | အစည်းအဝေးခန်းမစားပွဲ(ကြိတ်သား) (U-Shape)စားပွဲ ၉ လုံးပါ | ၁ စုံ |
| ၉။ | အစည်းအဝေးခန်းမထိုင်ခုံ | ၄၀ လုံး |

၂။ တင်ဒါပေးသွင်းမှုကို ၃၀-၉-၂၀၁၅ရက် ၁၅း၀၀ နာရီတွင် ပိတ်ပါမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် ၃-၉-၂၀၁၅ရက်မှစ၍ လာရောက်စုံစမ်း ထုတ်ယူနိုင်ပါသည်။

ပြည်တွင်းပြည်ပ ပစ္စည်းဝယ်ယူရေး
တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
ရုံးအမှတ်(၂)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၇၂၅၀၊ ၀၆၇-၄၀၇၄၈၇

**ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန**
**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်အတွင်း ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအတွက် လိုအပ်သော အောက်ဖော်ပြပါ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | အမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | Laptop (Class A) | ၁၀ လုံး |
| ၂။ | Laptop (Class B) | ၃၅ လုံး |
| ၃။ | Desktop PC (Class A) | ၆ လုံး |
| ၄။ | Desktop PC (Class B) | ၁၅ လုံး |
| ၅။ | UPS | ၁၆ လုံး |
| ၆။ | Laser Printer | ၁၅ လုံး |
| ၇။ | Scanner | ၉ လုံး |
| ၈။ | Colour Laser Copier | ၁ လုံး |
| ၉။ | Copier (Multi Function) | ၁ လုံး |

၂။ တင်ဒါပေးသွင်းမှုကို ၃၀-၉-၂၀၁၅ရက် ၁၅း၀၀ နာရီတွင် ပိတ်ပါမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် ၃-၉-၂၀၁၅ရက်မှစ၍ လာရောက်စုံစမ်း ထုတ်ယူနိုင်ပါသည်။

ပြည်တွင်းပြည်ပ ပစ္စည်းဝယ်ယူရေး
တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
ရုံးအမှတ်(၂)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၇၂၅၀၊ ၀၆၇-၄၀၇၄၈၇

# အာဟာရကြွယ်သော ကညွတ်သီးနှံဝယ်လိုအားမြင့်တက်



**မင်းဘူး စက်တင်ဘာ ၁**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျောက်တန်းအုပ်စု ရေမျက်ကျေးရွာ၌ ကညွတ်သီးနှံစိုက်ပျိုးသူများ အဆင်ပြေဝင်ငွေကောင်းလျက်ရှိပြီး စားသုံးသူများအနေဖြင့် ကျန်းမာရေးအတွက် အာဟာရတန်ဖိုးရှိကြောင်း နားလည်လာသောကြောင့် ဝယ်လိုအားမြင့်တက်လျက်ရှိကြောင်း သိရသည်။

"စစိုက်ပြီး ၆ လလောက်ကြာရင် ကညွတ်အစို့တွေ နုတ်ပြီးရောင်းလို့ရပြီ။ တစ်ဧကစိုက်ခင်းထဲမှာ တစ်ရက် ၁၀ ပိဿာကျော်ထွက်ပါတယ်။ အပင်ပြုစုတဲ့အပေါ်မူတည်ပြီးတော့ စိုက်တဲ့သူတွေ အထွက်နှုန်းတော့ ကွာနိုင်ပါတယ်။ ၂၀၁၄ ခုနှစ်တုန်းက တစ်ပိဿာ ၅၀၀၀ နဲ့အထက် ရောင်းရပါတယ်။ ကျွန်တော်တို့အတွက် အကျိုးအမြတ်လည်းကောင်းနေပါတယ်။ ဒီနှစ်ထဲမှာ တစ်ပိဿာလေးထောင်ကျပ်ဝန်းကျင်နဲ့ ရောင်းနေပါတယ်။ ရေသွင်းစရိတ်၊ ပေါင်းထိုးစရိတ်နုတ်ပြီး တစ်လ ၆ သိန်းကျော်မြတ်ဖို့ သေချာတဲ့စိုက်ပျိုးရေးလုပ်ငန်းပေါ့ဗျာ။ ဈေးနှုန်းသတ်မှတ်လက်ခံပေးတဲ့ အဝယ်ဒိုင်တွေလည်းရှိမယ်၊ အိမ်တိုင်းအိမ်တိုင်းရဲ့ မီးဖိုချောင်မှာ နေ့စဉ်စားသုံးတဲ့သီးနှံတစ်ခုလည်းဖြစ်လာမယ်ဆိုရင် စိုက်ပျိုးတဲ့သူတွေ ပိုများလာမယ်ထင်ပါတယ်။ စိုက်ခဲ့သမျှတွေထဲမှာတော့ အကျိုးအမြတ်အများဆုံးသီးနှံပဲ" ဟု မင်းဘူးမြို့နယ် ကျောက်တန်းအုပ်စု ရေမျက်ကျေးရွာမှ ကညွတ်စိုက်ပျိုးသူ ဦးဝင်းသောင်းက ပြောသည်။

ကညွတ်သီးနှံစားသုံးခြင်းဖြင့် ကျောက်ကပ်အားကောင်းမွန်ပြီး ကျောက်တည်ခြင်းမှ ကာကွယ်နိုင်ခြင်း၊ ကင်ဆာရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်ခြင်း၊ သွေးအတွင်းသကြားဓာတ်ကိုထိန်းညှိပေးခြင်း၊ အာရုံကြောအားနည်းသည့်ရောဂါကို ကာကွယ်ပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များစားသုံးပါက အာရုံကြောကြောင့်ဖြစ်သောရောဂါများအား ၇၀ ရာခိုင်နှုန်းကာကွယ်ပေးခြင်း၊ အသားအရည်ကောင်းမွန်ပြီး အရေပြားရောဂါများကို ကာကွယ်ပေးခြင်း၊ အရက်နှင့် ဘီယာသောက်သုံးသူများအတွက် အသည်းအဆိပ်ကို ဖယ်ရှားပေးနိုင်ခြင်း စသည့်ကျန်းမာရေးဆိုင်ရာအကျိုးအမြတ်များရရှိနိုင်ကြောင်း စိုက်ပျိုးရေးဆိုင်ရာစစ်တမ်းများအရ သိရသည်။

သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနများအနေဖြင့် ကညွတ်သီးနှံဆိုင်ရာ စိုက်ပျိုးရေးအချက်အလက်များ ပြည်သူများထံဖြန့်ဝေခြင်း၊ ထိုင်ဝမ်စပ်မျိုးထုပ်များဝယ်ယူ၍ ပျိုးပင်များစိုက်ပျိုးကာ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခြင်း၊ စိုက်ပျိုးလိုသူများအတွက် စိုက်နည်းပညာများ ကွင်းထဲအထိအရောက် ကူညီပေးခြင်းများ ဆောင်ရွက်ပေးသည်။

"အမယ်သစ်သီးနှံဆိုတော့ စွန့်ဦးတီထွင်ရသလို စတင်စိုက်ပျိုးသူတွေအတွက် စွန့်စားရတာတွေ ရှိခဲ့ပါတယ်။ ဈေးကွက်မှာ အပ်ကုန်စနစ် (ရောင်း၍မကုန်လျှင် ပြန်သိမ်းပေးသည့်စနစ်) ကျင့်သုံးပြီး ဖောက်သည်ယူပေးတဲ့သူတွေကို ရောင်းသူဘယ်တော့မှ မရှုံးရဘူးဆိုတဲ့ စနစ်ကျင့်သုံးပြီး ဈေးကွက်ဖော်ဆောင်နေပါတယ်။ ကျန်းမာရေးအတွက် အလွန်အထောက်အကူပြုနိုင်တာကြောင့် ပြည်သူတွေကြားထဲမှာ ဈေးနှုန်းချပြီး ကုန်စိမ်းဈေးကွက်တစ်ခု ဖော်ဆောင်နိုင်ရင် စိုက်ပျိုးသူရော၊ စားသုံးသူအတွက်ပါ အရမ်းအကျိုးရှိတဲ့သီးနှံဖြစ်ပါတယ်" ဟု မကွေးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသိန်းလွင်က ပြောသည်။

ကညွတ်သီးနှံ ၁၀၀ ဂရမ်တွင် ကိုလက်စထရော လုံးဝမပါဝင်ပဲ စွမ်းအင် ၂၀ ကီလိုကယ်လိုရီ၊ ကာဗွန်ဟိုက်ဒရိတ် ၂ ဒသမ ၁ ဂရမ်၊ သကြားဓာတ် ၁ ဒသမ ၉ ဂရမ်၊ အမျှင်ဓာတ် ၂ ဒသမ ၁ ဂရမ်၊ အသားဓာတ် ၂ ဒသမ ၂ ဂရမ်၊ ဗီတာမင်စီ ၉ ရာခိုင်နှုန်းပါဝင်ကြောင်း သိရသည်။

**ဧေယျာတု(မကွေး)**

# မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းနှင့် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ ပြုလုပ်

**သာစည် စက်တင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် လှိုင်းတက်ကျေးရွာအုပ်စု ကျောက်အိုးကျေးရွာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)အား မူလတန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ခြင်း၊ လှူဒါန်းမှုဖြင့် ဆောက်လုပ်ထားသောကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ခြင်းနှင့် ကျောက်ပြားတောင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းဖွင့်လှစ်ခြင်းကို ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျောင်းများတွင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းနေ့ နံနက် ၈ နာရီတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစံထွန်း၊ မြို့နယ်ပညာရေးမှူး ဦးလှကြိုင်နှင့် ကျောင်းအကျိုးတော်ဆောင် ဦးဘိုဌေးတို့က ကျောက်အိုးကျေးရွာမူလတန်းကျောင်းဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားတွင် လွှတ်တော်ကိုယ်စားလှယ်များက အမှာစကားပြောကြားခဲ့ သည်။ယင်းနောက် ရန်ကုန်မြို့နေအလှူရှင်ဦးရန်ရှင်း-ဒေါ်လှရင်သား ဦးစိန်ကန်တို့လှူဒါန်းမှုဖြင့် ဆောက်လုပ်ထားသည့် တန်ဖိုးငွေကျပ်သိန်း ၇၀ တန်ဖိုးရှိ အလျား ပေ ၆၀၊ အနံ ၂၄ ပေ၊ သွပ်မိုး RC တစ်ထပ် ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးထံပေးအပ်ပြီး အလှူရှင်မိသားစုအား ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည် ပေးအပ်ခဲ့သည်။

ဆက်လက်၍ ကျောက်ပြားတောင်ကျေးရွာမူလတန်းကျောင်းဖွင့်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်မိုးရေကာဖျင်နှင့်ဖိနပ်စက်ရုံမှ ကြီးကြပ်ရေးမှူး ဗိုလ်မှူးအောင်သက်မြင့်နှင့် ကျောင်းအကျိုးတော်ဆောင် ဦးဌေးမြင့်တို့က ဖွင့်လှစ်ပေးပြီး အလှူရှင်များက အလှူငွေများနှင့်ကျောင်းသုံးဗလာစာအုပ်များ လှူဒါန်းခဲ့ကြသည်။

**ထွန်းထွန်း(သာစည်)**

# ဘုတ်ပြင်းမြို့တွင် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**ဘုတ်ပြင်း စက်တင်ဘာ ၁**

၂၀၁၅ ခုနှစ် စက်တင်ဘာ ၈ ရက်တွင်ကျရောက်မည့် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ဘုတ်ပြင်းမြို့နယ်ပညာရေးဌာနမှူးကြီးမှူး၍ ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက အ. ထ. က (ဘုတ်ပြင်း) ကျောင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲတွင် အတက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများက "လူတိုင်းအတွက် ပညာရေးအရှိန်အဟုတ်မြှင့်တင်ပေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများက "လောကကမ္ဘာသာယာဖို့ စာတတ်မြောက်ရေးကူညီစို့" ခေါင်းစဉ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်ခဲ့ကြသည်။

ယင်းစာစီစာကုံးပြိုင်ပွဲသို့ ဘုတ်ပြင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၉၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ဘုတ်ပြင်း(ပြန်/ဆက်)**


## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ရခိုင်ပြည်နယ် ကျောက်ဖြူဒေသတွင် ရွှေကမ်းလွန်သဘာဝဓာတ်ငွေ့ ကုဗပေ(၁၀)သန်းကို အသုံးပြုပြီး Gas Engine or Gas Turbine Generator များကို ငှားရမ်း၍ ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းအား နိုင်ငံခြားငွေဖြင့် ဆောင်ရွက်လို ပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

| | | |
|---|---|---|
| တင်ဒါပုံစံရောင်းချမည့်ရက် | - | ၃၁-၈-၂၀၁၅ရက် |
| တင်ဒါပိတ်မည့်ရက် | - | ၁-၁၀-၂၀၁၅ရက် |
| တင်ဒါပိတ်မည့်အချိန် | - | ၁၄း၀၀နာရီ |

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၁၀၂၀၉







## ကုန်သည်/စက်မှုအသင်းချုပ်ရုံးသစ် နေပြည်တော်၌ဖွင့်

**နေပြည်တော် စက်တင်ဘာ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် UMFCCI ၏ နေပြည်တော်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို နေပြည်တော် ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိလမ်း ကျိုင်းတုံလမ်းသွယ်ရှိ UMFCCI အဆောက်အအုံသစ်တွင် ဩဂုတ် ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ပို့ဆောင်ရေးဒုတိယဝန်ကြီး ဦးဟန်စိန်၊ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းတင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ UMFCCI ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် UMFCCI အသင်းသားများ၊ ညီနောင်အသင်းအဖွဲ့အစည်းဝင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သတင်းမီဒီယာသမားများ တက်ရောက်ခဲ့ကြသည်။

အစီအစဉ်အရ UMFCCI ဥက္ကဋ္ဌက ကုန်သည်စက်မှုအသင်းချုပ်၊ နေပြည်တော် Branch ဆောက်လုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အသင်းအဆောက်အအုံသစ်ကို ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က ဦးဆောင်၍ တာဝန်ရှိပုဂ္ဂိုလ်များမှ ဖဲကြိုးဖြတ်၍လည်းကောင်း၊ အသင်းဆိုင်းဘုတ်အား စက်ခလုပ်နှိပ်၍လည်းကောင်း ဖွင့်လှစ်ပေးကာလှည့်လည်ကြည့်ရှုခဲ့သည်။

ကုန်သည်စက်မှုအသင်းချုပ် UMFCCI သည် ညီနောင်စီးပွားရေးအသင်းအဖွဲ့ပေါင်း ၇၀ ခန့်ဖြင့်ဖွဲ့စည်းပေးထားပြီး အသင်းဝင်ညီနောင်အသင်းအဖွဲ့များ၏ စီးပွားရေးဆိုင်ရာ အခက်အခဲ၊ ကောင်းကျိုးဆိုးကျိုးများကို အကူအညီတောင်းခံပါက အသင်းချုပ်၏ ဗဟိုအလုပ်အမှုဆောင် တာဝန်ရှိလူကြီးများမှ စဉ်းစားသုံးသပ် ဝေဖန်ညှိနှိုင်းဆောင်ရွက်ဖြေရှင်းပေးသည်ဟု သိရသည်။

အသင်းချုပ်သည် လစဉ်တိုင်း အသင်းဝင်များအတွက် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများတွင် ဟောပြောပွဲများ၊ ဆွေးနွေးပွဲများ၊ ဗဟုသုတမျိုးစုံရဖွယ် ပြပွဲများ ခင်းကျင်းဆောင်ရွက်ပေးသည်ဟု သိရသည်။ **သန်းဦးလှိုင်**

## Mandalay Yatanar Mall ကျောက်မျက်ရတနာဆိုင်ခန်းများ ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်တွင် ဖွင့်လှစ်မည်

**မန္တလေး စက်တင်ဘာ ၁**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်(၇၈)လမ်းနှင့်(၃၄)လမ်းထောင့် ရတနာပုံစူပါစင်တာတွင် ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်တွင်ဖွင့်လှစ်မည့် နိုင်ငံတကာအဆင့်မီ ကျောက်မျက်ရတနာများ၊ လက်ဝတ်ရတနာများ စုစည်းရောင်းချမည့် Mandalay Yatanar Mall ကျောက်မျက်ရတနာဆိုင်ခန်းများ မိတ်ဆက်ပွဲအခမ်းအနားကို ဩဂုတ် ၃၀ ရက် ညနေ ၆ နာရီက အဆိုပါဈေးပရိမိုးရှင်းဧရိယာတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် Relax Business Group Co.,Ltd မန်နေဂျင်းဒါရိုက်တာ ဦးကျော်သူရက မိတ်ဆက်စကားပြောကြားပြီး ဒါရိုက်တာ ဦးဇော်မင်းက Mandalay Yatanar mall အကြောင်းရှင်းလင်းပြောကြားခဲ့သည်။

Mandalay Yatanar Mall တွင် ဆိုင်ခန်းပေါင်း ၃၈၉ ခန်းရှိပြီး ကျောက်မျက်သင်တန်းခန်းမ တစ်ခု၊ ကျောက်မျက်အစစ်အတုခွဲခြားပေးပြီး အသိအမှတ်ပြု Certificate ထုတ်ပေးသော QC ခန်းတစ်ခု၊ နိုင်ငံခြားငွေလဲကောင်တာ၊ ဘဏ်ဝန်ဆောင်မှုများ၊ ခေတ်မီလုံခြုံရေးစနစ်များ၊ လေအေးပေးစနစ်၊ ၂၄ နာရီ လျှပ်စစ်ဓာတ်အားရရှိမှုစသည့် နိုင်ငံတကာအဆင့်မီတည်ဆောက်ထားပြီး အရစ်ကျငွေချေစနစ်ဖြင့်ရောင်းချပေးရာ ဩဂုတ် ၃၀ ရက်အထိ ဆိုင်ခန်းပေါင်း ၂၀၀ ကျော် ရောင်းချပြီးဖြစ်ကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**



## ကျိုင်းလပ်မြို့ကျေးရွာများရှိ ရေဘေးသင့်အိမ်ထောင်စုများအား ရေရရှိရေးနှင့် မီးရရှိရေးပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးအပ်

**တာချီလိတ် စက်တင်ဘာ ၁**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်စီစဉ်ပေးမှုဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့ကျေးရွာများရှိ ရေဘေးသင့်အိမ်ထောင်စုများအား သောက်သုံးရေရရှိရေးနှင့် မီးရရှိစေရေးအတွက် ရေပိုက်များ၊ ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့လှူဒါန်းခြင်းကို ဩဂုတ် ၂၈ ရက် ညနေပိုင်းက မိုင်းပါလျှိုးကျေးရွာအုပ်စု နမ့်ကိုင်းကျေးရွာဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့သည်။

ယင်းသို့ပေးအပ်ရာတွင် သောက်သုံးရေရရှိရေးအတွက် လေးလက်မပိုက် ငါးချောင်း၊ သုံးလက်မပိုက် ငါးချောင်း၊ နှစ်လက်မပိုက် အချောင်း ၃၀၀၊ မီးရရှိရေးအတွက် (80)W ဆိုလာ Complete Set ၁၁၇ စုံ၊ (20)W မီးချောင်း ၁၁၇ ချောင်း၊ (5)W မီးလုံး ၂၃၄ လုံးတို့ကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ထွန်းနှင့် တာဝန်ရှိသူများကပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးအိုက်စံနှင့် ရပ်မိရပ်ဖတို့က လက်ခံရယူခဲ့သည်။

ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာအတွင်း စက်ယန္တရားများဖြင့် နုန်းနှင့် အမှိုက်သန့်ရှင်းရေးဆောင်ရွက်နေမှုများ၊ ရေပိုက်သွယ်တန်းပေးမည့်နေရာ၊ ဆိုလာမီးတပ်ဆင်ပေးမည့်နေအိမ်များနှင့် ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ရေဘေးသင့်ကျေးရွာများတွင် သောက်သုံးရေရရှိရေး၊ မီးရရှိရေး အမှန်တကယ်လိုအပ်နေသည့်အတွက် စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ပျက်စီးဆုံးရှုံးခဲ့သည့်နေအိမ်များအတွက် တန်ဖိုးနည်းအိမ်ရာဖြင့် ပြန်လည်တည်ဆောက်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိပြီး စာသင်ကျောင်းများတွင်လိုအပ်သည့် စာရေးခုံများအား စီစဉ်ထားပြီးဖြစ်၍ ဆက်လက်လှူဒါန်းပေးမှာဖြစ်ကြောင်း ခရိုင်အုပ်ချုပ်ရေးမှူးက ပြောကြားခဲ့သည်။

ယင်းကျေးရွာများအတွက် ဌာနဆိုင်ရာများ၊ အလှူရှင်ပြည်သူများနှင့် ထိုင်းနိုင်ငံမှအလှူရှင်များက ခရိုင်နှင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့တွင် လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများနှင့် အလှူငွေများအပါအဝင် ငွေကျပ်သိန်း ၁၂၉၅ ကျော်နှင့် စေတနာရှင်ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများက တိုက်ရိုက်သွားရောက်လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ အသုံးအဆောင်ပစ္စည်းများနှင့် အလှူငွေအပါအဝင် စုစုပေါင်းငွေကျပ်သိန်း ၂၅၅၀ ကျော် ထောက်ပံ့လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**







သုံးရာသီ ဝမ္မဒါန
(၆၃)ကြိမ် ဘိုးမင်းခေါင်ထွက်ပွဲ၊ ညအိပ် ၃ရက်
ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ၊ စွယ်တော်-၄ဆူ
တစ်ဦးထမင်းကျွေး-၄၀၀၀၀/-Sep - 29
ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ၊ တောင်ကြီး၊ အင်းလေး၊
Sep - 29 ထန်စမ်းဂူ၊ ကက္ကူဘုရား
ကားအမျိုးမျိုးစီးလုံးငှားသည်။
420144148, 421153797

ခရုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-6809893
09-6819020

# ထိုင်းနိုင်ငံတွင် အလုပ်ရရှိမည်ဟုစည်းရုံး၍ အခကြေးငွေရယူကာ စည်းရုံးခေါ်ဆောင်သူတစ်ဦးကို မြန်မာ–ထိုင်းနယ်စပ်၌ ဖမ်းမိ

**တာချီလိတ် စက်တင်ဘာ ၁**

မြန်မာ-ထိုင်းနယ်စပ် တာချီလိတ်မြို့ရှိ မယ်ယန်းပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်အကျိုးဆောင်လိုင်စင်မရှိဘဲ ထိုင်းနိုင်ငံတွင် အလုပ်အကိုင်ရရှိအောင်ရှာဖွေပေးမည်ဟု ပြောဆိုစည်းရုံးလျက် အခကြေးငွေရယူခေါ်ဆောင်နေသူတစ်ဦးကို ဩဂုတ် ၂၉ ရက်က တာချီလိတ်မြို့မရဲစခန်းတွင် ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၉ ရက် နံနက် ၁၀ နာရီခန့်က မယ်ယန်းပူးပေါင်းစစ်ဆေးရေးဂိတ်၌ တောင်ကြီးမှ တာချီလိတ်သို့ ရောက်ရှိလာသော ညိုမီးဝါးလူ့ရွာ၊ ထီးဖောင်းအုပ်စု၊ တောင်ကြီးမြို့နေသူ နန်းကွယ်နှင့်အတူ ဟမ်းအင်ရွာ၊ ပင်လောင်မြို့နေ ခွန်မောင်ဝင်း၊ ဆီဆိုင် မြို့နေ မဦး၊ မခမ်းပေ၊ မောင်ငါး၊ ခွန်ရွှေအုပ်၊ ခွန်အောင်ခမ်း၊ မောင်စု၊ ဖာမွန်းကုန်းသာကျေးရွာ၊ ဖာမွန်းအုပ်စု၊ တောင်ကြီးမြို့နေ ခွန်တမြိုးတို့ကိုးဦးအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးရဲတပ်ဖွဲ့ တပ်ဖွဲ့(၁) တာချီလိတ်မှ ရဲတပ်ကြပ်ကြီး ယဉ်မင်းနိုင်၊ ရဲတပ်ကြပ်ဝင်းကြိုင်တို့က မသင်္ကာဖွယ်ရာတွေ့ရှိရသဖြင့် စစ်ဆေးခဲ့ရာ ခွန်မောင်ဝင်း၊ မောင်ငါး၊ ခွန်ရွှေအုပ်၊ ခွန်အောင်ခမ်း၊ မောင်စု၊ ခွန်တမြိုး၊ မဦးနှင့် မခမ်းပေတို့ ရှစ်ဦးအား နန်းကွယ်က ထိုင်းနိုင်ငံတွင် အလုပ်အကိုင်ရှာဖွေပေးမည်ဟု ပြောဆိုစည်းရုံးကာ တစ်ဦးလျှင် ငွေကျပ်ခြောက်သိန်းစီ အခကြေးငွေရယူပြီး ခေါ်ဆောင်လာခဲ့ခြင်းဖြစ်ကြောင်း၊ နန်းကွယ်မှာ တရားဝင်အကျိုးဆောင်လိုင်စင်ရရှိထားသူ မဟုတ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တရားဝင်အကျိုးဆောင်လိုင်စင်မရှိဘဲ ပြည်ပထိုင်းနိုင်ငံ၌ အလုပ်အကိုင်ရှာဖွေပေးမည်ဟု ပြောဆိုစည်းရုံးလျက် အခကြေးငွေရယူခေါ်ဆောင်လာသူ နန်းကွယ်၊ ညိုမီးဝါးလူ့ရွာ၊ ထီးဖောင်းအုပ်စု၊ တောင်ကြီးမြို့နေသူအား ရဲအုပ်ဝသဿန်ကျော်မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ တာချီလိတ်မြို့မရဲစခန်းက (ပ)၁၈၀/၂၀၁၅ ပြည်ပအလုပ် အကိုင်ဆိုင်ရာဥပဒေပုဒ်မ ၂၆ ဖြင့် အမှုဖွင့်အရေးယူထားရှိပြီး ဒုရဲအုပ် အောင်ကျော်စိန်မှ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းတို့ကိုးဦးအနက် ခွန်မောင်ဝင်း၊ မဦးနှင့် မခမ်းပေတို့သုံးဦးအား တရားရုံးသက်သေခံနိုင်ရေးအတွက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးတပ်ဖွဲ့ တပ်ဖွဲ့(၁)ရုံးတွင် စောင့်ရှောက်ထားရှိပြီး မောင်ငါး၊ ခွန်ရွှေအုပ်၊ ခွန်အောင်ခမ်း၊ မောင်စု၊ ခွန်တမြိုးတို့ ငါးဦးအား ညနေ ၅ နာရီ ၂၀ မိနစ်ခန့်က အမြန်ယာဉ်ဖြင့် ဇာတိနေရပ်သို့ ပြန်လည်စေလွှတ်ခဲ့ကြောင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးရဲတပ်ဖွဲ့မှ သိရသည်။ **(၁၁၁)**

## ဖယ်ခုံမြို့သံဃာတော်များမှ နာရေးကူညီမှုအသင်းအတွက် အလှူငွေထောက်ပံ့လှူဒါန်း

**ဖယ်ခုံ စက်တင်ဘာ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)ဖယ်ခုံမြို့နယ်၌ သံဃာတော်များမှ စုပေါင်း၍ နာရေးကူညီမှုအသင်းအတွက် အလှူငွေထောက်ပံ့လှူဒါန်းပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၃၀ ရက် ညနေ ၃ နာရီခွဲက ဈေးတန်းရပ်ကွက်ရှိ သုဝဏ္ဏဘူမိရွှေကျောင်းတွင် ကျင်းပခဲ့သည်။

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ကာ မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တကေသရထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး ဩဝါဒကထာတရားတော်များကို နာကြားခဲ့သည်။

ဆက်လက်၍ သုဝဏ္ဏဘူမိရွှေကျောင်းဆရာတော် ဘဒ္ဒန္တဉာဏိန္ဒက အလှူငွေပေးအပ်လှူဒါန်းရခြင်းအကြောင်း မြွက်ကြားပြီး သံဃာတော်များကိုယ်စား ကပ္ပိယကာရက မြို့နယ်သာသနာရေးမှူးကအလှူငွေကျပ်ငါးသိန်းကို နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးစိုင်းထွန်းတင်ထံသို့ ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းနောက် နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးစိုင်းထွန်းတင်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားသို့တက်ရောက်လာကြသော မြို့နယ်ဩဝါဒါစရိယဆရာတော်ကြီးများ၊ မြို့နယ်သံဃနာယကအဖွဲ့ဆရာတော်များနှင့်တက်ရောက်လာသူများက ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ **ကိုထွေး(ဖယ်ခုံ)**

## မြန်မာ့မီးရထားမှ နေပြည်တော်–ပုဂံရထား ပခုက္ကူမြို့အထိ စက်တင်ဘာ ၁ ရက်တွင် စတင်တိုးချဲ့ပြေးဆွဲ

**နေပြည်တော် စက်တင်ဘာ ၁**

နေပြည်တော်မှ ရှေးဟောင်းယဉ်ကျေးမှုမြို့တော် ပုဂံသို့ နေ့စဉ်ပုံမှန်ပြေးဆွဲလျက်ရှိသည့် နေပြည်တော်-ပုဂံ (RBE) အမြန်ရထားသည် စက်တင်ဘာ ၁ ရက်မှစ၍ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့အထိ တိုးချဲ့ပြေးဆွဲပေးမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ ပုဂံဘူတာဒုတိယရုံပိုင်တစ်ဦး၏ပြောပြချက်အရ သိရသည်။

နေပြည်တော်-ပခုက္ကူ (၁၀၇) အဆန်ရထားသည် နေပြည်တော်ဘူတာကြီးမှ နံနက် ၅ နာရီထွက်ခွာ၍ ပခုက္ကူဘူတာသို့ ညနေ ၄ နာရီခန့်တွင် ဆိုက်ရောက်မည်ဖြစ်ပြီး ပခုက္ကူ-နေပြည်တော် (၁၀၈) အစုန်ရထားသည် ပခုက္ကူဘူတာမှ နံနက် ၆ နာရီ ၁၅ မိနစ်တွင် ထွက်ခွာ၍ နေပြည်တော် ဘူတာသို့ ညနေ ၅ နာရီ မိနစ် ၄၀ မိနစ်ခန့်တွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော်သို့ တိုက်ရိုက်ရထားတိုးချဲ့ပြေးဆွဲပေးခြင်းဖြင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရီးသွားများ သွားလာရေးပိုမိုအဆင်ပြေလာနိုင်တော့မည်ဖြစ်သည်။ **ကိုဇော်(ပြန်/ဆက်)**



**သာပေါင်းမြို့နယ် ရေကြီးနစ်မြုပ်မှုကြောင့် ရေဘေးသင့်ပြည်သူများအား Isra AID အဖွဲ့အလှူရှင်များက ရေဘေးသင့်ကျေးရွာများမှ ငမန်းချောင်းကျေးရွာသို့ အရောက်သွားရောက်လှူဒါန်းကြရာ ဆန်၊ ဆီ၊ ဆား၊ အဝတ်၊ ရေသန့်ဆေးလုံးများအား သုံးစွဲနည်းရှင်းလင်းပြောပြပြီး ပစ္စည်းမျိုးစုံပါအထုပ်များအား ရေဘေးသင့်ငမန်းချောင်းကျေးရွာ အိမ်ထောင်စုများကို လှူဒါန်းထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။** သတင်းနှင့် ဓာတ်ပုံ - မျိုးဇော်ဦး(ပြန်/ဆက်)

Since 1995

သန့်ရှင်း၊ သပ်ရပ်၊ ဝန်ဆောင်မှု

ကောင်းစွာဖြင့်

ရွှေခိုင် – အကင်ဆိုင် (မြောက်ဒဂုံ)

၁ – ၉ – ၂၀၁၅ ရက်နေ့တွင် ဖွင့်လှစ်ပါပြီ

အမှတ် – ၂၂၅/၂၂၆၊ ပင်လုံလမ်းမကြီး၊ စစ်တောင်းလမ်းနှင့် မန္တလေးလမ်းကြား၊ အောင်သပြေကောဇောဆိုင်ရှေ့၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း – ၀၉ ၄၅၀၀၃၅၉၄၆၊ ၀၉ ၂၅၉၅၀၁၇၆၀

Yangon

ဂရပ်ဖစ်ဒီဇိုင်း နှင့် Offset ကာလာစုံပုံနှိပ်

သင့်ကုမ္ပဏီ နှင့် သင့်ကြော်ငြာဆန်းသစ်လှပဖို့အတွက် တာဝန်ယူဆောင်ရွက်ပေးပါသည်

နစ်သစ်ပြက္ခဒိန်များကို လှပသပ်ရပ်စွာ အမြန်ရိုက်ပေးနိုင်ပါသည်

စက္ကူ ၊ စတေကာ ပေါ်တွင် ခေတ်မီပုံနှိပ်စက်များဖြင့်

ONE STOP SERVICE ဝန်ဆောင်မှုပေးလျက်ရှိပါသည်..

အမှတ်(၇၅)၊ မဟာဗန္ဓုလလမ်း နှင့် ကုန်သည်လမ်းကြား ၊ ၄၃လမ်း ၊ဗိုလ်တထောင်မြို့နယ်။

✆ ၀၁-၃၉၂၃၁၄ ၊ ၀၉ ၇၉၅၆၆၁၀၂၉ ၊ ၀၉၅၁၂၅၆၅၀ ၊ ၀၉ ၂၆၀၄၅၄၉၁၁

Topsyne®

မူလလက်ဟောင်းအရည်အသွေးအတိုင်း ထုတ်လုပ်ထားသော "သနပ်ခါးမိတ်ကပ်"

အသစ်ထပ်မံထုတ်လုပ်ထားသော "ခေတ်သစ်ပျိုမေများရဲ့ ဖန်ဆင်းရှင်အစစ်"




Herbal Cream (ငွေရောင်ဘူး)

Herbal Cream (ပန်းပွင့်ပုံဘူး)

(ကျား/မ မရွေးသုံးနိုင်သည်)

Apple Production Co., Ltd.

အမှတ် (A/၂၉)၊ ဦးဝိစာရလမ်း၊ (၃၄)တိုးချဲ့ရပ်ကွက်၊ မြောက်ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့ ။

ဖုန်း - (၀၁) ၅၈၁၃၉၉၁၊ ၅၈၁၈၈၆၊ ၅၈၁၈၄၄၊ ၀၉၄၉၃၁၆၄၀၈၊ ၀၉ ၈၆၁၈၀၈၁၊ ၀၉ ၅၀၂၀၄၈၉

ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာအသင်းများမှ စီစဉ်ကျင်းပသော

# Yangon ICT Fair 2015

၂၀၁၅-ခုနှစ်၊ စက်တင်ဘာလ (၄) ရက်နေ့ မှ (၆) ရက်နေ့ ထိ
တပ်မတော်ခန်းမ ၊ ဦးဝိစာရလမ်း ၊ ရန်ကုန်မြို့။

MCPA Yangon
MCIA Yangon

---

ဂန်ထမ်းအမြန်အလိုရှိသည်။
၁~၅နှစ် အတွင်းလုပ်သက်အတွေ့အကြုံရှိသော
ရှေ့နေ အမြန်အလိုရှိသည်။ MS Agency
Ph:09254398600,09263202240

---

## ရောင်းရန်ရှိသည်

၁။ ပြည်လမ်းမတန်း (၅)မိုင် ပေ(၅၅×၉၀)ပေါ်ရှိ ခေတ်မီနှစ်ထပ်တိုက်
၂။ အမှတ်(၃)လမ်းမကြီးပေါ် ပေ(၃၃၀×၁၂၅)
၃။ ရတနာလမ်းမ ပေ(၄၀×၁၅၀)
၄။ ကမ္ဘာအေးဘုရားလမ်းမတန်း(ဗဟန်း) ပေ(၂၈×၉၀)
၅။ ကမ္ဘာအေးဘုရားလမ်းမတန်း(မရမ်းကုန်း) ပေ(၂၀×၅၅)
၆။ ပါရမီလမ်းမတန်း ပေ(၄၀×၆၀)
၇။ ပင်လုံလမ်းမတန်း ပေ(၄၂×၆၀)
၈။ ဝေဇယန္တာလမ်းမတန်း ပေ(၂၀×၆၀)
၉။ သံသုမာလမ်းမတန်း ပေ(၂၀×၆၀)

**မွေးမြန်မာ**
**တိုက်၊ အိမ်၊ ခြံ၊ မြေ ရောင်းဝယ်ငှားဝန်ဆောင်မှုလုပ်ငန်း**
**ဖုန်း-၅၅၇၂၇၆၊ ၀၉-၅၀၂၂၁၅၉၊ ၀၉-၅၀၄၉၀၆၆၊**
**၀၉-၅၀၃၅၅၂၉၊ ၀၉-၄၃၁၄၃၅၅၅**

---

## စာအုပ် စာပေ လူ့မိတ်ဆွေ

---

**အမည်** အဖဦးကျော်စိုးမိုး၏သား အမက(၁၀)စမ်းချောင်း၊ ဒုတိယတန်း(A)မှ
**ပြောင်း** အာကာဖြိုးအား လှိုင်မင်းအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **လှိုင်မင်းအောင်**

---

Thiri SILK COLLECTIONS

## THIRI SILK COLLECTIONS

**ထိုင်းပိုးအမျိုးမျိုး မှတ်သုံ့ဈေးရောင်းပွဲတော်**

THIRI SILK COLLECTIONS မှ အဆင်သစ် ဒီဇိုင်းသစ် ထိုင်းပိုးစက်ထိုး၊ ထိုင်းပိုးဇာပွင့်ကပ်၊ ထိုင်းပိုးချိတ်ဝမ်းဆက်၊ ထိုင်းကမာပဝါ နှင့် ထိုင်းပိုးပြောင်ရောင်စုံ စသည့် ထိုင်းပိုး အမျိုးမျိုးတို့ကို

**(10% Discount)** ဖြင့်


**(၁.၉.၂၀၁၅) ရက်နေ့မှ (၃၀.၉.၂၀၁၅) ရက်နေ့အထိ**

ရောင်းချပေးသွားမည်ဖြစ်ပါသောကြောင့် လာရောက်ဝယ်ယူအားပေးနိုင်ပါကြောင်း
မိတ်ဟောင်း၊ မိတ်သစ်များအား ဖိတ်ခေါ်အပ်ပါသည်။

ရန်ကုန် (၁) ။ ၄၄၉ (B) ၊ တက္ကသိုလ်ရိပ်သာလမ်းသစ် ၊ ဗဟန်းမြို့နယ် ၊ ဖုန်း ၀၉-၈၆၁၉၅၄၅ ။
(၂) ။ F (124/125) ၊ ပထမထပ် ၊ Junction Square ၊ ကမာရွတ်မြို့နယ် ။
ဖုန်း ၀၁-၅၂၇၉၇၆ ၊ ၅၂၇၂၄၂ ၊၅၀၂၇၆၃ ၊ ၅၀၁၈၀၆ လိုင်းခွဲ-၂၀၁၄ ။
နေပြည်တော် (၁) ။ F-125 ၊ ပထမထပ် ၊ Junction Nay Pyi Taw ၊ ဖုန်း ၀၆၇-၄၂၂၀၁၂ မှ ၁၃ လိုင်းခွဲ-၂၀၃

---

# MIC
# Myanmar Imperial College




တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးသူများအတွက်

- Diploma in Business (HND)
- Diploma in Advertising & Branding (HND)
- Diploma in Hospitality & Tourism (HND)
- Bachelor of Business & Management
- Bachelor of Marketing Management
- Bachelor of Tourism Management

မြန်မာနိုင်ငံ၏
အနာဂတ်စီးပွားရေးလုပ်ငန်းရှင်များအတွက်

**MBA | DBA**

+ ဗြိတိန်နိုင်ငံ Northampton University မှ တိုက်ရိုက်ပေးအပ်သော နိုင်ငံတကာ အသိအမှတ်ပြု Diploma နှင့် Bachelor Qualifications
+ ပြည်တွင်းပြည်ပမှ Professors၊ Lecturers နှင့် အတွေ့အကြုံရှိ စီးပွားရေး ပညာရှင်များ
+ နိုင်ငံတကာအဆင့်မှီ တက္ကသိုလ်ကျောင်းဝန်း

09 732 10001 / 09 4211 00222

အမှတ် (၁) ဈေးမြောက်လမ်း (ဦးဝိစာရအဝိုင်းအနီး)၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

September Intake!

---

## "ကုန်အမှတ်တံဆိပ်အသိပေးကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ၊ (၁၄/၅)ရပ်ကွက်၊ ဗိုးရာဇာ (၃)လမ်း၊ အမှတ် – ၈၅၅ နေ **ဒေါ်မာမာဝင်း** (၁၂/မဂဒ (နိုင်) ဝ၉၆၈၁၃)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေသည် အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်များကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ တစ်ဦးတည်းမူပိုင်ကုန်အမှတ်တံဆိပ်အဖြစ် အသုံးပြုနေပြီး (၁၀–၈–၂၀၁၅)နေ့တွင် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

Pan Myat Child Fashion

Reg. No. 10912/2015 Reg. No. 10913/2015

ဖော်ပြပါ **"Pan Myat" Child Fahion** အမှတ်တံဆိပ်များဖြင့် ကလေးဝတ်အင်္ကျီပုံစံအမျိုးမျိုး၊ ကလေးဝတ်ဝမ်းဆက်တွဲအဝတ်အထည်အမျိုးမျိုးတို့၏လည်ဂုတ်တံဆိပ်ပေါ်၌ **"Pan Myat"** ဟူသော ပန်းစာလုံးပုံစံဖြင့် အထက်ပါအဝတ်အထည်ဒီဇိုင်းအမျိုးမျိုးတို့ပေါ် ရိုက်နှိပ်ဖော်ပြရှိလည်းကောင်း၊ **"Pan Myat" Child Fahion** ဟူသော တံဆိပ်အမည်အမှတ်အသားဖြင့် အင်္ကျီအလှဆင်သည့် နှင်းဆီပွင့်ဖတ်ဒီဇိုင်းအမျိုးမျိုးကို ကလေးဝတ်အင်္ကျီပုံစံအမျိုးမျိုး၊ ကလေးဝတ်ဝမ်းဆက်တွဲအဝတ်အထည်အမျိုးမျိုးနှင့် အခြားအင်္ကျီဒီဇိုင်းအမျိုးမျိုးတို့အပေါ်တွင် ရိုက်နှိပ်၍လည်းကောင်း၊ ထိုအမှတ်တံဆိပ်ဖြင့် ထည့်သွင်းအသုံးပြုမည့် ပလတ်စတစ်အိတ်အမျိုးမျိုးစက္ကူအိတ်အမျိုးမျိုး၊ စက္ကူဘူးအမျိုးမျိုး၊ စက္ကူစာရွက်အမျိုးမျိုး၊ စက္ကူပတ်အမျိုးမျိုး တို့အပေါ်တွင် ယင်းအမည်အမှတ်အသားကို အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုး တို့ကို ပြုလုပ်ပြီးလျှင် ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍ ရန်ကုန်မြို့၊ ယုဇနပလာဇာ၊ မြေညီထပ်ရှိ ဆိုင်အမှတ် (X - 6) May Baby Fashion မှ တစ်ဦးတည်းမူပိုင်အဖြစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ချိ၊ ရောင်းချသွားမည် ဖြစ်ပါသည်။

သို့ပါ၍ မည်သူမဆို အဆိုပါကုန်အမှတ်တံဆိပ်ကို ကျွန်ုပ်တို့မိတ်ဆွေ၏တရားဝင်ခွင့်ပြုချက် တစ်စုံတစ်ရာ မရှိဘဲ အတုပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှားပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ တစ်နည်းနည်းဖြင့် တုပ ပြုလုပ်၍ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းတို့ကို ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲ အပ် ညွှန် ကြား ချက် အရ –**
**ဦးဝင်းနိုင် (မုံရွာ) (B.A (Q), R.L)** **ဒေါ်သင်းသင်းညို (LL.B, C.B.L)**
**(စဉ် – ၅၇၀၉)** **(စဉ် – ၉၇၈၆)**
**တ ရား လွှတ် တော် ရှေ့ နေ များ**
အမှတ် (၅၀)၊ ပထမထပ်၊ အခန်း (A-15)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၅၁၆၉၆၁၀

**သီတဂူရွှေပြည်ဟိန်း ဓာတ္တုဒါနဆေးရုံ စက်တင်ဘာလ၊ ၁၂-၁၃၊ (၅၁)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

ဩဂုတ်လ(၁၅)ရက် (၅၀)ကြိမ်အထိ မျက်စိဝေဒနာရှင် ဦးရေ(၆၄၃၀)ပြည့် အလင်းဒါနပြုလုပ်ပြီးဖြစ်ပါသည်။ စက်တင်ဘာလ (၁၂၊ ၁၃)ရက်တွင် ၅၁-ကြိမ်မြောက် မျက်စိခွဲစိတ် အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀/-ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတဂူ ရွှေပြည်ဟိန်း ဓာတ္တုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း ပြည်သာယာ၊ ရန်ကင်း၊ (ကျိုက္ကဆံစုပါဝင်။ တာမွေလေး။ သံလမ်းအနီး) ဖုန်း- ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉ ရွှေလိုတိုင်ကမ္ဘောဇဘဏ် အနှင်းဆောင်နိုင်ငံတော်ခရ (AccountNo.0075010070169O301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း၊ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။




## ဂျူလီယာ (JULIA)
## ပညာဒါန စက်ချုပ်သင်တန်း အမှတ်စဉ်(၁၄)
## သင်တန်းသားများခေါ်ယူခြင်း
## (အမျိုးသမီး သီးသန့်)

*အမျိုးသမီးတိုင်း လက်မှုပညာတက်မြောက်စေရန် *လက်မှုပညာဖြင့် အသက်မွေးဝမ်းကျောင်း ပြုလုပ်နိုင်ရန်၊ *မြန်မာအမျိုးသမီးများ၏ လူနေမှုဘဝအဆင့်အတန်းတိုးတက်မြင့်မားလာစေရန်ဟူသော ရည်ရွယ်ချက်(၃)ရပ်ကို အခြေခံ၍ စက်ချုပ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလိုသူများ၊ စက်ချုပ်ပညာအခြေခံ၍ ဒီဇိုင်နာဖြစ်လိုသူများ၊ မိမိစိတ်ကြိုက် ဒီဇိုင်းထွင်၍ အင်္ကျီအလှဆင်လိုသူများအတွက် စက်ချုပ်ပညာကို အခြေခံစက်နင်းမှုအစပြု၍ ထဘီ၊ ချိတ်ထဘီ၊ ဘောင်းဘီနှင့်စကပ်ဒီဇိုင်းအမျိုးမျိုး၊ အင်္ကျီဒီဇိုင်းအမျိုးမျိုး၊ ရှပ်အင်္ကျီ၊ ကုတ်အင်္ကျီနှင့်ဂါဝန်အပါအဝင် စုစုပေါင်းအမျိုး(၂၀)ကျော်ကို အချိန်တိုတိုအတွင်း ဆိုင်ဖွင့်စားနိုင်သည်အထိ အာမခံဖြင့် ဆရာမကိုယ်တိုင်ကြီးကြပ်၍ သင်ကြားပို့ချလျက်ရှိပါသည်။ စက်ချုပ်ပညာကိုစိတ်ဝင်စားသူမည်သူမဆို လူမျိုးဘာသာမရွေး တက်ရောက်နိုင်ပါသည်။

**တန်းခွဲများ**

| | | |
|---|---|---|
| တန်းခွဲ (A) | -တနင်္လာ၊ အင်္ဂါ | -ညနေ(4:00)နာရီမှ (6:00)နာရီ |
| တန်းခွဲ (B) | -ဗုဒ္ဓဟူး၊ ကြာသပတေး | -နံနက်(7:00)နာရီမှ (9:00)နာရီ |
| တန်းခွဲ (C) | -စနေ၊ တနင်္ဂနွေ | -နံနက် (7:00)နာရီမှ (9:00)နာရီ |
| တန်းခွဲ (D) | -စနေ၊ တနင်္ဂနွေ | -နံနက် (10:00)နာရီမှ (12:00)နာရီ |
| တန်းခွဲ (E) | -စနေ၊ တနင်္ဂနွေ | -မွန်းလွဲ(1:00)နာရီမှ (3:00)နာရီ |
| တန်းခွဲ (F) | -စနေ၊ တနင်္ဂနွေ | -ညနေ(4:00)နာရီမှ (6:00)နာရီ |

* တစ်ပတ်(၂)ရက်(၃)လပြတ်
* ၁-၁၀-၂၀၁၅ ရက်တွင် စတင်ဖွင့်လှစ်မည်။
* လူဦးရေကန့်သတ်ထားပါသည်။

လျှောက်ထားသူသည် လိုင်စင်ဓာတ်ပုံ(၃)ပုံနှင့် အလှူငွေ ငါးသောင်းကျပ် ထည့်ဝင်လှူဒါန်း၍ အောက်ပါလိပ်စာအတိုင်း ၃၀-၉-၂၀၁၅ရက်နောက်ဆုံးထား၍ နံနက်၈နာရီမှ ည ၈ နာရီအထိ ပိတ်ရက်မရှိ လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - အမှတ်(၁၄၄)၊ ပထမထပ်(ဝဲ)၊ (၃၇)လမ်း(အလယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
(ပန်းဆိုးတန်းလမ်းမှတ်တိုင်တွင် ဆင်းပါ။)
ဖုန်း-၀၉-၅၀၅၈၇၆၇
* သင်တန်းခွဲ၊ နေရာခွဲများ လုံးဝမရှိပါ။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့၊ မြောက်ပြည်တော်သာရပ်ကွက်ရှိ ကွင်းအမှတ်(၂၀၇၉)၊ ကျွန်းဘိုစမ်းကွင်း၊ မြေကွက်အမှတ်( ၂၅၂/၄၆၄ )ဧရိယာ (၀. ၃၉၈)ဧကရှိ မြို့မြေကွက်တည်နေရာ မြင်းခြံကားလမ်း၏ဘေး ဦးလင်းလင်း နေထိုင်ပိုင်ဆိုင်သော ဝိုင်းမြေကွက်အား မူလပိုင်ရှင် ဦးတင်လတ်ထံမှ ၂၀၀၅ခုနှစ်တွင် ဦးသန့်ဇင်ဦးမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပြီးနောက် ဦးသန့်ဇင်ဦးထံမှ ၂၀၀၆ ခုနှစ်တွင် ဦးလင်းလင်းမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားရှိသော အဆက်အစပ်စာချုပ်တင်ပြ၍ ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးတွင် နှစ်(၃၀) မြေအငှားဂရန် လျှောက်ထားမည်ဖြစ်ပါသည်။ လျှောက်ထားသူ ဦးလင်းလင်း[၉/ကပတ(နိုင်)၁၉၀၀၅၂]၏ လျှောက်ထားမှုကို ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့်(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း မြေအငှားဂရန် လျှောက်ထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးလင်းလင်း[၉/ကပတ(နိုင်)၁၉၀၀၅၂]**
**မြောက်ပြည်တော်သာရပ်၊ ကျောက်ပန်းတောင်းမြို့။**






Yangon : No.14-E, Min Nandar Road, Dawbon Township, Yangon. Ph : 551 533 Ext-116 Fax : 553 134
Nay Pyi Taw : No.2, Yarzathingaha Rd., Deckkhina Thiri Township (Hotel Zone-1), Nay Pyi Taw. Ph : 067 422 070(Ext:134,135) Fax : +067 422 073



## အမှတ်ရခြင်း

[သခင်သိန်းဖေ-အန်တီဒေါ်မြမြ] (တိုင်းသစ်ကျောင်းအုပ်ဆရာမကြီး)တို့၏သားကြီး၊ (ကိုဇော်ဝမ်း)၏အစ်ကိုကြီး၊ ဒေါ်သောင်းခင်၏တူ၊ အကယ်ဒမီငါးကြိမ်မြောက် ဆွတ်ခူးနိုင်စွမ်းခဲ့သော ဒါရိုက်တာ ဦးတင်ဦး ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းမှုဖြစ်ရပါသည်။

ငယ်စဉ်ကနေ ယနေ့ထိတိုင် သာသနာရေးကိစ္စရပ်များ အတူဆောင်ရွက်ဖူးသည့်နေ့ရက်များကို မှတ်မိသတိရနေပါသည်။ ဘုရားရှင်နိုင်ငံတော်သို့ ၎င်း၏ဝိညာဉ် တိုးတက်ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာ အခါခါပို့သပါသည်။

**ဦးတင်ရွှေ(ခ)ပန်းချီရွှေရည်မြင့် မိသားစု**

## ဦးစိုးညွန့်(ဒေါက်တာထီလာစစ်သူ) Ph.D, D.Lit

**ကဗျာစာဆိုသရဖူဘွဲ့ရ (ဂျပန်ပြည်)**

**One Thousand Geat Asians England**

ဒုတိယဝန်ကြီး(ငြိမ်း)၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ၂-၁၀-၂၀၀၉ ရက်တွင် ကွယ်လွန်သွားခဲ့သော အလှူ့ဒါယကာကြီး ဦးစိုးညွန့် (ဒေါက်တာထီလာစစ်သူ)အား (၅) နှစ် (၁၁) လပြည့် ရည်မှန်း၍ ရေတွင်းကုန်းကျောင်းတိုက်ဆရာတော်အား ဆွမ်းကပ်ခြင်း၊ အလှူငွေထည့်ခြင်း၊ ပို့ဆွမ်းများဆက်ကပ်ခြင်းစသော ကောင်းမှုဒါနအစုစုအား မိသားစုမှ ပြုလုပ်ပါသည်။ ရောက်ရှိရာဘုံဘဝမှ အေးချမ်းစွာ အနုမောဒနာ ခေါ်ဆိုနိုင်ပါစေ။

**အမျှ- အမျှ- အမျှ**

**ချစ်ဇနီး-ဒေါ်လှယဉ်ယဉ်စိုးနှင့် မိသားစု**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ဘဒ္ဒန္တပုညမထေရ်**

**သက်တော်(၅၃)နှစ်**

**သိက္ခာတော်(၃၄)ဝါ**

ဖျာပုံမြို့နယ်၊ သမိန်ထောကုန်းတန်းကျေးရွာ၊ ကုန်းတန်းတိုက်ကျောင်းကြီး၏ ဆဋ္ဌမမြောက် ဦးစီးပဓာန နာယကဆရာတော်သည် (၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်) ၁၄-၈-၂၀၁၅ ရက် (သောကြာနေ့) နံနက် ၅း၂၀ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်အား (၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁၊ ၁၂၊ ၁၃ ရက်)၊ ၁၀၊ ၁၁၊ ၁၂/၉-၂၀၁၅ အန္တိမအဂ္ဂိစျာပန သာဓုကီဠနကျင်းပပြီး (၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ရက်) (စနေနေ့)တွင် အန္တိမအဂ္ဂိစျာပန ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီး၊ ရပ်ဝေးတပည့်ဒါယကာ၊ ဒါယိကာမအပေါင်းအား အကြောင်းကြားအပ်ပါသည်။ **တပည့်ဒါယကာ၊ ဒါယိကာမများ**

**ကုန်းတန်းတိုက်ကျောင်းကြီး**

## လွမ်းဆွတ်သတိရခြင်း

မိခင် **ဒေါ်ကျင်ဟန်** (၈၈)နှစ် (ဖောင်တော်သီ) ကွယ်လွန်သည်မှာ (၂-၉-၂၀၁၅) ရက်တွင် တစ်နှစ်ပြည့်မြောက်ပါပြီ။ သမီးတို့ကတော့ အမေ့ကို နေ့စဉ်သတိရလွမ်းမပြေသေးပါ။ အမေ့ကျေးဇူးတွေကို ထာဝစဉ်အမှတ်ရနေပါတယ်။ အမေ့ကိုရည်စူးပြီး ပြုခဲ့သမျှ အလှူဒါန၊ ကုသိုလ်ကောင်းမှု အစုစုတို့ကို အမျှပေးဝေပါတယ်။

**အမေ ရောက်ရာဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ . . .**

**အမေ့ကိုချစ်တဲ့ သမီးကြီး - Dr. ခင်သီတာ**

**သမီးလတ် - ဒေါ်ခင်မာလာ (S.A.T-ငြိမ်း)**

**သမီးလေး - ဒေါ်ခင်အေးအေးမာ (U.S.A)**

**အဘွားကိုချစ်တဲ့မြေးမြစ်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးခင်မောင်ရင်**

**အသက်(၆၉)နှစ်**

**ဒု-ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း**

မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းမှ (ဒု-ဥက္ကဋ္ဌ) ဦးခင်မောင်ရင်သည် ၆-၈-၂၀၁၅ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၁၀ နာရီတွင် အမှတ်(၂) တပ်မတော်စစ်ဆေးရုံ ခုတင်(၅၀၀)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးမောင်မောင်-ဥက္ကဋ္ဌ**

**Asia Express Group of Companies**

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လစျုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

## (၁)လပြည့်လွမ်းဆွတ်သတိရခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

**ဆရာမ ဒေါ်တင်နွယ်ဦး(၆၁)နှစ်**

**နွယ်ရေ-**

မိသားစုနဲ့ခွဲခွာသွားတာ ၂-၉-၂၀၁၅ ရက်တွင် (၁)လပြည့်ခဲ့ပေမယ့် တစ်နေ့မှ မေ့မရပါ။ နွယ့်ကိုရည်စူး၍ ပြုပြုသမျှ ကုသိုလ်ကောင်းမှုအစုစုကို အမျှပေးဝေပါတယ်။ ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။ [နွယ်ကိုယ်တိုင်စီစဉ်ခဲ့တဲ့ သံဃာ(၅၀၀) အရဟံဆွမ်းလောင်းလှူရန် ၈-၉-၂၀၁၅ ရက် (အင်္ဂါနေ့)တွင် လှူဒါန်းပါမည်။]

| | | |
|---|---|---|
| **ချစ်ခင်ပွန်း** | - | **ဦးမြသိန်း(ပြည်)** |
| **ချစ်သားသမီးများ** | - | **ကိုထိုက်မင်းဦး-မအေးအေးအောင်** |
| | - | **ကိုဇေယျာဦး-မစုသန္တာသိန်း** |
| | - | **ဗိုလ်ကြီးခိုင်မင်းထွန်း-မအေးသက်မွန်** |
| **ချစ်မြေးများ** | - | **မောင်သီဟအောင်၊ မယဉ်မြတ်နိုးဦး၊ မဖြူသဒ္ဒါထွန်း၊ မောင်ခန့်ဘုန်းမြတ်အောင်** |

မိသားစု အိမ်၊ခြံ၊မြေ စက်မှုဇုန်သီးသန့်
ကုမ္ပဏီလီမိတက်
1.လှိုင်သာယာစက်မှုဇုန် (160×215)မြေသီးသန် 5500L
2.ရွှေပြည်သာစက်မှုဇုန် (1ဧက)မြေသီးသန့် 5500L
3.ရန်ကုန်စက်မှုဇုန် (5.6ဧက)မြေသီးသန့် 1ဧက-4500L
4.အရှေ့ဒဂုံစက်မှုဇုန် (2.2ဧက)မြေသီးသန့်,အုတ်ခတ် 1ဧက-3700L
5.ဝါးတရာစက်မှုဇုန် (3.5ဧက)မြေသီးသန့် 1ဧက-1750L
6.ရွှေပြည်သာစက်မှုဇုန် (2ဧက)ဂို(100×170)(80×200)500KVA 100L
7.လှိုင်သာယာစက်မှုဇုန် (1ဧက)ဂို(90×300)315KVA,ရုံးခန်း 80L
8.ရန်ကုန်စက်မှုဇုန် ဂို(80×230) 45L
9.အရှေ့ဒဂုံစက်မှုဇုန် ဂို(80×150)ပါဝါမီတာ 33L
10.အုံ့ဆိပ်ကမ်းစက်မှုဇုန် ဂို(100×100)ပါဝါမီတာ 20L
ISYကျောင်းအနီး၊ရွှေတောင်ကြား (55×70) မြေ 16000L
☎- 0973161672, 0973494343, 0973054542
မြို့နယ်စုံရှိ စက်မှုဇုန်(ရောင်း/ငှား)များကို ဆက်သွယ်အပ်နှံရန်ဖိတ်ခေါ်အပ်ပါသည်။

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်မြင့်မြင့်ရီ

**အသက်(၆၄)နှစ်**

**(ပုသိမ်)**

**(တိုးနယားပွဲရုံ၊ ဘုရင့်နောင်)**

ပုသိမ်မြို့နေ (ဦးကင်မလင်း-ဒေါ်ကျင်ရီ)တို့၏သမီး၊ အမှတ် ၄၀၊ ငပါလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးစိန်ကီ-ဒေါ်ကျင်ဘိ)တို့၏သမီးချွေးမ၊ ဦးမြင့်လွင် (တိုးနယားဆားစက်) ဒေါ်ပေ့ပေ့(ဒါရိုက်တာ၊ အာရှတော်ဝင်ဆေးရုံ)၏ အစ်မ၊ မခိုင်ဇာလွင်၊ မောင်ခင်ကို-ဒေါက်တာ ခိုင်ဆုမွန် (ခေတ္တ-England)၊ မခိုင်ယုလွင် (ခေတ္တ-USA)တို့၏ ချစ်လှစွာသောမိခင်၊ တူမနှစ်ယောက်တို့၏ ချစ်လှစွာသော အဒေါ်၊ မြေး သုံးယောက်တို့၏အဘွား ဦးသိန်းလွင် (တိုးနယားပွဲရုံ၊ ဘုရင့်နောင်) (Sr. Executive Director အာရှတော်ဝင်ဆေးရုံ)၏ ချစ်လှစွာသောဇနီးသည် ၂၉-၈-၂၀၁၅ ရက် နံနက် ၈း၀၀ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**(၁၅ လမ်းထိပ်)တော်ဝင်အထူးကုဆေးခန်းမိသားစု**

မူးယစ် ဆန့်ကျင် အောင်ပွဲဆင်

# အထူးဝမ်းနည်းကြေကွဲခြင်း

ဦးသိန်းလွင် (Sr,Executive Director-အာရှတော်ဝင်ဆေးရုံ) (တိုးနယားပွဲရုံ-ဘုရင့်နောင်)၏ ချစ်လှစွာသောဇနီး ဒေါ်မြင့်မြင့်ရီ (၆၄)နှစ် ပုသိမ်မြို့သည် ၂၉-၈-၂၀၁၅ ရက် နံနက် ၈ နာရီတွင် ရုတ်တရက်ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**အာရှတော်ဝင်ဆေးရုံ**

**အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့နှင့်**

**ဝန်ထမ်းမိသားစု**

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး**
## ဦးအောင်ကိုး(ရွှေကျင်မြို့)
**ဆည်မြောင်းဦးစီးမှူး(ငြိမ်း)**
## အသက် (၈၃)နှစ်

ရွှေကျင်မြို့၊ ရှမ်းကုန်းရပ်နေ (ဦးသိန်းမောင်-ဒေါ်မြခင်)တို့၏သားကြီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈)ရပ်ကွက်၊ နတ်မောက်(၂)လမ်း၊ အမှတ်(၁၅၄၇/က)နေ ဒေါ်သောင်းခင်၏ချစ်လှစွာသောခင်ပွန်း၊ ဒု-ရဲအုပ်ဝင်းကို (အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး)-ဒေါ်မာလာထွန်း၊ ဦးကျော်မင်းစိန်၊ ဦးသန်းထွန်းနိုင်-ဒေါ်ဥမ္မာအောင်၊ ဦးညီညီလတ်-ဒေါ်မေသန္တာအောင်၊ ကိုချစ်ကိုကို-မမေသစ္စာတို့၏မွေးသဖခင်၊ ဒေါ်ညွန့်ညွန့်စိန်၊ ဦးတင်ဌေး၊ ဒေါ်သိန်းသောင်း၊ ဒေါ်ဌေးကြည်၊ ဒေါ်ခင်ထွေးတို့၏အစ်ကိုကြီး၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၁-၉-၂၀၁၅ (အင်္ဂါနေ့) နံနက် ၈း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၁၅ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ကျိုစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၉-၂၀၁၅ (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး**
## ဒေါ်လှသန်း (၈၃)နှစ်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဦးအောင်ဇော်မင်း-ဒေါ်ခိုင်ခိုင်ရှိန် (ခိုင်ဇော်အောင်ကုမ္ပဏီ)၊ ဦးထက်ဇော်စိုး (Tony Tun Tun)၊ ဦးဝင်းထက်အောင် (Denko)၊ ကိုဝေတိုး(ခေတ္တ-စင်ကာပူ)၊ ဒေါ်ခိုင်ဇာဝင်း(ခေတ္တ-စင်ကာပူ)၊ ဦးစိုးလေး-ဒေါ်ချောချော(စိုးလေး ရှယ်ကွမ်းယာ)၊ ဦးအောင်ကိုကို (Tony Tun Tun)၊ ဦးသီဟထွန်း-ဒေါ်အေးသန္တာဦး၊ ကိုအောင်ကိုသန့်-မမွန်မွန်၊ မောင်အောင်ဇေယျဦး၊ မောင်ရဲမင်းခန့်၊ မခင်သန့်ဇင်၊ မောင်ဖွဲ့ဝေယံ၊ အေးရတနာဦး၊ မချောစုဇာသင်း၊ မဟေမာန်ဦးတို့၏အဘွား၊ မြစ်သုံးယောက်တို့၏ဘွားဘွားသည် ၃၁-၈-၂၀၁၅(တနင်္လာနေ့) နံနက် ၁၀း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၁၅(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [အမှတ်(က/၆၂၇)၊ မွှာရုံလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးမောင်ညိန်း(ငြိမ်း)
## အသက်(၈၆)နှစ်
**ကြည်း(၈၆၀၀)၊(ဆေးတပ်ဖွဲ့)**
**ဗိုလ်သင်တန်းအမှတ်စဉ်(၂၆)**
**လသာမြို့နယ်စစ်မှုထမ်းဟောင်း(နာယက)**

ပျဉ်းမနားမြို့နေ (ဦးထွန်း-ဒေါ်စိမ်းမြ)တို့၏သားလတ်၊ (ဒေါ်တင်မာရီ)၏ခင်ပွန်း၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ သိင်္ဂီလမ်းနေ ဦးမျိုးထွန်းငြိမ်း-ဒေါ်ခင်ဝါ၊ လသာမြို့နယ်၊ (၂၂)လမ်းနေ ဦးအောင်ဇင်ငြိမ်း-ဒေါ်မြင့်မြင့်ရှိန်တို့၏ဖခင်၊ မသီတာသင်းမြတ်(ခေတ္တ-စင်ကာပူ)-မောင်မင်းထိုက်စိုး(ခေတ္တ-မလေးရှား)၊ မနီလာဝင်းမြတ်-မောင်အောင်နိုင်၊ မောင်ရဲသန့်ဇင်၊ မကြည်သာဖြိုးထက်တို့၏အဘိုး၊ မယွန်းလဲ့နဒီဝင်းမြတ်အောင်၏ ဘိုးဘိုးကြီးသည် ၃၁-၈-၂၀၁၅ (တနင်္လာနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၉-၂၀၁၅ရက် နံနက် ၇နာရီမှ ၁၀နာရီထိ မြောက်ဥက္ကလာပမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း**
## ဦးဒဗလျူစံဌေး
## အသက်(၈၃)နှစ်
**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**

ရာသက်ပန်အသင်းဝင် အမှတ် (၄၅၀) ဦးဒဗလျူစံဌေးသည် ၃၀-၈-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီး ဖြစ်ပါကြောင်း အသင်းသူ၊ အသင်းသားများအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

## မရွှန်းလဲ့မှူးကျော် (၁၄)နှစ်
**G.IX-C၊ အထက-၂(ဗဟန်း)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေး၊ ဂမုန်းပွင့်ကွန်ဒို (5-C)နေ ဒေါက်တာကျော်စိုးလင်း-(ဒေါက်တာခိုင်ကြွယ်စိုး)တို့၏သမီးငယ်၊ မခြူးကေရီကျော်၏ညီမသည် ၁-၉-၂၀၁၅(အင်္ဂါနေ့) နံနက် ၅း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၁၅(ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက်၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ရှိုင်းကွန်ဒိုနေ ဦးလှိုင်မြင့်(ဒုဝန်ကြီး-ငြိမ်း၊ လယ်ယာနှင့်သစ်တောဝန်ကြီးဌာန)-(ဒေါ်နုနုအုန်း)တို့၏သား၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပါရမီကွန်ဒို၊ တိုက်(F)၊ အခန်း(၅၀၄)နေ ဒေါ်သင်းသင်းနွယ်(ညွှန်ကြားရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန)၏ခင်ပွန်း ဦးအောင်ဇင် (မြန်မာ့ရေနံလုပ်ငန်း-ငြိမ်း)သည် ၃၀-၈-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**လူမှုဝန်ထမ်းဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးခင်မောင်ဝင်း (၇၄)နှစ်
**ပါမောက္ခ(ငြိမ်း)၊အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)**
**ရုံးအဖွဲ့မှူး(ငြိမ်း)၊ ယဉ်ကျေးမှုဝန်ကြီးဌာန**

ယဉ်ကျေးမှုဝန်ကြီးဌာနမှ ရုံးအဖွဲ့မှူး(ငြိမ်း)၊ ပါမောက္ခ(ငြိမ်း)၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)သည် ၂၉-၈-၂၀၁၅(စနေနေ့) ညနေ ၆း၄၀နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်**
**ဝန်ကြီးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ ယဉ်ကျေးမှုဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**
## ဒေါ်သောင်းကြည် (၈၃)နှစ်
**(ငါးသိုင်းချောင်းမြို့)**

ဦးတင်မောင်လှိုင်-ဒေါ်ဖြူဖြူ (Evergreen Autos Co., Ltd)တို့၏မိခင်ဒေါ်သောင်းကြည် အသက် (၈၃) နှစ်သည် ၂၇-၈-၂၀၁၅ (ကြာသပတေးနေ့) နံနက် ၁၁း၁၅ နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရောဝတီဘဏ်လီမိတက်မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ကြည်း-၁၀၈၂၉ ဗိုလ်မှူးသူရမင်းနိုင်(ငြိမ်း) OTS (34)
## စာရေးဆရာသူရမင်းနိုင်(ဖျာပုံ) (ပျော်ဘွယ်မြို့)
## အသက်(၇၄)နှစ်

ပျော်ဘွယ်မြို့နေ ဒေါ်ညွန့်ညွန့်စိန်၏ချစ်လှစွာသောခင်ပွန်း၊ စစ်တက္ကသိုလ်လေ့ကျင့်ရေးဌာန၌ ၁၉၆၅ ခုနှစ်မှ ၁၉၆၉ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော ဆရာဗိုလ်မှူးသူရမင်းနိုင်(ငြိမ်း)သည် ၃၁-၈-၂၀၁၅ရက် နံနက် ၅နာရီတွင် နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ချယ်ရီရိပ်ဖောင်ဒေးရှင်း**

## အနိစ္စ

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး**
## ဒေါ်သိန်းညွန့် (၉၅)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၂၈)၊ (၉)လမ်းနေ (ဦးဝေါင်ဂျန်ဖန်)၏ဇနီး၊ ဒေါ်ခင်၊ ဦးသိန်းဝင်း၊ ဒေါ်တင်တင်သန်း၊ ဦးကျော်ဝင်း၊ ဒေါ်ကြည်ကြည်သန်း၊ ဒေါ်ကြင်လှိုင်တို့၏ ချစ်လှစွာသောအစ်မကြီး၊ ဒေါ်မေကြည်၊ ဒေါ်နွဲ့နွဲ့ရီ၊ ဦးကောင်းကြိုင်-ဒေါ်တင်တင်ဝင်း၊ ဒေါ်လင်းကြည်၊ ဦးထွန်းသိန်း-ဒေါ်သင်းသင်းလတ် (ခေတ္တ-ဂျပန်)တို့၏ ချစ်လှစွာသောမွေးသမိခင်ကျေးဇူးရှင်၊ မြေးသုံးယောက်တို့၏အဘွား ဒေါ်သိန်းညွန့်သည် ၃၀-၈-၂၀၁၅ (တနင်္ဂနွေနေ့) ညနေ ၄း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၁၅(ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၉-၂၀၁၅(စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အမှတ်(၂၈)၊ (၉)လမ်း၊ လမ်းမတော်မြို့နယ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ရီ(သုံးဆယ်)
## အသက်(၈၇)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သုံးဆယ်မြို့၊ ပန်းဆွဲလမ်းနေ (ဦးမြမောင်-ဒေါ်သန်း)တို့၏သမီး၊ (ဦးစောဒေါ်ငွေယုံ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ဗဟန်း (၃)လမ်း၊ အမှတ်(၄၃)နေ (ဦးမြင့်ထွေး)၏ဇနီး၊ ဦးသိန်းအောင်-ဒေါ်ကေသီ၊ ဦးလှဟန်၊ ဦးထွန်းမြတ်ဦး-ဒေါ်မြကျင်၊ ဦးစိန်လှအောင်-ဒေါ်အေးအေးမော်၊ (ဒုရဲအုပ်သန်းဆွေ)-ဒေါ်ယဉ်ယဉ်ထွေး (မစဘ-အင်းစိန်)တို့၏ ချစ်လှစွာသောမွေးသမိခင်၊ မြေး ၁၀ယောက်၊ မြစ်တစ်ယောက်တို့၏ဘွားဘွားကြီး ဒေါ်ရီသည် ၃၁-၈-၂၀၁၅(တနင်္လာနေ့) ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၁၅ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်တင်နု(သထုံ)
**ငွေစာရင်းဌာန၊ ကပရ(ငြိမ်း)**
## အသက်(၇၈)နှစ်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂) ရပ်ကွက်၊ ဦးကြင်ဥ (၂)လမ်း၊ အမှတ် (၁၀၀၀)နေ [ဦးမင်းလွင်(ကပရ-ငြိမ်း)] ၏ဇနီး၊ ကိုကျော်လွင်-မလေးသဥ္ဇာနိုင်၊ ကိုဖေသက်လွင်-မသိင်္ဂီထွန်း၊ မဇင်မာလွင်တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၃၁-၈-၂၀၁၅ (တနင်္လာနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၁၅ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၉-၂၀၁၅ ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မခိုင်ပွင့်ဖြူ(ခ)မခိုင်
## အသက်(၂၇)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဥယျာဉ်လမ်း၊ အမှတ်(၆၃)နေ (ဦးဖိုးချစ်-ဒေါ်ကြည်)၊ ဦးအုန်းငွေ-ဒေါ်ကျင်ရှိန်တို့၏မြေး၊ ဦးကျော်ရွှေ-ဒေါ်လှလှမြင့် (အလင်းသစ် အုတ်၊သဲ၊ကျောက် ရောင်းဝယ်ရေး)တို့၏ ချစ်လှစွာသောသမီး၊ မမိုးပွင့်ဖြူ၏ညီမ၊ ဗိုလ်ကြီးထက်ကို-မအေးပွင့်ဖြူတို့၏အစ်မသည် ၃၁-၈-၂၀၁၅(တနင်္လာနေ့) ညနေ ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၁၅(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ၁၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၉-၂၀၁၅ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးတိတ်ဆူး(ဘိုကလေး) (၁၀၂)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၊ အမှတ်(၄၉)၊ လေးလွှာ (ဝဲ)ခန်း၊ (၇)လမ်းနှင့် ဘိုကလေးမြို့၊ အမှတ်(၁၁)၊ ဧရာမင်းလမ်း၊ (၅)ရပ်ကွက်နေ ဦးရဲမြင့်-ဒေါ်ကောက်ပို့၊ ဦးလှကြည်၊ ဒေါ်ခင်အုန်းကြည်၊ ဦးလှမြိုင်- ဒေါ်သင်းသင်းဝင်း၊ ဦးလှဝင်း-ဒေါ်သန်းသန်းအိ၊ ဒေါ်ခင်အုန်းမြင့်၊ ဒေါ်ခင်လှမြင့်၊ ဦးရဲအောင်-ဒေးနန်းတင်တင်လေးတို့၏မွေးသဖခင်၊ မောင်ရဲနောင်၊ မပွင့်ဖြူဖြူသင်း၊ မစန္ဒီဝင်းအိအိငြိမ်း၊ မခင်နန္ဒာအောင်၊ မောင်မြတ်မင်းမောင်တို့၏ ချစ်လှစွာသောဘိုးဘိုးသည် ၃၁-၈-၂၀၁၅ (တနင်္လာနေ့) နံနက် ၇း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၁၅(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးကြီးသောင်းဒန်(ငြိမ်း) အသက်(၉၀)
**ကြည်း(၆၀၈၄)၊ ဗိုလ်သင်တန်းအမှတ်စဉ်(၅)**
**စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူး(ငြိမ်း)**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၃၀)ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်(၂၁)နေ (ဦးသိန်းဖေ-ဒေါ်ထားရင်)တို့၏သား၊ ဒေါ်ဌေးရီ၏ချစ်လှစွာ သောခင်ပွန်း၊ ဗိုလ်မှူးကြီးရဲမင်းဦး(ငြိမ်း)၊ ဦးကျော်လင်းထူး၊ ဦးအောင်မင်း-ဒေါ်သိမ့်သီရိ၊ ဦးကျော်သက်ဦး(ရွှေသံလွင်ကုမ္ပဏီ)-ဒေါ်သီတာအောင်၊ ဒေါ်အိအိခင်တို့၏ ချစ်လှစွာသောဖခင်၊ မောင်မင်းခန့်ဘုန်း၊ မဆုပြည့်ရတနာတို့၏အဘိုးသည် ၃၁-၈-၂၀၁၅ (တနင်္လာနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၉-၂၀၁၅(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကြီးမြင့်(မြိတ်) (၈၅)နှစ်
**ဒုဌာနမှူး(ငြိမ်း)၊လမ်းတံတားအင်ဂျင်နီယာဌာန၊ရန်ကုန်မြို့တော်စည်ပင်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဦးရွှေဂွန်းလမ်း၊ အမှတ်(၂၄)၊ ပ-ထပ်နေ (ဦးပေါ်ထင်-ဒေါ်ရှန်ကြည်)တို့၏သား၊ (ဦးဘိုးဝင်း-ဒေါ်အေးတင်)တို့၏သားသမက်၊ မြိတ်မြို့နေ (ဦးဘင်ချွမ်)-ဒေါ်ကင်ရီတို့၏မောင်၊ (ဦးခင်အောင်)-ဒေါ်မြကြည်၊ ရန်ကုန်မြို့နေ (ဗိုလ်မှူးဌေးအောင်-ငြိမ်း)-ဒေါ်အင်ကြူ၊ ဦးမြင့်နိုင်-(ဒေါ်မြင့်ကြူ)တို့၏အစ်ကို၊ ဒေါ်အုန်းကြည်၏ခင်ပွန်း၊ ဗိုလ်မှူးကြီးမြတ်ခိုင် (တပ်မတော်ဆေးသုတေသနတပ်)-ဒေါက်တာစန်းစန်းအေး(မောင်တင်ခိုင်)တို့၏ကျေးဇူးရှင်မွေးသဖခင်၊ မသင်းစုစုစံ(Grade-VI, ATTC)၏အဘိုးသည် ၃၁-၈-၂၀၁၅(တနင်္လာနေ့) နံနက် ၁၂း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၁၅ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၉-၂၀၁၅(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ရီ(သုံးဆယ်) (၈၇)နှစ်

ရန်ကုန်မြို့၊ မြို့မရပ်ကွက်၊ ဗဟန်း (၃)လမ်း၊ အမှတ်(၄၃)နေ (ဦးမြင့်ထွေး)၏ဇနီး၊ (ဦးအောင်ခင်)-ဒေါ်သိန်းနွဲ့တို့၏ညီမ၊ (ဦးသောင်းထွန်း-ဒေါ်လှတင်)၊ (ဦးထွန်းစိန်)-ဒေါ်ဌေးကြည်တို့၏အစ်မ၊ မအေးသီတာ၊မခင်သီတာ၊ မောင်အောင်မြတ်ငြိမ်း-မသော်တာစန်း၊ မစုမြတ်မြတ်အောင်၊ မအေးသန္တာဟန်၊ မစိုးစန္ဒာမြင့်၊ (မစဘတိုင်းရုံး)၊ မခွာညိုသွယ်၊ မောင်အောင်မင်းသူ၊ မောင်အောင်ကျော်စွာ၊ မောင်လူမော်တို့၏အဘွား၊ မယွန်းမြတ်မြတ်သော်၏ဘွားဘွားကြီး ဒေါ်ရီသည် ၃၁-၈-၂၀၁၅(တနင်္လာနေ့) ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၁၅ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**မြိတ်မြို့နယ်အသင်း(ရန်ကုန်)**
## ဦးကြီးမြင့်(မြိတ်)
## အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဦးရွှေဂွန်းလမ်း၊ အမှတ်(၂၄)၊ ပထမထပ်နေ ဒေါ်အုန်းကြည်၏ခင်ပွန်းသည် ၃၁-၈-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၁၅(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင်ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

## ဦးထွန်းထွန်းဝင်း (၅၅)နှစ်

လှိုင်သာယာမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကြယ်တာရာလမ်း၊ အမှတ်(၃၆၀/ခ)နေ ဦးကျန်ထွန်း-(ဒေါ်ငွေမြိုင်)တို့၏သားကြီး၊ ဒေါ်ခင်နွယ်ထွန်း(လူမှုဝန်ထမ်းဦးစီးဌာန၊ စစ်တွေ)၊ ဒေါ်ခင်ညိုထွန်း (ပြည်မြို့ မူ/ကြို)၊ ဒေါ်ခင်ခင်ထွန်း၊ (ဦးမောင်မောင်ထွန်း)၊ ဒေါ်စန်းစန်းခိုင် (လှိုင်သာယာ မူ/ကြို-၂)၊ ဦးအောင်သန်းထွန်း (ရေကြောင်းတတိယအင်ဂျင်နီယာ)တို့၏အစ်ကိုကြီး၊ မအေးမမ၏ဖခင်၊ ဒေါ်ချိုချိုနွယ်၏ခင်ပွန်း ဦးထွန်းထွန်းဝင်းသည် ၁-၉-၂၀၁၅ရက် နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၁၅(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၉-၂၀၁၅(တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကျော်တင့် အသက်(၈၀)
**(လှိုင်လင်/တောင်ကြီး)**
**ထွေ/အုပ်(ငြိမ်း)**
**(၁၉၇၄-၁၉၈၈)**
**ရှမ်းပြည်နယ်တရားသူကြီးနှင့်**
**ရှမ်းပြည်နယ်ကောင်စီ**
**အလုပ်အမှုဆောင်အဖွဲ့ဝင်(ငြိမ်း)**
**တောင်ကြီးအသင်းကန်တော့ခံ**

လှိုင်လင်မြို့နေ (တရားသူကြီး-ငြိမ်း၊ ဦးထွန်းစိန်)-ဒေါ်သိန်းတင်တို့၏သား၊ တောင်ကြီးမြို့နေ [(အငြိမ်းစားငွေတိုက်ဝန်ထောက်-ဦးစောနိုင်)-ဒေါ်လှထယ်] တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ နေမျိုးသူရလမ်း၊ အမှတ်(၁၂၂၉)၊ ငါးလွှာ(အေ)နေ ဒေါ်ခင်စောမြင့်၏ခင်ပွန်း၊ ဦးတင့်မိုး-ဒေါ်နွဲ့နွဲ့ဝင်း၊ (ဦးမြင့်မိုး)-ဒေါ်နီနီစိုး၊ (ဦးမြတ်မိုး)၊ (ဦးသန့်မိုး)-ဒေါ်ခင်မျိုးခက်၊ ဒေါ်မိုးဖြူဖြူထွေးတို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်သုံးယောက်တို့၏ဘိုးဘိုးကြီး ဦးကျော်တင့်သည် ၃၀-၈-၂၀၁၅ရက် ည၉း၅၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၃၁-၈-၂၀၁၅ရက်တွင် သဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်သိန်းတင် (အင်းစိန်)
## အသက်(၈၀)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဈေးကုန်းအနောက်ရပ်ကွက်၊ ဂန္ဓမာလမ်းနေ (ဦးမောင်ခ-ဒေါ်လုံး)တို့၏သမီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက်၊ တိုက်(၅၂)၊ အခန်း(၁၀)နေ ဦးမြလွင် (မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး၊ တွဲဖက်အတွင်းရေးမှူးဟောင်း)၏ဇနီး၊ ဦးအောင်မြင့်လွင် (အောင်မြေ မြန်မာစာ)-ဒေါ်သူဇာအောင်၊ ဦးသန့်ဇင်(ပဲ့နင်း၊ ဖြိုးကျော်ကျော်-၅)- ဒေါ်ဌေးဌေးလွင် (အထက-၁၊ ရွှေပြည်သာ)၊ ဗိုလ်ကြီးမြင့်သိန်း(ငြိမ်း) (မန်နေဂျာ၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း)-ဒေါ်နီနီလွင်၊ ဦးအောင်သူ-ဒေါ်မာမာလွင်၊ ဦးမြင့်သိန်း (NSSPL, Singapore)-ဒေါ်သီတာလွင်၊ ဦးတင်မိုးလွင် (ကိုမိုးမို ဘိုင်း)-ဒေါ်ရတနာဦးတို့၏မွေးသမိခင်၊ မြေးရှစ်ယောက်တို့၏အဘွား ဒေါ်သိန်းတင်သည် ၃၁-၈-၂၀၁၅ရက် နံနက် ၆း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သဂြိုဟ်ပြီးစီးပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၆-၉-၂၀၁၅ရက်တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဆရာတော်ကြီး ဘဒ္ဒန္တကိတ္တိဝရ
## သိက္ခာတော်(၄၁)ဝါ၊ သက်တော်(၈၅)နှစ်
**ရွှေပြည်သာမြို့နယ်၊ နိဗ္ဗိန္ဒကျောင်းတိုက်၊ ပဓာန နာယက**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ နိဗ္ဗိန္ဒကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီး ဘဒ္ဒန္တကိတ္တိဝရ သိက္ခာတော်(၄၁)ဝါ၊ သက်တော် (၈၅)နှစ်သည် (၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်) (တနင်္ဂနွေနေ့) ည ၁၁း၅၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်) ၃-၉-၂၀၁၅ (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ ဈာပနသဘင်ဆင်ယင်ကျင်းပပြီး ၅-၉-၂၀၁၅ (စနေနေ့) ညနေ ၃ နာရီတွင် အရိုးပြာအား လှိုင်မြစ်အတွင်း ရေမျှောပူဇော်မည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေး အကြောင်းကြားအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးထွန်းရီ(ခ)ဦးသာခွေး(ပုသိမ်)
## အသက်(၉၁)နှစ်

ပုသိမ်မြို့၊ ရကအ(၄) နယ်မြေ၊ ဥမ္မာဒန္တီလမ်း၊ အမှတ်(၈၅)နေ (ဦးဖိုးယုံ-ဒေါ်စောသာ)တို့၏သား၊ ဒေါ်ရီ၏ခင်ပွန်း၊ ဦးထွန်းထွန်း (MD. ROYAL AYAR Co., Ltd)-ဒေါ်အေးအေးသိန်း(အမက-၂၆၊ ပုသိမ်)တို့၏ဖခင်၊ ဗိုလ်ကြီးကောင်းဆက်သာ-မသက်မှူးအိမ်၊ မောင်ကောင်းဆက်သော်၊ မဆုရွှေရည်လင်းတို့၏အဘိုး ဦးထွန်းရီ(ခ)ဦးသာခွေးသည် ၁-၉-၂၀၁၅(အင်္ဂါနေ့) နံနက် ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၁၅(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ သရောင်းချောင်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်အေးမြင့်(သဲကုန်း) (၈၈)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နေ (ဦးလှိုင်-ဒေါ်သန်းရွှေ)တို့၏သမီး၊ (ဦးခိုင်-ဒေါ်သန်းမေ)တို့၏တူမ၊ ထုံးဘိုမြို့နေ (ဦးအေးမောင်-ဒေါ်ခင်ငြိမ်း)တို့၏သမီးချွေးမ၊ အမှတ်(၁၂)၊ စေတနာမွန်လမ်း၊ တောင်သူကုန်းရပ်၊ အင်းစိန်မြို့နယ်နေ (ဦးမောင်မောင်၊ ပြည်နယ်ဆိပ်ကမ်းအရာရှိ-ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဦးဘုန်းမြင့်-ဒေါက်တာခင်နွယ်မြင့်၊ ဦးတင်မောင်လတ်(ဒါရိုက်တာ-နဝရတ်ချမ်းသာကုမ္ပဏီလီမိတက်)-ဒေါ်အေးအေးမြိုင်(ဒု-ညွှန်ချုပ်-ငြိမ်း၊ မွေး/ရေဝန်ကြီးဌာန)၊ ဦးသန်းစိုး (E/O St,JOHN Co., Ltd)-ဒေါ်ရီရီမြင့်၊ ဒေါက်တာဌေးလွင်(လ/ထပါမောက္ခ Melaka Manipal Medical College၊ မလေးရှား)-ဒေါ်မြင့်မြင့်စီ၊ ဦးသော်ဇင်နွယ်-ဒေါ်ခင်ချိုမြင့်၊ ဦးကိုကိုမောင်(E/O BEUSHIP Co.,Ltd)-ဒေါ်စပယ်ကြိုင်၊ ကပ္ပတိန်ညီညီမောင် (M.V ကျိုင်းတုံ-မြန်မာကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)-ဒေါ်မို့မို့ကြည်တို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၃ယောက်တို့၏အဘွား၊ မြစ်ရှစ်ယောက်တို့၏ဘွားဘွားကြီး ဒေါ်အေးမြင့်သည် ၃၁-၈-၂၀၁၅ရက် နံနက် ၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၅(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက်၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်သီ(စစ်တွေ) (၇၉)နှစ်

စစ်တွေမြို့နေ (ဦးမောင်ကျော်)၏ဇနီး၊ ရန်ကုန်မြို့နေ ဦးကျော်ခင်ဦး-ဒေါ်မမြသန်း၊ ဦးကျော်ခင်လှ-ဒေါ်ဦးခင်ညွန့်၊ စစ်တွေမြို့နေ ဒေါ်ခင်မေကျော်-ဦးမြသာကျော်၊ ရန်ကုန်မြို့နေ ဦးကျော်ခင်စု-ဒေါ်မအေးစန်း၊ ဦးကျော်ခင်ငြိမ်း (ဦးမောက်က)၊ ဦးကျော်ခင်ထွေး-ဒေါ်ခင်ချိုချိုဝင်း၊ ဒေါ်စုစုကျော်-ဦးတင်ဦး၊ ဒေါ်ခင်ထွေးကျော်-ဦးဆန်းဝင်းတို့၏မိခင်၊ မြေး ၂၇ယောက်၊ မြစ် ၁၄ယောက်၊ တီတစ်ယောက်တို့၏ အဘောင်ရှင်သည် ၃၀-၈-၂၀၁၅(တနင်္ဂနွေနေ့) ည ၁၀း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၁၅(တနင်္လာနေ့) ညနေ ၃း၃၀နာရီတွင် စစ်တွေမြို့ အာဂိုတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
## အရာခံဗိုလ်ခင်မောင်သောင်း(ငြိမ်း) (၇၇)နှစ်
**တပ်မတော်(ရေ)**
**လူငယ်(ရေကြောင်း) နည်းပြ**

ရန်ကုန်မြို့နေ (ဦးကျော်ထွန်း-ဒေါ်ကျင်လှ)တို့၏သားကြီး၊ ဒေါ်သိန်းသိန်းမြင့် (တပ်မတော်ရေ-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ဦးသန်းလွင်-ဒေါ်ဇင်မာလွင်၊ ဦးလင်းနိုင်ဦး(အလင်းတန်းဂျာနယ်)-ဒေါ်ဝေမာမွန်၊ ဦးဇာနည်ထွဋ်-ဒေါ်အိအိစိုးနောင်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁-၉-၂၀၁၅ (အင်္ဂါနေ့) နံနက် ၁၁း၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၁၅ (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈ နာရီထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၉-၂၀၁၅ရက် နံနက် ၇နာရီမှ ၁၀နာရီထိ တိုက်သစ်(၃)၊ အခန်း(၁)၊ ဖဆပလအိမ်ရာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်ရီ(ပုသိမ်) (၆၄)နှစ်
**(တိုးနယားပွဲရုံ၊ ဘုရင့်နောင်)**

ပုသိမ်မြို့နေ (ဦးကင်မလင်း-ဒေါ်ကျင်ရီ)တို့၏သမီး၊ အမှတ်(၄၀)၊ ငုဝါလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးစိန်ကီ-ဒေါ်ကျင်ဘိ)တို့၏ သမီးချွေးမ၊ ဦးမြင့်လွင် (တိုးနယားဆားစက်)၊ ဒေါ်ပေါ့ပေါ့(ဒါရိုက်တာအာရှတော်ဝင်ဆေးရုံ)တို့၏အစ်မ၊ မခိုင်ဇာလွင်၊ မောင်ခင်ကို-ဒေါက်တာခိုင်ဆုမွန် (ခေတ္တ-England)၊ မခိုင်ယုလွင်(ခေတ္တ-USA)တို့၏ ချစ်လှစွာသောမိခင်၊ တူမ နှစ်ယောက်တို့၏ ချစ်လှစွာသောအဒေါ်၊ မြေးသုံးယောက်တို့၏အဘွား၊ ဦးသိန်းလွင် (တိုးနယားပွဲရုံ၊ ဘုရင့်နောင်) (Sr. Executive Director အာရှတော်ဝင်ဆေးရုံ)၏ ချစ်လှစွာသောဇနီးသည် ၂၉-၈-၂၀၁၅ရက် နံနက် ၈ နာရီတွင် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၁၅ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးမျိုးဝင်း(ငြိမ်း) (၅၄)နှစ်
**ကြည်း-၂၂၃၃၃၊ စည်သူ(၈၀)**
**ဦးစီးအရာရှိ(စီမံ) (ESE)(ငြိမ်း)**

မွန်ပြည်နယ်၊ ပေါင်မြို့နေ ဦးစိုးညွှန့်-(ဒေါ်ပိန်သေး)တို့၏သား၊ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နေ ဦးသာထွန်းအောင်-ဒေါ်မြသန္တာတို့၏ သားသမက်၊ နေပြည်တော်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ ပိတောက်အိမ်ရာ၊ ဇနကလမ်း၊ တိုက်(၈၂၇/၁၁)နေ ဦးစည်သူမျိုး-မမျိုးချစ်စုကျော်၊ ကျောက်ဖြူမြို့နေ ဦးမျိုးနိုင်အောင်ကျော် (မြို့နယ်လျှပ်စစ်ရုံး)တို့၏ဖခင်၊ ဒေါ်ခင်စန်းဝင်း၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ကြီးမျိုးဝင်း(ငြိမ်း)သည် ၃၀-၈-၂၀၁၅ (တနင်္ဂနွေနေ့) နံနက် ၅း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၉-၂၀၁၅(အင်္ဂါနေ့)တွင် နေပြည်တော် ခုတင်(၁၀၀၀) အအေးတိုက်မှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မိဘပြည်သူများသို့ ရေဒီယိုအစီအစဉ်များမှ မိန့်ခွန်းပြောကြားမည်

**နေပြည်တော်   စက်တင်ဘာ   ၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှ တစ်ဆင့်ပြောကြားမည့် မိန့်ခွန်းအား မြန်မာ့အသံ၊ မန္တလေး FM၊ ပဒုမ္မာ FM၊ ရွှေ FM၊ ချယ်ရီ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ သဇင်အသံလွှင့်ဌာနနှင့် Yangon City FM တို့မှ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၂ရက်နှင့် ၃ရက်နေ့တို့တွင် နံနက် ၇နာရီ၊ နံနက် ၁၁နာရီ၊ ညနေ ၆နာရီနှင့် ည ၈နာရီတို့တွင် တစ်ရက်လျှင် လေးကြိမ်စီထုတ်လွှင့်သွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

## ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဗီယက်နမ်နိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော်   စက်တင်ဘာ   ၂**

၂၀၁၅ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် ကျရောက်သော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ နှစ် (၇၀)ပြည့် အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မဒမ်ငုယင်သီဇွမ်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ဗီယက်နမ်နိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော်   စက်တင်ဘာ   ၂**

၂၀၁၅ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် ကျရောက်သော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ နှစ် (၇၀) ပြည့် အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မဒမ်ငုယင်သီဇွမ်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## အာဆီယံ ယူ-၁၉ ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် စက်တင်ဘာ ၁**

လာအိုနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ ကျင်းပလျက်ရှိသည့် ၂၀၁၅ အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ၏ ဆီမီးဖိုင်နယ် ပထမပွဲစဉ်အဖြစ် ထိုင်းအသင်းနှင့် မလေးရှားအသင်းတို့သည် စက်တင်ဘာ ၂ ရက် ညနေ ၃ နာရီခွဲတွင် လည်းကောင်း၊ ဒုတိယပွဲစဉ်ကို ဗီယက်နမ်အသင်းနှင့် လာအိုအသင်းတို့သည် ညနေ ၆ နာရီခွဲတွင် လည်းကောင်း ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

၎င်းပွဲစဉ်များကို MRTV Entertainment Channel မှ တိုက်ရိုက်ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



## နိုင်ငံတကာအဆင့်မီ အချက်ပြမီးပွိုင့်စနစ်များအဖြစ် ပြောင်းလဲတပ်ဆင်မည်

ရန်ကုန်   စက်တင်ဘာ   ၁

ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ ခေတ်မမီဘဲကျန်ရှိနေသော အချက်ပြမီးပွိုင့် ၁၅၄ ခုအား နိုင်ငံတကာအဆင့်မီအချက်ပြ မီးပွိုင့်စနစ်များအဖြစ် အဆင့်မြှင့်တင်ပြောင်းလဲတပ်ဆင်နိုင်ရန်အတွက် တင်ဒါရွေးချယ်ခြင်း ကြိုတင်အစည်းအဝေး (PRETENDERING MEETING) ကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပရာ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောထွန်းအောင်မြင့်က ရန်ကုန်မြို့အတွင်းတပ်ဆင်မည့် အချက်ပြမီးပွိုင့်များကို နိုင်ငံတကာတင်ဒါစနစ်အတိုင်း ပွင့်လင်းမြင်သာစွာ စနစ်တကျရွေးချယ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

ယ ၔ နေ့

**မာတိကာ**

ကမ္ဘာမြေ ထိန်းသိမ်းစောင့်ရှောက်စို့ — စာမျက်နှာ ➤ ၂

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများ စက်တင်ဘာ ၁၄ ရက်တွင် ကပ်ထားကြေညာသွားမည် — စာမျက်နှာ ➤ ၆

သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအတွက် သီးသန့်ရန်ပုံငွေမှ ငွေကျပ် ၈၄ ဒသမ ၄၄၄ ဘီလီယံ သုံးစွဲပြီးဖြစ် — စာမျက်နှာ ➤ ၈




themirror.npt@gmail.com
www.facebook.com/themirrordaily

# ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ ပြဋ္ဌာန်း

**ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၃ ။)**
**၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်**
**(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း** ဆိုသည်မှာ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သည့် အစီအစဉ်များကို အများပြည်သူက တိုက်ရိုက်ဖမ်းယူရရှိနိုင်စေရေးအတွက် မြေပြင်အခြေစိုက် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်စက်များ၊ မြေပေါ်မြေအောက် ဆက်ကြောင်းကြိုးများ၊ ဂြိုဟ်တုများမှတစ်ဆင့် ထုတ်လွှင့်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် အင်တာနက်မှတစ်ဆင့် ထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်မှုများ အကျုံးဝင်ခြင်း မရှိစေရ၊

(ခ) **ကြော်ငြာ** ဆိုသည်မှာ အခကြေးငွေ သို့မဟုတ် အလားတူ ထောက်ပံ့မှုဖြင့် ကြော်ငြာသူအတွက် ထုတ်လွှင့်မှုအချိန်ပေးထားပြီး ဝန်ဆောင်မှုနှင့်ကုန်ပစ္စည်းများ ငှားရမ်းခြင်း၊ ဝယ်ယူခြင်း၊ အရောင်းမြှင့်တင်ခြင်း၊ အသိဉာဏ်တိုးပွားစေခြင်း သို့မဟုတ် ကြော်ငြာသူ၏ ဆန္ဒအလျောက် အခြားသောအကျိုးသက်ရောက်မှုတို့ဖြစ်စေမည့် ပြည်သူ့ထံသို့ ဖော်ပြထုတ်လွှင့်ချက်ကို ဆိုသည်။

(ဂ) **အများပြည်သူအကျိုးအတွက် အသိပေးထုတ်လွှင့်ခြင်း** ဆိုသည်မှာ အများပြည်သူ အကျိုးငှာ ပြည်သူလူထုအားအသိပေးရန် သို့မဟုတ် လိုက်ပါလုပ်ဆောင်စေရန် ရည်ရွယ်ချက်ဖြင့်ပေးပို့သည့် သတင်း၊ ကြော်ငြာ၊ ကြေညာချက်နှင့် အသိပေးနှိုးဆော်ချက်တို့ကို စီးပွားရေးအကျိုးအမြတ်မပါဘဲ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းကိုဆိုသည်။

(ဃ) **ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းလုပ်ငန်း၊ စီးပွားရေးအရထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်း၊ စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်း၊ ဌာနပိုင်ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း အစီအစဉ် ဖြန့်ဖြူးရေးဝန်ဆောင်မှုလုပ်ငန်းကို ဆိုသည်။

(င) **အများပြည်သူဝန်ဆောင်မှုရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်း** ဆိုသည်မှာ အကြောင်းအရာ ကျယ်ပြန့်များပြားခြင်း၊ အမျိုးအစားစုံလင်ခြင်း၊ လွတ်လပ်၍ အမှီအခို ကင်းရှင်းခြင်းစသည့် အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း လုပ်ငန်းဆိုင်ရာ အခြေခံမူများကို လိုက်နာဖော်ဆောင်သည့် လုပ်ငန်းကိုဆိုသည်။

(စ) **စီးပွားရေးအရထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ မြန်မာနိုင်ငံသားများက ဦးစီးဆောင်ရွက်သော သို့မဟုတ် တည်ဆဲဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံမှုဖြင့် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားအဖွဲ့အစည်းများက ဆောင်ရွက်သော စီးပွားရေးအကျိုးအမြတ်အတွက် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းနှင့် ယင်းလုပ်ငန်းနှင့် ဆက်စပ်သည့် အခြားလုပ်ငန်းများဆောင်ရွက်ခြင်းကို ဆိုသည်။

(ဆ) **စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် လူမှုအသိုက်အဝန်းအတွက် လိုအပ်သော သတင်းအချက်အလက်များကို ဖြန့်ဝေပေးရန် လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ ပြည်သူ့အခြေပြုအဖွဲ့အစည်းများ၊ ပညာရေးအဖွဲ့အစည်းများနှင့် အခြားကဏ္ဍဆိုင်ရာ အဖွဲ့အစည်းများက ဖွဲ့စည်းတည်ထောင်ပြီး စီမံခန့်ခွဲအုပ်ချုပ်နေသော အကျိုးအမြတ်ကို ရှေးရှုခြင်းမရှိသည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းကို ဆိုသည်။

(ဇ) **ဌာနပိုင်ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှု လုပ်ငန်း** ဆိုသည်မှာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တို့က ပိုင်ဆိုင်ပြီး အများပြည်သူဆိုင်ရာ သတင်းအချက်အလက်များကို တိကျမှန်ကန်စွာ ထုတ်လွှင့်ဖော်ပြပေးနိုင်ရေးအတွက် တည်ထောင်ဖွဲ့စည်းလုပ်ကိုင် ဆောင်ရွက်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းကို ဆိုသည်။

(ဈ) **ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းအစီအစဉ်ဖြန့်ဖြူးရေး ဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ ထုတ်လွှင့်သူကိုယ်တိုင် သို့မဟုတ် အခြားရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများက မြေပြင်အခြေစိုက် ရုပ်မြင်သံကြားနှင့် ရေဒီယို ထုတ်လွှင့်စက်များမှ ဖြစ်စေ၊ မြေပေါ်မြေအောက်ဆက်ကြောင်းကြိုးများမှဖြစ်စေ၊ ဂြိုဟ်တုများမှဖြစ်စေ တစ်ဆင့်ထုတ်လွှင့်သည့် ရေဒီယို၊ ရုပ်မြင်သံကြားနှင့် ကဏ္ဍစုံမီဒီယာ အစီအစဉ်များကို ကြည့်ရှုသူများထံ ဖြန့်ဖြူးပေးသည့် လိုင်စင်ခွင့်ပြုချက်ရလုပ်ငန်းကို ဆိုသည်။

(ည) **ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလှိုင်းနှုန်းစဉ် စီမံခန့်ခွဲမှု** ဆိုသည်မှာ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနက ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လုပ်ငန်းများတွင် အသုံးပြုရန်သတ်မှတ်သော လှိုင်းနှုန်းစဉ်ကိုအဖွဲ့က စီမံခန့်ခွဲခြင်းကို ဆိုသည်။

(ဋ) **လိုင်စင်** ဆိုသည်မှာ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း လိုင်စင်ကို ဆိုသည်။

(ဌ) **ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်မှုဇုန်** ဆိုသည်မှာ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်မှုတစ်ခု ရောက်ရှိနိုင်သည့် ပထဝီဝင်အနေအထားအရ အတိအကျ သတ်မှတ်ထားသော နယ်မြေကိုဆိုသည်။

(ဍ) **လုပ်ငန်းဆိုင်ရာလိုက်နာရမည့်ကျင့်ဝတ်** ဆိုသည်မှာ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်သည့်အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းပြီးနောက် ကောင်စီကပြဋ္ဌာန်းသည့် လုပ်ငန်းဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များကိုဆိုသည်။ ယင်းစကားရပ်တွင် ကျင့်ဝတ်ဆိုင်ရာ ဓလေ့ထုံးစံများ၊ ထုတ်လွှင့်သည့် အစီအစဉ်၏ စံနှုန်းသတ်မှတ်ချက်များနှင့် ကောင်စီကလိုအပ်သည်ဟု သတ်မှတ်သည့် ကဏ္ဍများဆိုင်ရာ ပြဋ္ဌာန်းချက်များပါဝင်သည်။

(ဎ) **လွတ်လပ်သည့် အစီအစဉ်ထုတ်လုပ်သူ** ဆိုသည်မှာ မည်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းနှင့်မျှ ပတ်သက်ခြင်းမရှိသည့် ရေဒီယို သို့မဟုတ် ရုပ်မြင်သံကြားအတွက် အစီအစဉ်များကို ထုတ်လုပ်သည့် ပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီကို ဆိုသည်။

(ဏ) **မူရင်းရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းပြုသူ** ဆိုသည်မှာမူရင်း အစီအစဉ်များကို ထုတ်လွှင့်သည့် အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်း၊ စီးပွားရေးအရ ထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း၊ စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း၊ ဌာနပိုင်ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းတို့ကို ဆိုသည်။

(တ) **အဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော အမျိုးသားရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့ကို ဆိုသည်။

(ထ) **ကောင်စီ** ဆိုသည်မှာ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ အကြောင်းအရာ အချက်အလက်များကို ကြီးကြပ်စောင့်ကြည့် ဆောင်ရွက်ရန် အစိုးရအာဏာပိုင်များ၊ တရားစီရင်ရေးဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်း လုပ်ကိုင်နေသူများ၏ လွှမ်းမိုးမှုမှ ကင်းဝေးပြီး ကိုယ်ပိုင် စီမံခန့်ခွဲမှုရှိသည့် ဤဥပဒေအရ ဖွဲ့စည်းသော ရုပ်မြင်သံကြားနှင့် အသံလွှင့်ကောင်စီကို ဆိုသည်။

(ဒ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပြန်ကြားရေးဝန်ကြီး ဌာနကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်နှင့် အခြေခံမူများ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနက သတ်မှတ်သော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလှိုင်းနှုန်းစဉ်ကို ဖွံ့ဖြိုးမှုဆိုင်ရာ အရင်းအမြစ်တစ်ခုအဖြစ် အသုံးချနိုင်ရေးအတွက် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်းများကို ခွဲဝေပေးရန်၊

(ခ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများနှင့် အစီအစဉ် အကြောင်းအရာများကို အများပြည်သူက ပိုမိုအသုံးပြုနိုင်စေရန်၊

(ဂ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးပြည့်မီစေရန်နှင့် ပြည်သူများအတွက် သတင်းအချက်အလက် ပြန်ကြားရေး၊ ပညာပေးရေးနှင့် ဖျော်ဖြေရေးဆိုင်ရာ လိုအပ်ချက်များကို အရည်အသွေးကောင်းသည့် စံချိန်မီရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်မှုဖြင့် ဖြည့်ဆည်းပေးရာတွင် အများ ပါဝင်ဆောင်ရွက်နိုင်သည့် စနစ်တစ်ခုကို ပံ့ပိုးပေးရန်။

၄။ မြန်မာနိုင်ငံအတွင်း ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ လုပ်ငန်းများ၏ လွတ်လပ်စွာ ထုတ်ဖော်ခွင့် ရှိမှု၊ အတတ်ပညာပိုင်းဆိုင်ရာ အရည်အသွေးပြည့်ဝမှုနှင့် လွတ်လပ်၍ အမှီအခို ကင်းရှင်းရေး၊

(ခ) အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လုပ်ငန်း၊ စီးပွားရေးအရ ထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း၊ စီးပွားဖြစ် မဟုတ်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းနှင့် ဌာနပိုင် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း များ၏ ညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊

(ဂ) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနက သတ်မှတ်သော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လှိုင်းနှုန်းစဉ်ကို အချိုးကျထိရောက်စွာ အသုံးပြုရေး၊

(ဃ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများတွင် တရားမျှတစွာယှဉ်ပြိုင်မှုနှင့် အများပြည်သူ၏ သဘောထားအမြင်များကို ဖော်ဆောင်သည့် မီဒီယာဗဟုဝါဒကို မြှင့်တင်ရေး၊

(င) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှု လုပ်ငန်းများ အတွက် လှိုင်းနှုန်းစဉ်နှင့် လိုင်စင်ခွင့်ပြုခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင် တရားမျှတခြင်း၊ ဓမ္မဓိဋ္ဌာန်ကျခြင်း၊ ခွဲခြားဆက်ဆံမှုမပြုခြင်း၊ ထိရောက်အကျိုးရှိခြင်းနှင့် ပွင့်လင်းမြင်သာမှုရှိခြင်း၊ နိုင်ငံတစ်ဝန်းလုံးတွင် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းများ ပျံ့နှံ့စွာရောက်ရှိရန် ဆောင်ရွက်ရေး။

## အခန်း (၃)
## အဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အမျိုးသားရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ဆက်သွယ်ရေးနှင့်<br>သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဥက္ကဋ္ဌ<br>ရုပ်မြင်သံကြားနှင့် အသံလွှင့်ကောင်စီ | အဖွဲ့ဝင် |
| (ဆ) | ကိုယ်စားလှယ်တစ်ဦး<br>အများပြည်သူဝန်ဆောင်မှုရုပ်မြင်သံကြားနှင့်<br>အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူး<br>ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး<br>ညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ကိုယ်စားလှယ်တစ်ဦး<br>ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း<br>ဝန်ဆောင်မှုလုပ်ငန်းရှင်များ | အဖွဲ့ဝင် |
| (ည) | ကိုယ်စားလှယ်တစ်ဦး<br>ကွန်ပျူတာပညာရှင်များအသင်း | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အတွင်းရေးမှူး |

၆။ အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ စီမံချက်နှင့် မူဝါဒများကို ကောင်စီနှင့် ညှိနှိုင်းရေးဆွဲချမှတ်ခြင်း၊

(ခ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လှိုင်းနှုန်းစဉ် စီမံခန့်ခွဲမှုဆိုင်ရာ စီမံချက်ကို ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနနှင့် ညှိနှိုင်းရေးဆွဲ ထုတ်ပြန်ခြင်း၊

(ဂ) နိုင်ငံတော်အတွင်း ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းအတွက် အသုံးပြုမည့် နှစ်စဉ် လှိုင်းနှုန်းစဉ် စီမံခန့်ခွဲမှုဆိုင်ရာ စီမံချက်ကို အများပြည်သူသို့ ထုတ်ပြန်ကြေညာခြင်း၊

(ဃ) လွတ်လပ်ပြီး ပြိုင်ဆိုင်မှုရှိသည့် ဈေးကွက်တစ်ခု ဖန်တီးရာတွင် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်မည့် မူဝါဒရေးဆွဲချမှတ်ခြင်း၊

(င) ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်မှု နည်းပညာနှင့် လုပ်ငန်းဆိုင်ရာ ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ချိရောင်းချခြင်းတို့နှင့် သက်ဆိုင်သည့် နည်းပညာဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များကို ဆောင်ရွက်ခြင်း၊

(စ) ရုပ်မြင်သံကြားနှင့် အသံဖမ်းယူခြင်းဆိုင်ရာ ဂြိုဟ်တုစလောင်းများ၊ ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်များ၊ ယင်းတို့နှင့်ဆက်စပ်သည့် ပစ္စည်းများ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်းတို့နှင့် သက်ဆိုင်သည့် လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဆ) အဖွဲ့၏ လုပ်ငန်းတာဝန်များကို ပွင့်လင်းမြင်သာ၍ အများပါဝင်နိုင်သည့် အစီအစဉ်များဖြင့် ဆောင်ရွက်ခြင်း၊

(ဇ) ဆက်သွယ်ရေးမူဝါဒကြီးကြပ်မှု မူဘောင်တွင် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းကို တစ်ဆက်တစ်စပ်တည်း ပါဝင်ဖြစ်ထွန်းလာစေရေး ညှိနှိုင်းဆောင်ရွက်ခြင်း။

## အခန်း(၄)
## ကောင်စီဖွဲ့စည်းခြင်း၊ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ

၇။ အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူသည် ကောင်စီဝင်အဖြစ် ရွေးချယ်ခံပိုင်ခွင့်ရှိသည် -

(က) အသက် ၃၅ နှစ်ထက်မငယ် ၇၀ နှစ်ထက်မကြီးသူ၊

(ခ) နိုင်ငံသားမိဘနှစ်ပါးမှမွေးဖွားသော နိုင်ငံသားဖြစ်သူ၊

(ဂ) အောက်ပါပညာရပ်ဆိုင်ရာ တစ်ရပ်ရပ်ကျွမ်းကျင်သူ ဖြစ်ရမည် -

**စာမျက်နှာ ၂ သို့**

စာမျက်နှာ ၁ မှ

(၁) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း၊
(၂) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ၊
(၃) ဥပဒေပညာ၊
(၄) စီးပွားရေးပညာ၊
(၅) သုံးစွဲသူကာကွယ်ရေးနှင့် ပြည်သူ့အခွင့်အရေး၊
(၆) ပညာရေး၊ ယဉ်ကျေးမှုနှင့် လူမှုဖွံ့ဖြိုးရေး။

၈။ အောက်ပါပုဂ္ဂိုလ်များသည် ကောင်စီဝင်အဖြစ် ရွေးချယ်ခံပိုင်ခွင့်မရှိစေရ-
(က) နိုင်ငံရေးပါတီ၏ ဝန်ထမ်း သို့မဟုတ် ရွေးချယ်ခံရာထူးတာဝန် တစ်ခုခုတွင် တာဝန်ထမ်းဆောင်နေသူ၊
(ခ) အစိုးရကဖွဲ့စည်းသည့် ကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့တွင် ပါဝင်သူ၊
(ဂ) မီဒီယာလုပ်ငန်းမှ လစာ သို့မဟုတ် ငွေကြေးအကျိုးအမြတ်တစ်စုံတစ်ရာကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရရှိနေသူ၊
(ဃ) အကျင့်စာရိတ္တပျက်ပြားမှုနှင့်စပ်လျဉ်း၍ တရားရုံးတစ်ခုခုမှ ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရသူ၊
(င) စိတ်ပေါ့သွပ်သည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့် အတိုင်း သတ်မှတ်ခြင်းခံရသူ၊
(စ) နိုင်ငံ့ဝန်ထမ်း။

၉။ ကောင်စီဝင်များအဖြစ် အမည်စာရင်းတင်သွင်းခြင်းနှင့် ရွေးချယ်ခန့်အပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်သည် လွတ်လပ်ပြီး ပွင့်လင်းမြင်သာမှုရှိရမည်။ အဆိုပါလုပ်ငန်းစဉ်တွင် ကျွမ်းကျင်အတတ်ပညာရှင်နှင့် လူမှုရေးအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်ခြင်းကို အားပေးရမည်။

၁၀။ ကောင်စီဖွဲ့စည်းရန်အတွက် နိုင်ငံတော်သမ္မတကအဆိုပြုသည့် အဖွဲ့ဝင်ခြောက်ဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကအဆိုပြုသည့် အဖွဲ့ဝင်ခြောက်ဦးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကအဆိုပြုသည့် အဖွဲ့ဝင်ခြောက်ဦး စုစုပေါင်း ၁၈ ဦးကို ပဏာမရွေးချယ်ရမည်။

၁၁။ အဖွဲ့သည် အဆိုပြုထားသည့် အဖွဲ့ဝင် ၁၈ ဦး၏ အမည်စာရင်းကို ရက်ပေါင်း ၃၀ ကြိုတင်၍ ထုတ်ပြန်ထားရမည်ဖြစ်ပြီး ယင်းတို့၏ လုပ်ရည်ကိုင်ရည်၊ အကျင့်စာရိတ္တ၊ ပညာရပ်ဆိုင်ရာကျွမ်းကျင်မှုအရည်အချင်းနှင့် စပ်လျဉ်း၍ အများပြည်သူက ဝေဖန်တုံ့ပြန်မှုပြုရန် ဖိတ်ခေါ်ရမည်။

၁၂။ နိုင်ငံတော်သမ္မတသည် အများပြည်သူ၏ ထောက်ခံမှုအများဆုံးရရှိမှုအပေါ် မူတည်၍ အဆိုပါပုဂ္ဂိုလ်များအနက်မှ ကိုးဦးကို ကောင်စီအဖွဲ့ဝင်အဖြစ် ရွေးချယ်ခန့်အပ်ရမည်။

၁၃။ ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို ကောင်စီဝင်များက လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးကောက်တင်မြှောက်ရမည်။

၁၄။ ကောင်စီ၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -
(က) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည့် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို အများပြည်သူတို့၏အကြံဉာဏ်ကို ရယူ၍ရေးဆွဲခြင်း၊
(ခ) လိုင်စင်လျှောက်ထားသူများအနက် စည်းမျဉ်းနှင့် ကိုက်ညီသင့်လျော်သူကို စိစစ်ခွင့်ပြုခြင်း၊
(ဂ) ဤဥပဒေနှင့်အညီ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ လိုက်နာရမည့်ကျင့်ဝတ်များ ရေးဆွဲပြဋ္ဌာန်းခြင်း၊
(ဃ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ ကောင်စီမှ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများကိုလည်းကောင်း ချိုးဖောက်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းကို စီမံခန့်ခွဲမှုဆိုင်ရာနည်းလမ်းဖြင့် အရေးယူဆောင်ရွက်ခြင်း၊
(င) လိုင်စင်ပါ ပြဋ္ဌာန်းချက်တစ်ခုခုကို ချိုးဖောက်မှုအတွက် သက်ဆိုင်ရာတရားရုံးသို့ အယူခံဝင်နေသည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းတစ်ခုကို သင့်တော်သည့် ကာလအထိ လိုင်စင်ခေတ္တဆိုင်းငံ့ခြင်း၊ လိုင်စင်သိမ်းယူခြင်း၊
(စ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်မှုအား မူဝါဒကြီးကြပ်ကွပ်ကဲခြင်းနှင့် ကြီးကြပ်မှုပေးခြင်းများအတွက် သင့်လျော်သည့် ကုန်ကျစရိတ်နှင့် အသုံးစရိတ်များ သတ်မှတ်ပြဋ္ဌာန်းခြင်း၊
(ဆ) အရည်အသွေးကောင်းမွန်သည့်ဝန်ဆောင်မှုများကြောင့် ပြည်သူများ၏သဘောကျနှစ်ခြိုက်မှုကိုရရှိထားသည့် အစီအစဉ်များနှင့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများကို အသိအမှတ်ပြုခြင်း၊
(ဇ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းတွင် လွတ်လပ်ပြီး တရားမျှတစွာ ယှဉ်ပြိုင်မှုရှိသည့် ဝန်းကျင်တစ်ခုဖြစ်ထွန်းလာစေရန် အဖွဲ့၊ သက်ဆိုင်ရာအစိုးရဌာနများ၊ လူမှုရေး၊ ပညာရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခြင်း၊
(ဈ) ကျွမ်းကျင်သော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပေးခြင်း၊
(ည) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပါဝင်လုပ်ဆောင်နေသူများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို ကောင်စီ၏ စည်းမျဉ်းနှင့်အညီ ဆောင်ရွက်ပေးခြင်း၊
(ဋ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းများ၏ စီးပွားရေးအရ ရှင်သန်ရပ်တည်နိုင်မှုကို အထောက်အကူပြုမည့် မျှတပြီး ကျိုးကြောင်းဆီလျော်မှုရှိသော အကျိုးခံစားခွင့်တစ်မျိုးမျိုးကို သတ်မှတ်ခြင်း၊
(ဌ) ကောင်စီဝင်များ၏ တာဝန်များကို သတ်မှတ်ခြင်း၊
(ဍ) နိုင်ငံတော်အတွင်း ဆောင်ရွက်ခွင့်ပြုမည့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း အမျိုးအစားနှင့် နေရာဒေသများကိုလည်းကောင်း၊ လုပ်ကိုင်ခွင့်ပြုမည့်ပမာဏကိုလည်းကောင်း သတ်မှတ်ခြင်း၊
(ဎ) လိုင်စင်ထုတ်ပေးခြင်း၊ သက်တမ်းတိုးခြင်းနှင့် ရုပ်သိမ်းခြင်း။

၁၅။ ကောင်စီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -
(က) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများတွင် အသုံးပြုမည့် လှိုင်းနှုန်းများနှင့်စပ်လျဉ်း၍ အဖွဲ့နှင့်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊
(ခ) ကိုယ်ပိုင်အစီအစဉ်ထုတ်လုပ်ခြင်းနှင့် ယင်းအစီအစဉ်ကို ထုတ်လွှင့်ခြင်းလုပ်ငန်း လုပ်ကိုင်လျက်ရှိသည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းများနှင့် အခြားသူများ၏အစီအစဉ်များကို ဖြန့်ဝေသည့်လုပ်ငန်းကိုသာလုပ်ကိုင်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းအစီအစဉ် ဖြန့်ဖြူးရေးဝန်ဆောင်မှု လုပ်ငန်းများအတွက် လိုင်စင်လျှောက်ထားခြင်းဆိုင်ရာ လုပ်ငန်းစဉ်နှင့် လုပ်ထုံးလုပ်နည်းများကို သီးခြားရေးဆွဲထုတ်ပြန်ခြင်း၊
(ဂ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်း၍ လုပ်ငန်းဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်နှင့်စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲထုတ်ပြန်ခြင်း၊
(ဃ) လုပ်ငန်းဆိုင်ရာလိုက်နာရမည့် ကျင့်ဝတ်နှင့်စည်းမျဉ်းစည်းကမ်းများ၊ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ၊ လိုင်စင်လျှောက်ထားစဉ်က ဖော်ပြထားသည့် အဆိုပြုချက်များနှင့် လိုင်စင်ပါသတ်မှတ်ချက်များကို လိုင်စင်ရယူထားသည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများက လေးစားလိုက်နာမှုရှိ၊ မရှိ စောင့်ကြည့်စစ်ဆေးခြင်း၊
(င) ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းတစ်ခုသည် ယင်း၏ လိုင်စင်ဆိုင်ရာသတ်မှတ်ချက်များ၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ လုပ်ငန်းဆိုင်ရာ လိုက်နာရမည့်ကျင့်ဝတ်များနှင့် အစီအစဉ်ဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များကို လေးစားလိုက်နာခြင်းမရှိဟု အများပြည်သူက တိုင်ကြားလာမှုများကို အရေးယူဖြေရှင်းဆောင်ရွက်ခြင်း၊ သီးခြားတိုင်ကြားမှုမရှိသော်လည်း အဆိုပါ စည်းကမ်းသတ်မှတ်ချက်များကို လေးစားလိုက်နာမှုမရှိကြောင်း ကောင်စီက စစ်ဆေးတွေ့ရှိပါက အရေးယူဖြေရှင်းဆောင်ရွက်ခြင်း၊
(စ) တိုင်ကြားမှုတွင် ပါဝင်ပတ်သက်သူများကိုခေါ်ယူခြင်း၊ လိုအပ်သည့် အထောက်အထားများနှင့် အချက်အလက်များကို တောင်းခံခြင်းတို့ အပါအဝင် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ခြင်း၊
(ဆ) ကောင်စီ၏လုပ်ကိုင်ဆောင်ရွက်မှုများကို မီဒီယာများတွင် အချိန်မှန် ထုတ်ပြန်ပေးခြင်း၊
(ဇ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖွဲ့အစည်းအသီးသီးနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း။

၁၆။ ကောင်စီဝင်များသည် -
(က) ကောင်စီ၏လုပ်ပိုင်ခွင့်များနှင့် လုပ်ငန်းတာဝန်များကို လွတ်လပ်ပြီး မျှတစွာဆောင်ရွက်ရမည်။
(ခ) အများပြည်သူ အကျိုးစီးပွားအတွက် ရပ်တည်ရမည်ဖြစ်ပြီး မိမိအကျိုးစီးပွားအတွက်ဖြစ်စေ၊ နိုင်ငံရေးပါတီ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအတွက်ဖြစ်စေ မိမိ၏လုပ်ပိုင်ခွင့်ကို အလွဲသုံးစားမပြုရ။

## အခန်း (၅)
## ကောင်စီ၏သက်တမ်းနှင့် တာဝန်မှရပ်စဲခြင်း

၁၇။ (က) ကောင်စီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ ငါးနှစ်ဖြစ်သည်။
(ခ) ကောင်စီဝင်များ၏သက်တမ်းသည် ကောင်စီ၏သက်တမ်းနှင့်အညီ ဖြစ်စေရမည်။
(ဂ) ကောင်စီဝင်များသည် သက်တမ်းနှစ်ကြိမ်ထက်ပို၍ ဆောင်ရွက်ခွင့် မရှိစေရ။ သို့ရာတွင် သက်တမ်းကုန်ဆုံးပြီးဖြစ်သော်လည်း လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ကောင်စီဝင်သည် ဤဥပဒေအရ ကောင်စီဝင်အသစ် ခန့်အပ်ပြီးသည့်အချိန်အထိ မိမိလုပ်ငန်းတာဝန်များကို ဆက်လက်တာဝန်ထမ်းဆောင်ရမည်။

၁၈။ နိုင်ငံတော်သမ္မတသည် ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်တစ်ဦးဦးကို အောက်ပါအကြောင်းတစ်ရပ်ရပ်နှင့်ငြိစွန်းပါက တာဝန်မှရပ်စဲနိုင်သည် -
(က) ပုဒ်မ ၇ ပါအရည်အချင်းတစ်ရပ်ရပ် ပျက်ယွင်းခြင်း သို့မဟုတ် ပုဒ်မ ၈ ပါရွေးချယ်ခံပိုင်ခွင့်မရှိသော အချက်တစ်ရပ်ရပ် ပေါ်ပေါက်ခြင်း၊
(ခ) မိမိအကျိုးစီးပွားအတွက်ဖြစ်စေ၊ နိုင်ငံရေးပါတီ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအတွက်ဖြစ်စေ လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်း၊
(ဂ) ကောင်စီဝင်အဖြစ် တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် လုံလောက်သည့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုမရှိခြင်း၊
(ဃ) အကြောင်းတစ်ခုခုဖြင့် တစ်ဆက်တည်း သုံးလထက်ပို၍ တာဝန်ထမ်းဆောင်နိုင်ခြင်း မရှိဘဲ ပျက်ကွက်ခြင်း။

၁၉။ ကောင်စီဝင်တစ်ဦးဦးသည် ရာထူးသက်တမ်းမကုန်ဆုံးမီ မိမိသဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်း နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှ နုတ်ထွက်နိုင်သည်။

၂၀။ ကောင်စီဝင်တစ်ဦးသည် ပုဒ်မ ၁၈ အရ တာဝန်မှရပ်စဲရန် ဆုံးဖြတ်ခြင်းခံရလျှင် ရှင်းလင်းချေပခွင့်ရှိသည်။

၂၁။ ရာထူးမှနုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ကောင်စီဝင်ရာထူးနေရာလစ်လပ်လျှင် ကောင်စီဝင်အသစ်ခန့်အပ် တာဝန်ပေးခြင်းနှင့်စပ်လျဉ်း၍ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လစ်လပ်သည့် ရာထူးနေရာတွင် ဖြည့်စွက်ခန့်ထားနိုင်သည်။ ထိုသို့ဖြည့်စွက်ခန့်ထားခြင်းခံရသည့်ပုဂ္ဂိုလ်၏ ရာထူးသက်တမ်းသည် မူလကောင်စီဝင်၏ ကျန်ရှိသည့် ရာထူးသက်တမ်းအတွက်သာ ဖြစ်စေရမည်။ မူလကောင်စီဝင်၏ ရာထူးသက်တမ်း အနည်းဆုံးခြောက်လ ကျန်ရှိမှသာ ဖြည့်စွက်ခန့်ထားရမည်။

## အခန်း (၆)
## ကောင်စီ၏လုပ်ငန်းစည်းမျဉ်းများ၊ ရုံးအဖွဲ့နှင့် ရန်ပုံငွေ

၂၂။ ကောင်စီသည် -
(က) လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် အစည်းအဝေးကို အနည်းဆုံး တစ်လတစ်ကြိမ် ကျင်းပရမည်။ အစည်းအဝေးကို ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။
(ခ) ဥက္ကဋ္ဌမရှိလျှင် ဒုတိယဥက္ကဋ္ဌ သို့မဟုတ် ကောင်စီဝင် အနည်းဆုံး သုံးဦးက တောင်းဆိုလျှင် အစည်းအဝေးကို ခေါ်ယူကျင်းပရမည်။
(ဂ) အစည်းအဝေးတွင် ဥက္ကဋ္ဌက သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ ဥက္ကဋ္ဌမရှိလျှင် ဒုတိယဥက္ကဋ္ဌက သဘာပတိအဖြစ်ဆောင်ရွက်ရမည်။ နှစ်ဦးစလုံးမရှိလျှင် တက်ရောက်လာသည့် ကောင်စီဝင်များမှ တစ်ဦးကို သဘာပတိအဖြစ် တင်မြှောက်ရမည်။
(ဃ) သဘာပတိအပါအဝင် အစည်းအဝေးတက်ရောက်သူ ကောင်စီဝင် ငါးဦးရှိလျှင် အစည်းအဝေးအထမြောက်သည်။

၂၃။ ကောင်စီသည် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို တက်ရောက်လာသည့် ကောင်စီဝင်များ၏ ဆန္ဒမဲပေါ်တွင်အခြေခံ၍ ဆုံးဖြတ်ရမည်။ ဆန္ဒမဲအရေအတွက် တူညီနေပါက သဘာပတိ၏မဲဖြင့်ဆုံးဖြတ်ရမည်။

၂၄။ ကောင်စီသည် သတ်မှတ်ချက်နှင့်အညီ ရုံးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

၂၅။ ကောင်စီသည် ရုံးအဖွဲ့အတွက် လိုအပ်သောဝန်ထမ်းစည်းမျဉ်းစည်းကမ်း များ၊ လစာစရိတ်နှင့် ခံစားခွင့်များကို သတ်မှတ်ပေးရမည်။

၂၆။ ရုံးအဖွဲ့သည် လုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် ကောင်စီ၏ ညွှန်ကြားချက်နှင့်အညီ ရုံးအဖွဲ့အကြီးအကဲ၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်ရမည်။

၂၇။ ကောင်စီသည် အောက်ပါရန်ပုံငွေများကို လက်ခံနိုင်သည် -
(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ ထောက်ပံ့ငွေ၊
(ခ) စေတနာအလျောက် လှူဒါန်းငွေများ၊
(ဂ) ဝန်ဆောင်မှုမှ ရငွေများ။

၂၈။ ကောင်စီ၏ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းကို ဝန်ကြီးဌာန၏ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ပါဝင်ရေးဆွဲရမည်။

၂၉။ ကောင်စီမှတင်သွင်းသည့် ကောင်စီ၏ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းကို ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့ထံတင်ပြ၍ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။ ယင်း၏ အသုံးစရိတ်များကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းထားသည့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့်အညီ သုံးစွဲရမည်။

၃၀။ (က) ကောင်စီသည် နှစ်စဉ်အစီရင်ခံစာကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ စစ်ဆေးပြီးသော စာရင်းများနှင့်အတူ အများပြည်သူအား အသိပေးရမည်။ နှစ်စဉ် အစီရင်ခံစာတွင် အောက်ဖော်ပြပါ အချက်အလက်များ ပါဝင်ရမည် -
(၁) ပြီးခဲ့သောနှစ်အတွက်ရည်မှန်းချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေနှင့် လာမည့်နှစ်အတွက် ရည်မှန်းချက်များ၊
(၂) ပုဒ်မခွဲငယ် (၁) ပါ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများ၏ အားသာချက်၊ အားနည်းချက်များ၊
(၃) နှစ်စဉ်ဝင်ငွေနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးချက်အကျဉ်းချုပ်နှင့် ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ သတင်းအချက်အလက်များ၊
(၄) လာမည့်နှစ်အတွက် ရသုံးခန့်မှန်းခြေငွေစာရင်း၊
(၅) အများပြည်သူထံမှ တိုင်ကြားချက်များ၊ အကြံပြုချက်များ၊ အရေးယူဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သော အချက်အလက်များ။
(ခ) ကောင်စီသည် နှစ်စဉ်အစီရင်ခံစာကို နိုင်ငံတော်သမ္မတထံ အစီရင်ခံတင်ပြရမည်။

## အခန်း (၇)
## လိုင်စင်

၃၁။ (က) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်လိုသူသည်-
(၁) သက်ဆိုင်ရာလုပ်ငန်းကို စတင်လုပ်ကိုင်ခြင်းမပြုမီ လိုင်စင်ရရှိရန် သတ်မှတ်ချက်နှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။
(၂) အဖွဲ့အစည်းဖြစ်ပါက ယင်းအဖွဲ့အစည်းကို ကိုယ်စားပြုသူက လျှောက်ထားနိုင်သည်။
(ခ) လျှောက်ထားသူသည် အောက်ပါစာရွက်စာတမ်းများကို တင်သွင်းလျှောက်ထားရမည် -
(၁) လုပ်ငန်းအမည်နှင့် လုပ်ငန်းမှတ်ပုံတင်လက်မှတ်၊
(၂) အသေးစိတ်အချက်အလက်များပါဝင်သည့် လုပ်ငန်းစီမံချက်၊
(၃) နည်းပညာပိုင်းဆိုင်ရာ အသေးစိတ်စီမံချက်၊
(၄) အစီအစဉ်တင်ဆက်မှု စီမံချက်၊
(၅) ကောင်စီက သတ်မှတ်ထားသည့် လိုအပ်ချက်များ။

၃၂။ လိုင်စင်ရရှိပြီးနောက် သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသည့် နေ့ရက်မှစ၍ တစ်နှစ်အတွင်း ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ စတင်ဆောင်ရွက်ရမည်။

၃၃။ လိုင်စင်ကို အခြားသူ သို့မဟုတ် အခြားအဖွဲ့အစည်းသို့ လွှဲပြောင်းပေးလိုပါက ကောင်စီ၏ သဘောတူခွင့်ပြုချက်ကို ကြိုတင်ရယူပြီးမှသာ ဆောင်ရွက်နိုင်သည်။

စာမျက်နှာ ၃ သို့

စာမျက်နှာ ၂ မှ

၃၄။ ကောင်စီသည် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ မူဝါဒ၊ သက်ဆိုင်ရာ လုပ်ငန်းများ၏ အကျိုးအမြတ်နှင့် ဈေးကွက်အခြေအနေတို့ကိုအခြေခံပြီး ပြည်သူလူထုအကျိုးစီးပွားအတွက် လိုင်စင်ချထားပေးရာတွင် အောက်ပါမူဝါဒအတိုင်း ဆောင်ရွက်ရမည် -

(က) လူဦးရေသိပ်သည်းမှုများပြားသောဒေသများ၌ စီးပွားရေးအရ ထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဈေးပြိုင်စနစ်ကျင့်သုံးခြင်း၊

(ခ) လူဦးရေသိပ်သည်းမှုနည်းပါးသောဒေသများ သို့မဟုတ် သက်ဆိုင်ရာ လူမှုအသိုက်အဝန်းအတွက် ရည်ရွယ်သည့် စီးပွားဖြစ်မဟုတ်သည့် လိုင်စင်လျှောက်ထားခြင်းကို စိစစ်ခွင့်ပြုခြင်း၊

(ဂ) သက်ဆိုင်ရာလိုင်စင်နှင့် သက်ဆိုင်သော ကိစ္စရပ်များကိုအခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်း။

၃၅။ (က) ကောင်စီသည် လိုင်စင်လျှောက်ထားမှုနှင့်စပ်လျဉ်း၍ အောက်ပါသတ်မှတ်ချက်များကို ထည့်သွင်းစဉ်းစားမည် -

(၁) ဘဏ္ဍာရေး ဖြစ်နိုင်ခြေရှိမှုနှင့် စီးပွားရေးဆိုင်ရာ အလားအလာများ၊

(၂) နည်းပညာပိုင်းဖြစ်နိုင်ခြေရှိမှု၊

(၃) လျှောက်ထားသူ၏ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းနှင့် ယင်းနှင့်ဆက်စပ်သည့် လုပ်ငန်းနယ်ပယ်ဆိုင်ရာ အတွေ့အကြုံ၊

(၄) မြန်မာနိုင်ငံတွင် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုနိုင်မည့် အလားအလာကို ဖော်ညွှန်းပေးနိုင်မှု၊

(၅) အစီအစဉ်များ၏ အရည်အသွေးမြင့်မားတိုးတက်လာစေရန်နှင့် အကြောင်းအရာပိုင်းဆိုင်ရာ မတူကွဲပြားမှုများကို တင်ဆက်နိုင်ရေးအကျိုးပြုနိုင်မည့် အလားအလာအားဖော်ညွှန်းပေးနိုင်မှု၊

(၆) မီဒီယာလုပ်ငန်းများ ပိုင်ဆိုင်မှုအရေအတွက်၊ ပိုင်ဆိုင်မှုပုံသဏ္ဌာန်နှင့်အနေအထား၊

(၇) မီဒီယာလုပ်ငန်းပိုင်ဆိုင်မှုတွင် အများပြည်သူ၏သဘောထားအမြင်များကို ဖော်ဆောင်သည့် မီဒီယာဗဟုဝါဒနှင့် မတူကွဲပြားမှုများကို ခိုင်မာအားကောင်းလာစေသည့် အားထုတ်ကြိုးပမ်းမှု၊

(၈) ကောင်စီက အခါအားလျော်စွာ ထုတ်ပြန်သည့် အခြားသတ်မှတ်ချက်များ။

(ခ) လိုင်စင်လျှောက်ထားစဉ်က ပါဝင်သည့် နည်းပညာပိုင်းဆိုင်ရာ အဆိုပြုချက်များနှင့် အစီအစဉ်ပိုင်းဆိုင်ရာ အဆိုပြုချက်များကို ပြောင်းလဲခြင်းမပြုရ။

၃၆။ ကောင်စီသည် ပုဒ်မ ၃၁ အရ လိုင်စင်လျှောက်ထားချက်ကို ရရှိသည့်အခါ ပုဒ်မ ၃၅ ပါ သတ်မှတ်ချက်များနှင့်အညီစိစစ်၍ လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၃၇။ ကောင်စီသည် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူများထံမှ ကောက်ခံရရှိသော လိုင်စင်ကြေးများကိုဝန်ကြီးဌာန၏ ငွေစာရင်းမှတစ်ဆင့် ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေသို့ ပေးသွင်းရမည်။

၃၈။ လိုင်စင်များ၏ သက်တမ်းမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်း

(၁) ရေဒီယိုအသံထုတ်လွှင့်ခြင်း လုပ်ငန်းလိုင်စင် ခုနစ်နှစ်၊

(၂) ရုပ်မြင်သံကြား ထုတ်လွှင့်ခြင်း လုပ်ငန်းလိုင်စင် ၁၀ နှစ်။

(ခ) စီးပွားရေးအရထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း

(၁) ရေဒီယိုအသံထုတ်လွှင့်ခြင်း လုပ်ငန်းလိုင်စင် ခုနစ်နှစ်၊

(၂) ရုပ်မြင်သံကြား ထုတ်လွှင့်ခြင်း လုပ်ငန်းလိုင်စင် ၁၀ နှစ်။

(ဂ) စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း

(၁) ရေဒီယိုအသံထုတ်လွှင့်ခြင်း လုပ်ငန်းလိုင်စင် ခုနစ်နှစ်၊

(၂) ရုပ်မြင်သံကြား ထုတ်လွှင့်ခြင်း လုပ်ငန်းလိုင်စင် ၁၀ နှစ်။

(ဃ) ဌာနပိုင်ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း

(၁) ရေဒီယိုအသံထုတ်လွှင့်ခြင်း လုပ်ငန်းလိုင်စင် ခုနစ်နှစ်၊

(၂) ရုပ်မြင်သံကြားထုတ်လွှင့်ခြင်း လုပ်ငန်းလိုင်စင် ၁၀ နှစ်။

(င) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းအစီအစဉ်ဖြန့်ဖြူးရေး ဝန်ဆောင်မှုလုပ်ငန်း လုပ်ငန်းလိုင်စင် ၁၅ နှစ်။

၃၉။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းလိုင်စင် ရရှိထားသူသည် လိုင်စင်သက်တမ်းတိုးမြှင့်နိုင်ရေးအတွက် လိုင်စင်သက်တမ်းကုန်ဆုံးသည့်နေ့မှ ၄၅ ရက်အတွင်း သက်တမ်းတိုးပေးရန် ကောင်စီသို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

၄၀။ ကောင်စီသည် လိုင်စင်သက်တမ်းတိုးပေးရန် လျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ လိုင်စင်သက်တမ်းကာလအတွင်း အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်းတွေ့ရှိပါက သက်တမ်းတိုးပေးရန် ငြင်းပယ်နိုင်သည်-

(က) ဤဥပဒေနှင့် နည်းဥပဒေများပါပြဋ္ဌာန်းချက်များကို လည်းကောင်း၊ ကောင်စီ၏ မူဝါဒ၊ စည်းမျဉ်းစည်းကမ်းများနှင့် လိုင်စင်ပါ စည်းကမ်းချက်များကိုလည်းကောင်း ဖောက်ဖျက်ခြင်း၊

(ခ) လိုင်စင်သက်တမ်းအတွင်း တစ်နည်းနည်းဖြင့် မသမာမှုတစ်ခုခုကို ကျူးလွန်ကြောင်း တွေ့ရှိရခြင်း၊

(ဂ) လိုင်စင်သက်တမ်း တိုးပေးရန်မသင့်သည့် အများပြည်သူ အကျိုးစီးပွားနှင့်ဆန့်ကျင်သော အကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်ခြင်း။

၄၁။ ကောင်စီသည် -

(က) ပုဒ်မ ၄၀ ပါအကြောင်းတစ်ရပ်ရပ်နှင့် ငြိစွန်းခြင်းမရှိပါက လိုင်စင်သက်တမ်းတိုးပေးရန် ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ သက်တမ်းတိုးပေးရာတွင် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားနိုင်သည်။ လိုင်စင်သက်တမ်းအတွင်း -

(၁) တင်ဆက်သော အစီအစဉ်များ၏ အရည်အသွေးမြင့်မားမှု၊ အမျိုးအစားစုံလင်မှုနှင့် ကွဲပြားခြားနားမှု၊

(၂) နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် တာဝန်သိစိတ်ဖြင့် ဆောင်ရွက်နိုင်မှု၊

(၃) မီဒီယာလုပ်ငန်း ပိုင်ဆိုင်မှုတွင် အများပြည်သူ၏ သဘောထားအမြင်များကို ဖော်ဆောင်သည့် မီဒီယာဗဟုဝါဒနှင့် မတူကွဲပြားခြားနားသည့် မီဒီယာအမျိုးအစားများအပေါ်တွင် အကျိုးသက်ရောက်မှု။

၄၂။ ကောင်စီသည် အောက်ပါအခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်ပါက လိုင်စင်ကို ရုပ်သိမ်းနိုင်သည် -

(က) လိုင်စင်ရရှိပြီး နေ့ရက်မှစတင်၍ တစ်နှစ်အတွင်း ပုံမှန်ထုတ်လွှင့်နိုင်မှုမရှိခြင်း၊

(ခ) ကောင်စီ၏ ခွင့်ပြုချက်မရရှိဘဲ သုံးလထက်ကျော်လွန်၍ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းကို ဆိုင်းငံ့ထားခြင်း သို့မဟုတ် ရပ်ဆိုင်းထားခြင်း၊

(ဂ) ကောင်စီ၏ ကြိုတင်ခွင့်ပြုချက်မရှိဘဲ လိုင်စင်ကို အခြားပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသို့ လွှဲပြောင်းပေးခြင်း၊

(ဃ) ခွဲဝေသတ်မှတ်ပေးထားသည့် ရေဒီယိုလှိုင်းနှုန်းစဉ်များနှင့် လွှမ်းခြုံထုတ်လွှင့်ရမည့် ဧရိယာများ၊ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း နည်းပညာနှင့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာပစ္စည်းများအတွက် စက်မှုပိုင်းဆိုင်ရာ အခြေခံလိုအပ်ချက်များ၊ အစီအစဉ်ပိုင်းဆိုင်ရာ စံချိန်စံညွှန်းများ၊ အခန်း(၉) ပါပြဋ္ဌာန်းချက်များနှင့် ဤဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဖောက်ဖျက်ခြင်း။

၄၃။ လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် သတ်မှတ်ရက်အတွင်း သက်တမ်းတိုးမြှင့်ရေးအတွက် လျှောက်ထားရန် ပျက်ကွက်ပါက ကောင်စီက သက်ဆိုင်ရာ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့်ကို ရပ်စဲနိုင်သည်။

၄၄။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းသည် သက်ဆိုင်ရာထုတ်လွှင့်မှုကို ၁၂ လ တစ်ဆက်တည်း ဆိုင်းငံ့ထားခြင်း သို့မဟုတ် လုပ်ငန်းကို ရပ်ဆိုင်းထားခြင်းပြုလျှင် လိုင်စင်သည် အလိုအလျောက် ပျက်ပြယ်သည်။

၄၅။ ကောင်စီသည် -

(က) အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း၊ စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းနှင့် ဌာနပိုင် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းတို့၏လိုင်စင်ကြေးကို သီးခြားသတ်မှတ်ပေးရမည်။

(ခ) စီးပွားရေးအရထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းနှင့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း အစီအစဉ်ဖြန့်ဖြူးရေးဝန်ဆောင်မှုလုပ်ငန်းတို့၏ လိုင်စင်ကြေးကို အဖွဲ့၏ သဘောတူညီချက်အရ သီးခြားသတ်မှတ်ပေးရမည်။

## အခန်း(၈)

## ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းများ

### အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်း

၄၆။ အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းသည် ပြည်သူအတွက်ဖြစ်ပြီး ပြည်သူက ကြီးကြပ်ကွပ်ကဲခြင်းပြုသည့် လုပ်ငန်းဖြစ်သည်။ ယင်းသည် နိုင်ငံရေးအရ စွက်ဖက်မှုနှင့် စီးပွားရေးအင်အားစုများ၏ ဖိအားမှ ကင်းလွတ်သည့် လုပ်ငန်းဖြစ်ရမည်။ အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းမှတစ်ဆင့် နိုင်ငံသားများအား ပြန်ကြားပေးခြင်း၊ ပညာပေးခြင်းနှင့် ဖျော်ဖြေပေးခြင်းတို့ကို ဆောင်ရွက်ရမည်။

### စီးပွားရေးအရထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ

၄၇။ စီးပွားရေးအရ ထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများတွင် စီမံခန့်ခွဲမှုဆိုင်ရာနှင့် ကျွမ်းကျင်မှုဆိုင်ရာ လိုအပ်သောရာထူးများအတွက် နိုင်ငံခြားသားပညာရှင်များကို ကောင်စီ၏ခွင့်ပြုချက်ဖြင့် ငှားရမ်းအသုံးပြုနိုင်သည်။

၄၈။ စီးပွားရေးအရထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများကို တရားဝင်မှတ်ပုံတင်ထားသည့် မြန်မာနိုင်ငံသားများက မတည်ရင်းနှီးခွင့်နှင့် ပိုင်ဆိုင်ခွင့်ရှိပြီး စုစုပေါင်းမတည်ရင်းနှီးငွေ၏ ၁၀ ရာခိုင်နှုန်းထက်မပိုသော ရင်းနှီးမြှုပ်နှံမှုဖြင့် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားအဖွဲ့အစည်းများ၏ ရင်းနှီးမြှုပ်နှံမှုကိုလည်း ခွင့်ပြုနိုင်သည်။

၄၉။ လိုင်စင်လျှောက်ထားသည့်အခါ လျှောက်ထားသူများသည် ယင်းအဖွဲ့အစည်း၏ ပိုင်ဆိုင်မှုပုံသဏ္ဌာန်နှင့် အနေအထားကို ကောင်စီနှင့် အများပြည်သူထံသို့ လူထုဆက်သွယ်ရေး မီဒီယာများမှတစ်ဆင့် တင်ပြရမည်။ လိုင်စင်ခွင့်ပြုချက်ရရှိပြီးနောက် ပိုင်ဆိုင်မှုအနေအထား ငါးရာခိုင်နှုန်း ပြောင်းလဲမှုရှိသည့်အခါတိုင်း ကောင်စီသို့ တင်ပြရမည်။

၅၀။ စီးပွားရေးအရထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းတွင် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အနေဖြင့်ဖြစ်စေ၊ စီးပွားရေးအဖွဲ့အစည်းတစ်ခုအနေဖြင့်ဖြစ်စေ ဆောင်ရွက်မည်ဆိုပါက သတ်မှတ်ထားသည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်မှုဇုန်တစ်ခုအတွင်း ရုပ်မြင်သံကြား ထုတ်လွှင့်ခြင်းလုပ်ငန်းနှင့် ရေဒီယိုအသံထုတ်လွှင့်ခြင်းလုပ်ငန်း တစ်ခုစီထက်ပို၍ ပိုင်ဆိုင်ခွင့်မပြု။ သို့ရာတွင် ဤပြဋ္ဌာန်းချက်သည် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း အစီအစဉ်များ၊ ဖြန့်ဖြူးရေးဝန်ဆောင်မှုလုပ်ငန်းနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများကို ပူးတွဲလုပ်ဆောင်ခြင်းနှင့် မသက်ဆိုင်စေရ။

၅၁။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်မှုဇုန်တစ်ခုတွင် ပုဂ္ဂလိကသတင်းစာလုပ်ငန်းကိုဖြစ်စေ၊ ပုဂ္ဂလိကရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းကိုဖြစ်စေ ပူးတွဲပိုင်ဆိုင်ခြင်းနှင့်စပ်လျဉ်း၍ လုပ်ငန်းတစ်ခုကို ရာနှုန်းပြည့်ပိုင်ဆိုင်ထားပါက အခြားလုပ်ငန်းတစ်ခုကို ၃၀ ရာခိုင်နှုန်းထက်ပို၍ ခွင့်မပြုရ။

၅၂။ ပုဒ်မ ၅၀ နှင့် ပုဒ်မ ၅၁ တွင် ဖော်ပြထားသည့် မီဒီယာဈေးကွက်ရှာခြင်းနှင့် ပူးတွဲပိုင်ဆိုင်မှု ကန့်သတ်ထိန်းချုပ်ခြင်းများနှင့်စပ်လျဉ်း၍ လိုအပ်သည့် လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များကို ကောင်စီက ရေးဆွဲထုတ်ပြန်ရမည်။

၅၃။ စီးပွားရေးအရထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများသည် အောက်ပါလုပ်ငန်းများမှ ဝင်ငွေနှင့်ထောက်ပံ့မှုများကို လက်ခံနိုင်သည် -

(က) စီးပွားရေးဆိုင်ရာ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ၊

(ခ) စီးပွားရေးဆိုင်ရာ ထောက်ပံ့မှုများ၊

(ဂ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းနှင့် ဆက်နွယ်သော အခြားလုပ်ငန်းများ။

၅၄။ ဘဏ္ဍာရေးနှစ် တစ်နှစ်ကုန်ဆုံးသည့်အခါတိုင်း စီးပွားရေးအရထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများသည် နှစ်ချုပ်အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေး အစီရင်ခံစာတို့ကို ကောင်စီက သတ်မှတ်ထားသည့် ပုံစံအတိုင်း တင်သွင်းရမည်။ ကောင်စီသည် ယင်းနှစ်ချုပ်ဘဏ္ဍာရေး အစီရင်ခံစာကို လျှို့ဝှက်အဆင့် သတ်မှတ်သိမ်းဆည်းထားရမည်။ အစီရင်ခံစာတွင် အောက်ပါအချက်များပါဝင်ရမည် -

(က) ဈေးကွက်အခြေအနေ၊ ရှယ်ယာဝင်များ၏ အမည်စာရင်း၊ အမြတ်ဝေစုခွဲဝေမှုရာခိုင်နှုန်း၊ လုပ်ငန်းလည်ပတ်မှု ရလဒ်များစသည်တို့ အပါအဝင် လုပ်ငန်းလည်ပတ်မှုနှင့် ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များ၊

(ခ) ဒါရိုက်တာအဖွဲ့ဝင်များနှင့် အမှုဆောင်အရာရှိများ ပေါင်းစပ်ဖွဲ့စည်းမှု၊

(ဂ) ကုမ္ပဏီဖွဲ့စည်းအုပ်ချုပ်ပုံစနစ်၊

(ဃ) အထောက်အထားများ၊ အစီအစဉ်ဇယားများ၊

(င) ကောင်စီမှ လိုအပ်သည့် အခြားသတင်းအချက်အလက်များ။

### စီးပွားဖြစ်မဟုတ်သည့်ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းများ

၅၅။ စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းများသည် အောက်ပါအချက်များကို အခြေခံ၍ဆောင်ရွက်ရမည်-

(က) ယင်းလုပ်ငန်းသည် နိုင်ငံရေးနှင့် စီးပွားရေးအကျိုးအမြတ်အတွက် ဆောင်ရွက်သည့် လုပ်ငန်းမဟုတ်သည့်အပြင် နိုင်ငံရေးနှင့် စီးပွားရေး အကျိုးအမြတ် တစ်ခုခုအတွက် လုပ်ငန်းဆောင်ရွက်သည့် အဖွဲ့အစည်းတစ်ခု၏ အစိတ်အပိုင်းလည်း မဖြစ်စေရ။

(ခ) အဓိကဦးတည်ချက်သည် သက်ဆိုင်ရာ လူမှုအသိုက်အဝန်းများအတွက် ပြန်ကြားရေး၊ ပညာပေးရေးနှင့် ဖျော်ဖြေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်ဖြစ်သည်။

(ဂ) ယင်းလုပ်ငန်းသည် သက်ဆိုင်ရာ လူမှုအသိုက်အဝန်းနှင့် ဆက်စပ်မှုရှိကြောင်း ကောင်စီက ကျေနပ်လက်ခံနိုင်စေမည့် လုံလောက်သည့် အထောက်အထားကို ပြသရမည်။

၅၆။ ကောင်စီသည် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများအတွက် သတ်မှတ်ခွဲဝေပေးထားသည့် လှိုင်းနှုန်း၏အနည်းဆုံး ၂၀ ရာခိုင်နှုန်းကို စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းများအတွက် လျာထားရမည်။

၅၇။ ကောင်စီသည် စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ ထူထောင်ရေးအတွက် အားပေးရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်ရန် ရိုးရှင်းလွယ်ကူသည့် လိုင်စင်ဆိုင်ရာ မူဝါဒနှင့်လုပ်ထုံးလုပ်နည်းများကို ရေးဆွဲထုတ်ပြန်ရမည်။

၅၈။ စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများသည် အောက်ပါတို့ကို လက်ခံနိုင်သည် -

(က) သက်ဆိုင်ရာ ဒေသခံများ၏ စေတနာအလျောက် ထည့်ဝင်လှူဒါန်းငွေများ၊

(ခ) ပြည်တွင်းပြည်ပမှ ပူးပေါင်းဆောင်ရွက်သူများ၏ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ကြိုတင်ပြဋ္ဌာန်းချက်များမပါဝင်သော စေတနာအလျောက် လှူဒါန်းမှုများ၊

(ဂ) ဒေသဆိုင်ရာကြော်ငြာများမှ ရရှိသောဝင်ငွေများ၊

(ဃ) ထုတ်ကုန်ပစ္စည်းများ ရောင်းချခြင်းမှရရှိသော အမြတ်အစွန်းများ၊

(င) ယင်းတို့၏လုပ်ငန်းနှင့် သက်ဆိုင်၍ ဥပဒေနှင့်အညီရရှိသော ဝင်ငွေများ။

၅၉။ စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းများသည် ဘဏ္ဍာရေးနှစ် တစ်နှစ်ကုန်ဆုံးတိုင်း နှစ်ချုပ်ဘဏ္ဍာရေးအစီရင်ခံစာများကို ကောင်စီသို့ တင်သွင်းရမည်။

၆၀။ စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းများသည် သက်ဆိုင်ရာ လူမှုအသိုက်အဝန်း၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်မည့် အစီအစဉ်များနှင့် မူဝါဒများကို ဆွေးနွေးညှိနှိုင်းရန်၊ အခက်အခဲများ၊ ပြဿနာများနှင့် ယင်းတို့ကို ကိုင်တွယ်ဖြေရှင်းနည်းများကို စုပေါင်းညှိနှိုင်းသုံးသပ်ရန်နှင့် ဘဏ္ဍာရေးအခြေအနေအပါအဝင် လုပ်ငန်းဆောင်ရွက်ပြီးမြောက်မှု အစီရင်ခံစာများကို တင်ပြနိုင်ရန်၊ အဆိုပါလူမှုအသိုက်အဝန်းတွင် ပါဝင်သူများ၊ ကိုယ်စားလှယ်များ စုံညီပါဝင်သော အစည်းအဝေးပွဲများကို အနည်းဆုံးတစ်နှစ်တစ်ကြိမ် ပုံမှန်ကျင်းပပေးရမည်။

စာမျက်နှာ ၄ သို့

ဥပဒေ

စာမျက်နှာ ၃ မှ

**ဌာနပိုင်ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းများ**

၆၁။ ဌာနပိုင်ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများသည် အောက်ပါတို့မှ ဝင်ငွေကိုလက်ခံနိုင်သည် -

(က) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ၊

(ခ) ကြော်ငြာခရငွေ၊

(ဂ) ထုတ်ကုန်ပစ္စည်းများ ရောင်းချခြင်းမှရရှိသော ဝင်ငွေ။

၆၂။ ဌာနပိုင်ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများအားလုံးသည် နှစ်ချုပ် အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးအစီရင်ခံစာတို့ကို ကောင်စီသို့တင်သွင်းရမည်ဖြစ်သည်။ ကောင်စီသည် နှစ်ချုပ်ဘဏ္ဍာရေး အစီရင်ခံစာကို လျှို့ဝှက်အဆင့်သတ်မှတ် သိမ်းဆည်းထားရမည်။ ယင်းအစီရင်ခံစာ၌ ပုဒ်မ ၅၄ တွင် ဖော်ပြထားသည့် ကဏ္ဍများနှင့်စပ်လျဉ်းသည့် အချက်အလက်များ ပါဝင်ရမည်။

**ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းအစီအစဉ် ဖြန့်ဖြူးရေး ဝန်ဆောင်မှုလုပ်ငန်းများ**

၆၃။ (က) မူရင်းရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းပြုသူများမှ ထုတ်လုပ်ပြီး ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းအစီအစဉ် ဖြန့်ဖြူးရေး ဝန်ဆောင်မှုလုပ်ငန်းများမှ ဖြန့်ဖြူးသည့် အစီအစဉ်များအတွက် ကောင်စီက သတ်မှတ်သည့် အစီအစဉ်ပိုင်းဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ ဖြစ်စေရေးကို မူရင်းရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းပြုသူများက တာဝန်ယူရမည်။ မြန်မာနိုင်ငံတွင် လိုင်စင်ပြုလုပ်ထားခြင်းမရှိသည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း အစီအစဉ်များအတွက် သတ်မှတ်ထားသည့် အစီအစဉ်ပိုင်းဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီဖြစ်စေရေး ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း အစီအစဉ် ဖြန့်ဖြူးရေးဝန်ဆောင်မှုလုပ်ငန်းများတွင် တာဝန်ရှိသည်ဟု မှတ်ယူရမည်။

(ခ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရာတွင် အသုံးပြုသည့် ရုပ်မြင်သံကြားနှင့် အသံဖမ်းယူခြင်းဆိုင်ရာ ဂြိုဟ်တုစလောင်းများ၊ ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်များ၊ ယင်းတို့နှင့် ဆက်စပ်သည့်ပစ္စည်းများသည် အဖွဲ့က သတ်မှတ်သည့် စံနှုန်းသတ်မှတ်ချက်များနှင့် ကိုက်ညီရမည်။

၆၄။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းအစီအစဉ် ဖြန့်ဖြူးရေးဝန်ဆောင်မှုလုပ်ငန်းများသည် ရုပ်သံလိုင်းထုတ်လွှင့်ရာတွင် အောက်ပါအတိုင်း လိုက်နာရမည် -

(က) ထုတ်လွှင့်သည့် ရုပ်သံလိုင်း စုစုပေါင်း၏ အနည်းဆုံး ၂၀ ရာခိုင်နှုန်းသည် ပြည်တွင်းမှ ထုတ်လုပ်သည့် ရုပ်သံလိုင်းများ ဖြစ်ရမည်၊

(ခ) ထုတ်လွှင့်သည့် အခပေး ရုပ်သံလိုင်း စုစုပေါင်း၏ အနည်းဆုံး ၂၀ ရာခိုင်နှုန်းသည် အခမဲ့ရုပ်သံလိုင်းများ ဖြစ်ရမည်။

၆၅။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းအစီအစဉ် ဖြန့်ဖြူးရေးဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် အောက်ပါတို့မှ ဝင်ငွေကိုလက်ခံနိုင်သည် -

(က) ကြည့်ရှုခပေးသွင်းငွေ၊

(ခ) ရုပ်သံလိုင်းငှားရမ်းခ၊

(ဂ) ကြော်ငြာခရငွေ၊

(ဃ) အမှတ်တရထုတ်ကုန်ပစ္စည်းများ ရောင်းချမှုမှရရှိသော အမြတ်အစွန်းများ၊

(င) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းနှင့် ဆက်စပ်သော တရားဝင် စီးပွားရေးလုပ်ငန်းများမှရရှိသည့် ဝင်ငွေများ။

၆၆။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းအစီအစဉ် ဖြန့်ဖြူးရေး ဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် နှစ်ချုပ်အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေး အစီရင်ခံစာတို့ကို ကောင်စီသို့တင်သွင်းရမည်။ ယင်းအစီရင်ခံစာ၌ ပုဒ်မ ၅၄ တွင် ဖော်ပြထားသည့် ကဏ္ဍများနှင့်စပ်လျဉ်းသည့် အချက်များပါဝင်ရမည်။

## အခန်း(၉)
## အစီအစဉ်ဆိုင်ရာ သတ်မှတ်ချက်များ

၆၇။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု ခိုင်မာစေရေးအတွက် သက်ဆိုင်ရာရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများသည် အောက်ပါသတ်မှတ်ချက်များ အတိုင်း ဆောင်ရွက်ရမည် -

(က) မြန်မာဘာသာနှင့် အခြားတိုင်းရင်းသားဘာသာတစ်ခုခုကို အသုံးပြု၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထုတ်လွှင့်သည့် ရေဒီယို အသံထုတ်လွှင့်ခြင်း လုပ်ငန်းများတွင် ထုတ်လွှင့်သော အစီအစဉ်များ၏ ၇၀ ရာခိုင်နှုန်းသည် ပြည်တွင်းတွင် ထုတ်လုပ်သည့် အစီအစဉ်များ ဖြစ်ရမည်။

(ခ) တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စီးပွားရေးအရ ထုတ်လွှင့်သည့် မူရင်းရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သည့် လိုင်းများမှ တစ်နေ့တာ ထုတ်လွှင့်သော အစီအစဉ်များ၏ အနည်းဆုံး ၃၀ ရာခိုင်နှုန်းသည် ပြည်တွင်းမှထုတ်လုပ်သော အစီအစဉ်များဖြစ်ရမည်။

(ဂ) တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စီးပွားရေးအရ ထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများသည် ထုတ်လွှင့်မှုအစီအစဉ်၏ အနည်းဆုံး ၂၀ ရာခိုင်နှုန်းကို ပြည်တွင်းမှ လွတ်လပ်သည့် အစီအစဉ်ထုတ်လုပ်သူများ၏ အစီအစဉ်များကို အသုံးပြုရမည်။ ယင်းသို့ ထုတ်လုပ်သည့် အစီအစဉ်များ၏ အနည်းဆုံး ၁၀ ရာခိုင်နှုန်းကို ကြည့်ရှုသူပရိသတ်အများဆုံးအချိန်တွင် ထုတ်လွှင့်ရမည်။

၆၈။ ကောင်စီသည် ပုဒ်မ ၆၇ ပါသတ်မှတ်ချက်နှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ရန် လုပ်ပိုင်ခွင့်ရှိပြီး ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လုပ်ငန်းတစ်ခုလုံးအတွက်ဖြစ်စေ၊ သက်ဆိုင်ရာ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းအတွက်ဖြစ်စေ လုပ်ငန်းတွင်ပါဝင် ပတ်သက်သူများနှင့် ညှိနှိုင်းဆွေးနွေးပြီးနောက် လိုအပ်ချက်နှင့်အညီ ပြင်ဆင်သတ်မှတ်ပေးနိုင်သည်။

၆၉။ (က) ကလေးသူငယ်နှင့်လူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအတွက် ရည်ရွယ်ထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံလွှင့် အစီအစဉ်များသည် ယင်းတို့၏ အခွင့်အရေးကို ကာကွယ်မြှင့်တင်ပေးသည့် အစီအစဉ်များဖြစ်ရမည်။ ကလေးသူငယ်နှင့် လူငယ်ဆိုင်ရာ အစီအစဉ်များကို သတ်မှတ်အချိန်တွင် ထုတ်လွှင့်ရမည်။ ယင်းသို့သော အထူးအစီအစဉ်များ ထုတ်လွှင့်ရာတွင် မည်သည့်ပရိသတ် အမျိုးအစားအတွက်ဖြစ်သည်ဆိုသည်ကို ဖော်ပြရမည်။

(ခ) အချို့သော အစီအစဉ်များတွင် အကြားအာရုံချို့ယွင်းသူများအတွက် လက်သင်္ကေတပြခြင်းနှင့် စာတန်းထိုးပြသခြင်းတို့ကို အသုံးပြုနိုင်သည်။

၇၀။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများသည် ရုပ်ပုံ၊ အသံ၊ ဓာတ်ပုံနှင့် မှတ်တမ်းမှတ်ရာများကို ထုတ်လွှင့်ပြီးနောက် အနည်းဆုံး ၂၈ ရက် ထိန်းသိမ်းထားရမည်။

၇၁။ သမိုင်းတန်ဖိုးကြီးမားသော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သည့် အစီအစဉ်များ၏ မှတ်တမ်းတစ်စုံကို အမျိုးသားမော်ကွန်းတိုက်နှင့် အမျိုးသားပြတိုက်သို့ ပေးပို့ရမည်။ ယင်းအစီအစဉ်များ၏ မူပိုင်ခွင့်ကို မူပိုင်ခွင့်ပိုင်ရှင်ကသာ ပိုင်ဆိုင်သည်။

၇၂။ (က) စီးပွားရေးအရထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် စီးပွားရေးဆိုင်ရာကြော်ငြာများကို နေ့စဉ်ထုတ်လွှင့်ချိန်အတွင်း တစ်နာရီလျှင် အများဆုံး ၁၂ မိနစ်နှုန်းဖြင့် ထုတ်လွှင့်နိုင်သည်။

(ခ) စီးပွားရေးအရ ထုတ်လွှင့်သည့်ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများသည် အများပြည်သူအကျိုးအတွက် အသိပေးထုတ်လွှင့်ခြင်းများကို အခကြေးငွေ မယူဘဲ လူမှုရေးရာတာဝန်ကို ပူးပေါင်းဆောင်ရွက်သည့်အနေဖြင့် ယင်းတို့၏ ထုတ်လွှင့်ချိန်မှ ငါးရာခိုင်နှုန်းကို ခွဲဝေထုတ်လွှင့်ပေးရန် တာဝန်ရှိသည်။ ထုတ်လွှင့်ပေးရမည့် အများပြည်သူအကျိုးအတွက် အသိပေးထုတ်လွှင့်ခြင်းများကို ကောင်စီက သတ်မှတ်နိုင်သည်။

၇၃။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူသည် ကြော်ငြာထည့်သွင်းရန်မှအပ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ၏ ထုတ်လွှင့်ချိန်ကို ရောင်းချခြင်း မပြုရ။

၇၄။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူသည် ပြည်တွင်းအရင်းအမြစ်များကို အသုံးပြု၍ ကြော်ငြာများ ရိုက်ကူး ထုတ်လုပ်ခြင်းကို အားပေးရမည်။

**ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းဆိုင်ရာ လိုက်နာရမည့်ကျင့်ဝတ်များ**

၇၅။ (က) ကောင်စီသည် လုပ်ငန်းဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များကို အောက်ပါအချက်များအပေါ် အခြေခံ၍ ရေးဆွဲရမည် -

(၁) ကိုယ်ကျင့်တရားနှင့် စာရိတ္တပိုင်းဆိုင်ရာတန်ဖိုးများ၊

(၂) မီဒီယာလုပ်ငန်းများက ကျယ်ပြန့်စွာ လက်ခံထားသည့် စံနှုန်းသတ်မှတ်ချက်များ။

(ခ) ယင်းလုပ်ငန်းဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များရေးဆွဲမှုလုပ်ငန်းစဉ်သည် ပွင့်လင်းမြင်သာမှုနှင့် အများပြည်သူပါဝင်နိုင်မှုရှိရမည်။

၇၆။ ကောင်စီကလုပ်ငန်းဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များကို ထုတ်ပြန်ပြီးသည့်အခါ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများနှင့် အများပြည်သူတို့သိရှိစေရန် ကျယ်ကျယ်ပြန့်ပြန့် အသိပေးရမည်။

၇၇။ လုပ်ငန်းဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များတွင် အောက်ပါအစီအစဉ်အကြောင်းအရာများနှင့် ထုတ်လုပ်မှုဆိုင်ရာစံနှုန်းများ ပါဝင်စေရမည် -

(က) သတင်းနှင့် လတ်တလောဖြစ်ရပ် အစီအစဉ်များတွင် ညီညွတ်မျှတမှု၊ ဘက်မလိုက်မှုနှင့် တိကျမှန်ကန်မှုရှိစေရန် ကြိုးစားဆောင်ရွက်မှု၊

(ခ) ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်မှု၊

(ဂ) ကြည့်ရှုသူ၏ အသက်အပိုင်းအခြားကိုလိုက်၍ ရုပ်ရှင်နှင့်အစီအစဉ်များကို အမျိုးအစားခွဲခြား သတ်မှတ်ဖော်ပြမှု၊

(ဃ) တွေ့ဆုံမေးမြန်းခန်းများတွင် သုံးနှုန်းသည့် ဝေါဟာရ၊ အပြုအမူနှင့် တည်းဖြတ်မှု၊

(င) သတင်းလျှို့ဝှက်ရယူမှုနှင့် လိမ်လည်လှည့်ဖြား၍ ရုပ်မြင်သံကြားနှင့် အသံ မှတ်တမ်းရယူမှု၊

(စ) လိင်မှုဆိုင်ရာပြကွက်များ၊ အကြမ်းဖက်မှုနှင့် လူ့ကျင့်ဝတ် ဖောက်ဖျက်မှုဆိုင်ရာဖော်ပြမှုများ၊ ကြမ်းတမ်းသော စကားလုံးများ သုံးနှုန်းမှု၊ ပရိသတ်များမှ ပေးပို့လာသော သတင်းစာသားများအား ထည့်သွင်းထုတ်လွှင့်မှုတို့နှင့်စပ်လျဉ်း၍ အများလက်ခံထားသည့် တင်ဆက်မှုပုံစံ၊ ယဉ်ကျေးသိမ်မွေ့မှုနှင့် လူမှုကျင့်ဝတ်တန်ဖိုးများနှင့်အညီ ဖော်ပြမှု၊

(ဆ) ပြစ်မှုများနှင့် လူ့ကျင့်ဝတ်ဖောက်ဖျက်မှုများအား သတင်းရယူမှု၊

(ဇ) ဖြစ်ရပ်မှန် အချက်အလက်များနှင့် ထင်မြင်ယူဆချက်များအား ခွဲခြားဖော်ပြမှု၊

(ဈ) ဘာသာရေးဆိုင်ရာများ၊ လူနည်းစုလူမျိုးစုများ၊ အမျိုးသမီးများနှင့် အမျိုးသားများ၊ အရွယ်မရောက်သေးသူလူငယ်များနှင့် အားနည်းချက်ရှိသော အုပ်စုများအပေါ် ဆက်ဆံမှု၊

(ည) လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ၊

(ဋ) ပုဂ္ဂလိကလွတ်လပ်ခွင့်ကို လေးစားမှု၊

(ဌ) လျှပ်တစ်ပြက်ရိုက်ကူးမှုပုံရိပ်နှင့် အသံများ၊

(ဍ) ကြော်ငြာထုတ်လွှင့်ရာတွင် ပါဝင်ရမည့် အမှန်တရား။

၇၈။ (က) ပုဒ်မ ၇၇ ပါလုပ်ငန်းဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များအား ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများက အပြည့်အဝလိုက်နာ အကောင်အထည်ဖော်မှု ရှိ၊ မရှိကို ကောင်စီက စောင့်ကြည့်စစ်ဆေးရန် တာဝန်ရှိသည်။

(ခ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ၊ ယင်းလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသူများက လုပ်ငန်းဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်း တိုင်ကြားချက်များကို လက်ခံ၍ အရေးယူဆောင်ရွက်ပေးရန် ကောင်စီတွင်တာဝန်ရှိသည်။ အဆိုပါ တိုင်ကြားမှုများကို ကောင်စီအနေဖြင့် မှန်မှန်ကန်ကန် မျှမျှတတ ဆုံးဖြတ်ပေးရမည်။

၇၉။ ပုဒ်မ ၇၈၊ ပုဒ်မခွဲ (ခ) ပါပြဋ္ဌာန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ကောင်စီသည် တိုင်ကြားလွှာများကို စုံစမ်းစစ်ဆေးခြင်းနှင့် ဖြေရှင်းခြင်းလုပ်ငန်းစဉ်များကို ရေးဆွဲထားရမည်။ အဆိုပါလုပ်ငန်းစဉ်တွင် တိုင်ကြားခြင်းခံရသည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းများက ပြန်လည်ဖြေရှင်းခွင့်နှင့် မေးမြန်းပိုင်ခွင့်များကို တိတိကျကျ ပေးအပ်ထားရမည်။

၈၀။ သင့်လျော်သည့် စုံစမ်းစစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းများ ပြုလုပ်ပြီးနောက် ကောင်စီသည် တိုင်ကြားလွှာအပေါ်တွင် သုံးသပ်ဆုံးဖြတ်မည်ဖြစ်ပြီး ယင်းဆုံးဖြတ်ချက်ကို သက်ဆိုင်ရာ တိုင်ကြားသူနှင့် တိုင်ကြားခံရသူသို့ ပေးပို့ရမည်။

၈၁။ တိုင်ကြားချက်ကို ပုဒ်မ ၇၈၊ ပုဒ်မခွဲ (ခ) အရ ဆောင်ရွက်ရာတွင် မှန်ကန်ကြောင်း တွေ့ရှိရလျှင် ကောင်စီသည် အောက်ပါနည်းလမ်းများဖြင့် လိုအပ်သလို အရေးယူဆောင်ရွက်နိုင်သည် -

(က) သတိပေးစာ ထုတ်ပြန်ခြင်း၊

(ခ) မှားယွင်းမှုကို ပြန်လည်ပြင်ဆင်ထုတ်ပြန်စေခြင်း၊

(ဂ) တုံ့ပြန်ဖြေရှင်းခွင့် ထည့်သွင်းစေခြင်း၊

(ဃ) ကောင်စီ၏ ဆုံးဖြတ်ချက်ကို အများပြည်သူသို့ အသိပေးကြေညာစေခြင်း။

၈၂။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များနှင့်စပ်လျဉ်းသည့် ကောင်စီ၏ဆုံးဖြတ်ချက်များကို ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်းများအားလုံးက လိုက်နာရမည်။

၈၃။ တိုင်ကြားသူတစ်ဦးသည် ကောင်စီသို့ တိုင်ကြားနိုင်သည့်အပြင် ဥပဒေကြောင်းအရလည်း တရားရုံးသို့ တိုက်ရိုက်လျှောက်ထားနိုင်သည်။

**မှားယွင်းထုတ်လွှင့်မှုအတွက် ပြင်ဆင်ချက် ထည့်သွင်းခြင်း**

၈၄။ (က) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှု လုပ်ငန်းတစ်ခုသည် မှားယွင်းထုတ်လွှင့်မှုကို သိလျှင်သိချင်း သို့မဟုတ် မှားယွင်းမှုများကို ထောက်ပြလာ၍ နစ်နာမှု တစ်စုံတစ်ရာရှိကြောင်း အမှန်တကယ် သိလျှင်သိချင်း အဆိုပါအမှားများအပေါ် ပြင်ဆင်ချက်ကို ထည့်သွင်းထုတ်လွှင့်ပေးရန် တာဝန်ရှိသည်။

(ခ) မှားယွင်းသည့် ထုတ်လွှင့်ချက်ကို မှားယွင်းကြောင်း သိရှိပြီးနောက် ၂၄ နာရီအတွင်း သို့မဟုတ် အစောဆုံးပြင်ဆင်ပေးနိုင်သည့် အချိန်တွင် အမှားပြင်ဆင်ချက်ကို ထည့်သွင်းရမည်။ ထိုသို့ ပြင်ဆင်ထုတ်လွှင့်ရာတွင် မူလထုတ်လွှင့်ခဲ့သည့် အစီအစဉ်နှင့် အနီးဆုံးအချိန်တွင် ထည့်သွင်းထုတ်လွှင့်ရမည်။

(ဂ) အမှားကိုရှင်းလင်း၍ အမှန်ဖြစ်အောင်ပြင်ဆင်ခြင်းဖြင့် အဆိုပါ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းကို နစ်နာသူများက ယင်း၏ နစ်နာမှုအတွက် သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုနိုင်သည့် ဥပဒေကြောင်းဆိုင်ရာ အရေးယူဆောင်ရွက်မှုများမှ ကင်းလွတ်သည်ဟု မမှတ်ယူရ။

**တုံ့ပြန်ဖြေရှင်းခွင့်**

၈၅။ (က) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ၏ ထုတ်လွှင့်ချက်တွင် အချက်အလက်မှားယွင်းမှုကြောင့် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်၏ ဥပဒေအရ ရပိုင်ခွင့်များအား ချိုးဖောက်ခံရကြောင်းတွေ့ရှိခဲ့ပါက ကာယကံရှင်၏ တုံ့ပြန်ဖြေရှင်းချက်ကို အများပြည်သူသို့ ထုတ်ပြန်ပေးရန်တာဝန်ရှိသည်။

(ခ) ထိုသို့ တုံ့ပြန်ဖြေရှင်းချက် ထည့်သွင်းဖော်ပြမှုသည် အချက်အလက်ပိုင်းဆိုင်ရာ မှားယွင်းမှုများနှင့်သာသက်ဆိုင်ပြီး အယူအဆအမြင်သဘောထားများနှင့်သက်ဆိုင်ခြင်း မရှိစေရ။ ထို့အပြင် ယင်းတုံ့ပြန်ဖြေရှင်းချက်သည် ကန့်ကွက်သည့်အကြောင်းအရာနှင့်သာ သက်ဆိုင်စေရမည်။

(ဂ) တုံ့ပြန်ဖြေရှင်းချက်ကို ၂၄ နာရီအတွင်း သို့မဟုတ် အစောဆုံးဖြစ်နိုင်သည့်အချိန်တွင် ထုတ်လွှင့်ပေးရမည်။ ထိုသို့ ဖော်ပြရာတွင် မူလထုတ်လွှင့်ခဲ့သည့် အစီအစဉ်နှင့် အနီးဆုံးအချိန်တွင် ထည့်သွင်းထုတ်လွှင့်ရမည်။

၈၆။ တုံ့ပြန်ဖြေရှင်းချက်ကို ထုတ်လွှင့်ပေးရန် ငြင်းပယ်ခံရသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ကောင်စီသို့ တိုင်ကြားနိုင်သည်။

## အခန်း (၁၀)
## စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူမှုများ

၈၇။ ကောင်စီကချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ လိုင်စင်ဆိုင်ရာ စည်းကမ်းချက်များနှင့် ဤဥပဒေပါပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကြောင်း တွေ့ရှိရသည့် မည်သည့်ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းကိုမဆို ကောင်စီက စီမံခန့်ခွဲမှုဆိုင်ရာ အရေးယူမှုများဆောင်ရွက်နိုင်သည်။

၈၈။ ကျူးလွန်မှု သို့မဟုတ် ချိုးဖောက်မှု အတိုင်းအတာနှင့် အကြိမ်အရေအတွက်ပေါ်မူတည်၍ ကောင်စီသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အရေးယူမှုများဆောင်ရွက်နိုင်သည် -

(က) သတိပေးစာထုတ်ပြန်ခြင်း၊

စာမျက်နှာ ၅ သို့

